Chubb Life Insurance Myanmar Limited
18F Myanmar Centre Tower 2,
192 Kabar Aye Pagoda Rd, Bahan Tsp,
Yangon, Myanmar.

Office : +959 7500 66 908
Fax : +951 934 588
Hot Line : +959 7500 66 900
http://life.chubb.com/mm

# Universal Life အသက်အာမခံအစီအစဉ်၏ စည်းမျဉ်းစည်းကမ်းများ

## (ထာဝရသုခအသက်အာမခံ)

## အခန်း - ၁ အထွေအထွေ သတ်မှတ်ပြဋ္ဌာန်းချက်များ

### အပိုဒ် - ၁ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် ရှင်းလင်းချက်များ

နောက်ဆက်တွဲများနှင့်လုပ်ငန်းစဉ်များအပါအဝင် ဤစည်းမျဉ်းစည်းကမ်းတွင် အခြားဆက်စပ်စဉ်းစားရမည့် အကြောင်းအရာများမရှိလျှင် အောက်ဖော်ပြပါဝေါဟာရများသည်အောက်ပါ ဆိုလိုရင်းအဓိပ္ပာယ်ဖွင့်ဆိုချက် အတိုင်းသက်ရောက်စေရမည်။

၁.၁ "**မတော်တဆမှု**" ဆိုသည်မှာ ပြင်ပမှအရာဝတ္ထုတစ်ခု သို့မဟုတ် အင်အားတစ်ခုသည် မမျှော်လင့်ထားသောနည်းလမ်းဖြင့် အသက်အာမခံထားသူ၏ခန္ဓာကိုယ်အား တိုက်ရိုက်အားဖြင့် ထိခိုက်ခြင်းကြောင့် အသက်အန္တရာယ်ဆုံးရှုံးစေနိုင်လျှင်သော်လည်းကောင်း သို့မဟုတ် ပြန်လည်ကောင်းမွန်လာနိုင်ခြင်းမရှိတော့ဘဲ လုံးဝထာဝစဉ် မသန်မစွမ်းဖြစ်စေခြင်းသော်လည်းကောင်း ဖြစ်စေသည့် အဖြစ်အပျက်တစ်ခု သို့မဟုတ် ဆက်တိုက်ဖြစ်သော အဖြစ်အပျက်များကိုဆိုလိုသည်။ အဆိုပါ အဖြစ်အပျက်တစ်ခု သို့မဟုတ် ဆက်တိုက်ဖြစ်သော အဖြစ်အပျက်များသည် အသက်အာမခံထားသူ၏ အခြားသောဒဏ်ရာရရှိမှု၊ အသက်သေဆုံးမှုများနှင့်မပတ်သက်ဘဲ မတော်တဆမှုစဖြစ်သည့်ရက်မှ ရက်ပေါင်း (၁၈၀) အတွင်း တိုက်ရိုက်မြင်သာသည့်အဖြစ်အပျက်မျိုးဖြစ်နေရမည်။ ဤနေရာတွင် ရောဂါတစ်မျိုးမျိုးကြောင့်၊ ဘက်တီးရီးယား သို့မဟုတ် ကူးစက်ရောဂါများကြောင့်ဖြစ်သော နာမကျန်းမှုကြောင့် အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ ပြုလုပ်သော တောင်းဆိုမှုများသည် သက်ဆိုင်ခြင်းမရှိပါ။

၁.၂ "**အမှန်တကယ်ပေးချေသော ငွေပမာဏ**" ဆိုသည်မှာ ပေါ်လစီပိုင်ရှင်မှ အာမခံပေါ်လစီအတွက် ပေးချေသောငွေပမာဏဖြစ်ပြီး Chubb Life မှ ထုတ်ပေးမည့် ထပ်ဆင့်တိုးစေသည့်အခွန် (ရှိလျှင်) အပေါ်ပေးချေထားသည့်ငွေတောင်းခံလွှာ (VAT invoice) လည်းပါဝင်သည်။

၁.၃ “**ခွဲဝေထည့်ထားသောပရီမီယံ**” ဆိုသည်မှာ အမှန်တကယ်ပေးချေသောငွေပမာဏနှင့် ကနဦး အခကြေးငွေအကြား ကွာခြားမှုကိုဆိုလိုပြီး အတိုးများရရန်နှင့် ပေါ်လစီအကောင့်တန်ဖိုးမြင့်လာရန် ပေါ်လစီအကောင့်ထဲသို့ ခွဲဝေထည့်လိုက်သည့် ပရီမီယံကိုဆိုလိုသည်။

၁.၄ “**မေ့ဆေးပေးခြင်းနှင့်ခွဲစိတ်ခန်း**”ဆိုသည်မှာ ခွဲစိတ်ဆရာဝန်များနှင့် မေ့ဆေးဆရာဝန်များက သင့်လျော်ပြီးလိုအပ်သော ဆေးဝါးကိရိယာများဖြင့် ခွဲစိတ်မှုပြုလုပ်သော ဌာန၊ ဌာနခွဲ သို့မဟုတ် ဆေးရုံဌာနစိတ်တစ်ခုကို ဆိုလိုသည်။

၁.၅ “**လွှဲပြောင်းခြင်းခံရသူ**” ဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး အာမခံပေါ်လစီ၏ စည်းမျဉ်းစည်းကမ်း၊ ပြဌာန်းချက်များနှင့်အညီ ပေါ်လစီပိုင်ရှင်မှ အာမခံပေါ်လစီတစ်ခုလုံးအား လွှဲပြောင်းပေးအပ်ခြင်းခံရသူဖြစ်ပြီး ထိုသို့လွှဲပြောင်းပေးအပ်ခံရချိန်တွင် ဥပဒေအရ လုပ်ဆောင်ခွင့်ရှိသူကို ဆိုလိုသည်။

လွှဲပြောင်းခြင်းခံရသူသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဖြစ်ပါက လွှဲပြောင်းရန် အဆိုပြုလွှာ တင်သွင်းချိန်တွင် အသက် ၁၈ နှစ်နှင့်အထက် ရှိရမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်း နေထိုင်သူဖြစ်ကာ ဥပဒေအရတရားစွဲဆိုဆောင်ရွက်နိုင်ခွင့် (Civil Acts) ရှိသူဖြစ်ရမည်။

လွှဲပြောင်းခြင်းခံရသူသည် အဖွဲ့အစည်းတစ်ခုဖြစ်ပါက မြန်မာနိုင်ငံတွင်တရားဝင် လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်နေသော အဖွဲ့အစည်းဖြစ်ရမည်။

၁.၆ “**အခြေခံအကျိုးခံစားခွင့်**” ဆိုသည်မှာ အာမခံပေါ်လစီ၏ အဓိကဆုံးရှုံးမှုအပေါ်တွင် ရရှိနိုင်သည့် အခြေခံအကျိုးခံစားခွင့်များဖြစ်ပါသည်။ ဆိုလိုသည်မှာ အသက်အာမခံထားသူ၏ သေဆုံးမှုကို အတည်ပြုသောအခါ Chubb Life မှ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သတ်မှတ်ထားသော အာမခံငွေပမာဏကို ပေးချေခြင်းဖြစ်သည်။

၁.၇ “**အာမခံအကျိုးခံစားခွင့်ရှိသူ**” ဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်း တစ်ခုဖြစ်ပြီး ပေါ်လစီပိုင်ရှင်မှ အာမခံပေါ်လစီအရ အာမခံအကျိုးခံစားခွင့်အား လက်ခံရရှိရန် သတ်မှတ်ထားသူကို ဆိုလိုသည်။

၁.၈ “**ပြန်အမ်းငွေတန်ဖိုး**” ဆိုသည်မှာ ပေါ်လစီပိုင်ရှင်မှ အာမခံပေါ်လစီအသက်ဝင်နေသောကာလအတွင်း အာမခံပေါ်လစီရပ်စဲရန်တောင်းဆိုမှုအပေါ်တွင် ရထိုက်သောပမာဏကို ဆိုလိုသည်။ ပြန်အမ်းငွေတန်ဖိုးသည် ပေါ်လစီအကောင့်တန်ဖိုးထဲမှ ပေါ်လစီရပ်စဲခြင်းအတွက် ကျသင့်သည့် ဝန်ဆောင်ခ၊ ပြန်အမ်းငွေတန်ဖိုးမှ ပေါ်လစီချေးငွေနှင့် ပေါ်လစီချေးငွေအတွက် ဝန်ဆောင်ခ (ရှိလျှင်) ကို နုတ်ထားသည့်ပမာဏဖြစ်သည်။

၁.၉ "**Chubb Life or The Company''** ဆိုသည်မှာ "Chubb အသက်အာမခံမြန်မာ ကုမ္ပဏီလီမိတက်" ဖြစ်ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန၏ ၂၀၁၉ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့စွဲဖြင့်ထုတ်ပြန်ထားသော တည်ထောင်ခွင့်နှင့်လုပ်ကိုင်ခွင့်လုပ်ငန်းလိုင်စင် အမှတ် FL - ၀၀၂ အရ လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်နေသည့် ကုမ္ပဏီကိုဆိုလိုသည်။

၁.၁၀ "**ဆေးပညာရှုထောင့်အရလိုအပ်မှု နှင့် ကျိုးကြောင်းဆီလျော်မှု**" ဆိုသည်မှာ အောက်ပါအချက်များနှင့် ကိုက်ညီပြီး ရောဂါ သို့မဟုတ် ထိခိုက်ဒဏ်ရာတစ်စုံတစ်ရာအတွက် ဆေးရုံတွင် တစ်ရက်အပြည့် တက်ရောက်ကုသခြင်းကို ဆိုလိုသည်။

(က) ရောဂါ(သို့)ဒဏ်ရာ၏ ရောဂါရှာဖွေတွေ့ရှိမှု၊ လက္ခဏာများနှင့်အညီ ကုသမှု ပြု လုပ်ခြင်း

(ခ) ရောဂါ(သို့)ဒဏ်ရာအား ကုသရန်အချိန်နှင့်နည်းစနစ်များသည် ဆေးကုသချိန်တွင် အသုံးပြုသော ဆေးဘက်ဆိုင်ရာ အလေ့အကျင့်များနှင့် အညီ လိုအပ်ပြီး ကျိုးကြောင်း ဆီလျော် ရမည်။

(ဂ) ရောဂါ(သို့)ဒဏ်ရာအား ကုသသည့်အချိန်နှင့် နည်းစနစ်များသည် စမ်းသပ်ကုသမှုမဟုတ်သော လက်တွေ့သုတေသနပြုလုပ်ဆဲ(သို့မဟုတ်) စမ်းသပ်ဆဲ အဆင့်ထက် ကျော်လွန်သော အခြေအနေရှိ ကုသမှုဖြစ်ရမည်။ အတွင်းလူနာအဖြစ်ခံယူခြင်းနှင့် ဆေးရုံတွင် ရက်ပြည့်တက်ရောက်ရခြင်းတို့၏ အဓိပ္ပါယ်သည် တူညီခြင်းမရှိစေရ။

၁.၁၁ "**ပြင်းထန်ရောဂါ**" ဆိုသည်မှာ အာမခံပေါ်လစီအသက်ဝင်နေသောကာလအတွင်း အပိုဒ်ခွဲ ၁.၄၈ တွင် ဖော်ပြထားသည့် စောင့်ဆိုင်းကာလပြီးနောက် အသက်အာမခံထားရှိသူမှ ခံစားခွင့်ရရှိနိုင်မည့် နောက်ဆက်တွဲ ၁ တွင်ဖော်ပြထားသော ဤစည်းမျဉ်းစည်းကမ်း၏ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ အကျုံးမဝင်ဟု ဖယ်ထုတ်ထားခြင်းမရှိသော လူခန္ဓာကိုယ်တွင်ဖြစ်ပေါ်သည့် ရောဂါ၊ ဖျားနာမှု သို့မဟုတ် နာမကျန်းမှုတို့ကိုဆိုလိုသည်။ ပြင်းထန်ရောဂါဟုဆိုရာတွင် သာမာန်လူပုဂ္ဂိုလ်တစ်ယောက်သည် ဆရာဝန်နှင့်ပြသ၊ ရောဂါရှာဖွေရပြီး ကုသမှုခံယူရန်ဖြစ်လာစေသော သို့မဟုတ် ဆရာဝန်မှ ရောဂါရှာဖွေပြီး ကုသမှုပေးထိုက်သော လက္ခဏာများဖြစ်ပေါ်လာသည့် ဖြစ်စဉ်တစ်ခုခုဟု မှတ်ယူနိုင်သည်။

၁.၁၂ "**ရောဂါ**" ဆိုသည်မှာ တရားဝင်အာမခံပေါ်လစီအရ အပိုဒ်ခွဲ ၁.၄၈ တွင်ဖော်ပြထားသည့် စောင့်ဆိုင်းကာလပြီးနောက် ဤစည်းမျဉ်းစည်းကမ်း၏ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ အကျုံးမဝင်ဟု ဖယ်ထုတ်ထားခြင်းမရှိသော အသက်အာမခံရယူထားရှိသူ၏ ခန္ဓာကိုယ်အတွင်းတွင်ဖြစ်ပွားသော နာဖျားမှု သို့မဟုတ် နာမကျန်းမှုကိုဆိုလိုသည်။ ဆရာဝန်နှင့်ပြသ၊ ရောဂါရှာဖွေရပြီး

ကုသမှုခံယူရန်ဖြစ်လာစေသော သို့မဟုတ် ဆရာဝန်မှ ရောဂါရှာဖွေပြီး ကုသမှုပေးထိုက်သော လက္ခဏာများ ဖြစ်ပေါ်လာသောအခါ ရောဂါဖြစ်ပွားနေသည်ဟုမှတ်ယူမည်ဖြစ်သည်။

၁.၁၃ "**ဆရာဝန်**" ဆိုသည်မှာ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအရ အထွေထွေဆေးကုသခွင့်ရှိသော ဆေးပညာဆရာဝန်ဖြစ်ပြီး ဆေးရုံတွင်တာဝန်ထမ်းဆောင်နေပါက ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများ၊ ဆေးဝါးကုသမှုနှင့် ခွဲစိတ်ကုသမှုများလုပ်ဆောင်နိုင်သော လိုင်စင်ရရှိသူကို ဆိုလိုသည်။

၁.၁၄ "**အပိုပရီမီယံ**" ဆိုသည်မှာ ပေါ်လစီနှစ်တစ်နှစ်အတွင်း ပေးသွင်းရမည့်ပရီမီယံပမာဏထက် ပိုပေးသော ပမာဏကိုဆိုလိုသည်။ စုစုပေါင်း အပိုပရီမီယံသည် ပေါ်လစီ၏တစ်နှစ်စာအတွက်ပေးသွင်းရမည့် ပရီမီယံပမာဏထက် ငါးဆကျော်လွန်၍ ပေးသွင်းခြင်းမပြုနိုင်ပါ။ ပေးထားသည့်အပိုပရီမီယံသည် အပိုအကောင့် (Excess Account)ထဲသို့ ထည့်သွင်းသွားမည်ဖြစ်သည်။

၁.၁၅ "**အာမခံတန်ဖိုး**" ဆိုသည်မှာ Chubb Life မှ အတည်ပြုသော အခြေခံအာမခံအကျိုးခံစားခွင့်၏ အာမခံငွေပမာဏ သို့မဟုတ် နောက်ဆက်တွဲ အာမခံ အကျိုးခံစားခွင့်အား တွက်ချက်သောတန်ဖိုးဖြစ်ပြီး အာမခံပေါ်လစီ၏အသေးစိတ်စာမျက်နှာ သို့မဟုတ် နောက်ဆက်တွဲအာမခံအကျိုးခံစားခွင့် လက်မှတ်တွင် ဖော်ပြထားသည့် တန်ဖိုးကို ဆိုလိုသည်။ အာမခံတန်ဖိုးသည် အာမခံပေါ်လစီတွင် ဖော်ပြထားသည့်အတိုင်း ညှိနှိုင်းနိုင်၊ ပြောင်းလဲနိုင်ပြီး အာမခံတန်ဖိုးပြင်ဆင်ချက်လက်မှတ်တွင် သတ်မှတ်ဖော်ပြထားပါသည်။

၁.၁၆ "**အဖေ"၊ "အမေ" သို့မဟုတ် "မိဘ**" ဆိုသည်မှာ ဒုတိယ အသက်အာမခံထားသူ သို့မဟုတ် အာမခံပေါ်လစီအသေးစိတ်စာမျက်နှာသို့မဟုတ် နောက်ဆက်တွဲအာမခံအကျိုးခံစားခွင့်လက်မှတ်တွင် ဖော်ပြထားသည့် ပေါ်လစီပိုင်ရှင်ဖြစ်ကာ နောက်ဆက်တွဲအာမခံအကျိုးခံစားခွင့် အကျိုးသက်ရောက်သောနေ့တွင် အသက် (၁၈) မှ (၆၀) အတွင်းရှိပြီး အခြေခံအကျိုးခံစားခွင့်တွင် အသက်အာမခံထားသူ၏ အသက်ထက်အနည်းဆုံး နှစ် (၂၀) ကြီးသူကို ဆိုလိုသည်။ နောက်ဆက်တွဲအာမခံအကျိုးခံစားခွင့် အကျိုးသက်ရောက်သောနေ့တွင် မိဘများသည် တရားဝင်အကြင်လင်မယားဖြစ်ရမည်ဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး အသက်ကွာဟချက်သည် (၁၅) နှစ်သာ အများဆုံးကွာခြားရမည်ဖြစ်သည်။ အခြေခံအကျိုးခံစားခွင့်တွင် အသက်အာမခံထားသူသည် ၎င်းတို့၏ သား၊သမီးအရင်း သို့မဟုတ် မွေးစားသား၊သမီးဖြစ်ရမည်ဖြစ်ပြီး အသက် ၅ နှစ်မှ ၁၇ နှစ်အတွင်းရှိရမည်ဖြစ်သည်။

၁.၁၇ "**ဘဏ္ဍာရေးနှစ်**" ဆိုသည်မှာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော ဘဏ္ဍာရေးနှစ်အတိုင်းဖြစ်ပါသည်။

၁.၁၈ "**ဆေးရုံတွင်တစ်ရက်အပြည့်တက်ရောက်ကုသခြင်း**" ဆိုသည်မှာ အသက်အာမခံထားသူသည် ဆေးရုံတွင် အတွင်းလူနာအဖြစ်တစ်ရက်တာ ညအိပ်တက်ရောက်ခြင်းဖြစ်ပြီး ဆေးရုံ၏မူဝါဒအရ ဆေးရုံတက် ရောက်ခနှင့် အခန်းခတစ်ရက်စာအား ကောက်ခံခြင်းခံရသောအခါကိုဆိုလိုသည်။

၁.၁၉ "**အုပ်ထိန်းသူ**" ဆိုသည်မှာ ဒုတိယ အသက်အာမခံထားသူ (သို့မဟုတ်) ပေါ်လစီပိုင်ရှင်ဖြစ်ပြီး အာမခံပေါ်လစီအသေးစိတ်စာမျက်နှာ သို့မဟုတ် နောက်ဆက်တွဲအာမခံအကျိုးခံစားခွင့်လက်မှတ်ဖော်ပြထားကာ နောက်ဆက်တွဲအာမခံအကျိုး ခံစားခွင့်အကျိုးသက်ရောက်သောနေ့တွင် အသက် ၁၈ မှ ၆၀ အတွင်းရှိရမည်ဖြစ်ပြီး အသက်အာမခံရရှိသောပုဂ္ဂိုလ်နှင့်အုပ်ထိန်းသူ၏ အသက်ကွာခြားမှုမှာ အနှစ် ၂၀ ကျော်ရမည် ဖြစ်သည်။

အုပ်ထိန်းသူသည် အသက်အာမခံရယူထားသူ၏ မိဘအရင်း သို့မဟုတ် တရားဝင် အုပ်ထိန်းခွင့်ရသူဖြစ်ပြီး အသက်အာမခံရယူ၏အသက်သည် နောက်ဆက်တွဲအာမခံအကျိုးခံစားခွင့် အကျိုးသက်ရောက်သောနေ့တွင် အသက် ၅ နှစ်မှ ၁၂ နှစ်အတွင်း ရှိရမည်ဖြစ်သည်။

၁.၂၀ "**ဆေးရုံ**" ဆိုသည်မှာ မြန်မာနိုင်ငံတွင် တရားဝင်ဖွင့်လှစ်ထားသော မတော်တဆမှု သို့မဟုတ် နာမကျန်းဖြစ်လာသူများကို ဆေးကုသမှုပေးသည့် ဆေးဘက်ဆိုင်ရာအဆောက်အအုံဖြစ်သည်။ အာမခံပေါ်လစီ၏ အာမခံခြင်းဆိုင်ရာရည်ရွယ်ချက်များအတွက် ဆေးရုံဆိုသည်မှာ အောက်ပါအချက်များနှင့် ကိုက်ညီနေရမည်ဖြစ်သည်။

(က) လူနာများကို ကုသရန်အတွက် သက်ဆိုင်ရာအာဏာပိုင်များမှ ပေးအပ်ထားသော ဆေးရုံဖွင့်ခွင့်လိုင်စင်ကိုင်ဆောင်ထားသူဖြစ်ခြင်း။(ခ) သူနာပြုများ (၂၄) နာရီတာဝန် ထမ်းဆောင်နေပြီး အနည်းဆုံးဆရာဝန်တစ်ယောက် ပုံမှန်ရှိနေခြင်း။

၁.၂၁ "**အတွင်းလူနာ**" ဆိုသည်မှာ ရောဂါသို့မဟုတ် ထိခိုက်ဒဏ်ရာအားကုသရန် အထူးကြပ်မတ်ကုသဆောင်တွင် တက်ရောက်ရန်အတွက် သို့မဟုတ် ဆေးပညာရှုထောင့်အရလိုအပ်မှုကြောင့် မေ့ဆေးနှင့် ခွဲစိတ်ခန်းတွင် ကုသမှုခံယူရန်စသည်တို့အတွက် တစ်ရက်အပြည့်ဆေးရုံတက်ရောက်ခွင့်လုပ်ရိုးလုပ်စဉ်ကို ပြုလုပ်ပြီးသည့် အသက်အာမခံထားသူကိုဆိုလိုသည်။ အထက်ဖော်ပြပါ ဒဏ်ရာသို့မဟုတ် ရောဂါမှာ ရှိရင်းစွဲကျန်းမာရေးအခြေအနေမဟုတ်ဘဲ ယခုစည်းမျဉ်းစည်းကမ်းများထဲရှိ ပိုဒ်ခွဲ ၁.၄၈ တွင်ဖော်ပြထားသည့် စောင့်ဆိုင်းကာလပြီးနောက်တွင် ဖြစ်ပေါ်သော ရောဂါ သို့မဟုတ် ဒဏ်ရာဖြစ်ရမည်။

၁.၂၂ “**ကနဦးအခကြေးငွေ**” ဆိုသည်မှာ ပေါ်လစီအကောင့်တန်ဖိုးထဲသို့ မလွှဲပြောင်းမီ အမှန်တကယ်ပေးချေသောငွေပမာဏထဲမှ နုတ်ယူလိုက်သောပမာဏကိုဆိုလိုသည်။

၁.၂၃ “**ထိခိုက်ဒဏ်ရာ**” ဆိုသည်မှာ အာမခံပေါ်လစီအသက်ဝင်နေသော ကာလအတွင်း ဤစည်းမျဉ်းစည်းကမ်း၏ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ အကျုံးမဝင်ဟု ဖယ်ထုတ်ထားခြင်းမရှိသော အသက်အာမခံထားသူ၏ ခန္ဓာကိုယ်အား ပုံစံအမျိုးမျိုးဖြင့်ထိခိုက်ခြင်း နှင့် မတူညီသောပြင်းထန်မှုကြောင့် ရရှိသောဒဏ်ရာကို ဆိုလိုသည်။

၁.၂၄ “**အာမခံ စာချုပ်/ပေါ်လစီ**” ဆိုသည်မှာ အာမခံပေါ်လစီတွင် Chubb Life နှင့် ပေါ်လစီပိုင်ရှင်တို့မှ စည်းမျဉ်းစည်းကမ်းချက်များ၏ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာလုပ်ဆောင်မည်ဟု ကတိကဝတ်ပြုထားသည့် Chubb life နှင့် ပေါ်လစီပိုင်ရှင်တို့ နှစ်ဦးနှစ်ဖက်ကြားချုပ်ဆိုထားသော စာဖြင့်သဘောတူညီချက်ကို ဆိုလိုသည်။ အာမခံပေါ်လစီတွင် အာမခံအဆိုပြုလွှာ၊ အာမခံပေါ်လစီစာချုပ်နှင့် အသေးစိတ် အချက်အလက်များ ပါဝင်သည့် စာမျက်နှာ၊ စည်းကမ်း နှင့် သတ်မှတ်ချက်များ၊ နောက်ဆက်တွဲ သဘောတူညီမှုများနှင့် ပေါ်လစီပိုင်ရှင်နှင့် Chubb Lifeတို့မှ အခြားသဘောတူညီချက်များ ပါဝင်သည်။

၁.၂၅ “**အသက်အာမခံထားသူ၏အသက်**” ဆိုသည်မှာ အာမခံပေါ်လစီစတင်အသက်ဝင်သောနေ့တွင် အသက်အာမခံထားသူ၏နောက်မွေးနေ့တွင်ရောက်ရှိမည့်အသက်ကိုဆိုလိုသည်။အသက်အာမခံထားသူ၏ အသက်ကို ဤစည်းမျဉ်းစည်းကမ်းချက်များတွင်ပါရှိသော ပရီမီယံအားတွက်ချက်ခြင်းတွင်လည်းကောင်း အာမခံအကျိုးခံစားခွင့်များနှင့် အာမခံပေါ်လစီ၏ စည်းမျဉ်းစည်းကမ်းများတွင်လည်းကောင်း အသုံးပြုမည်ဖြစ်သည်။

၁.၂၆ “**အာမခံထားသောဖြစ်ရပ်**” ဆိုသည်မှာ ဤစည်းမျဉ်းစည်းကမ်းတွင် သတ်မှတ်ထားသည့်အကြောင်းအချက်အလက်များပေါ်ပေါက်ခြင်းကြောင့် Chubb Life မှ သတ်မှတ်ထားသောအကျိုးခံစားခွင့်ရှိသူအား အာမခံငွေပမာဏပေးအပ်ရမည့် အဆိုပါအကြောင်းအချက်အလက်များကို ဆိုလိုသည်။

၁.၂၇ “**အထူးကြပ်မတ်ကုသဆောင်” သို့မဟုတ် “ICU**” ဆိုသည်မှာ ဆေးရုံတွင် လူ့ခန္ဓာကိုယ်ရှင်သန်မှုအတွက် လုပ်ငန်းဆောင်တာများ ပြန်လည်ကောင်းမွန်လာစေရန် စောင့်ကြည့်ခြင်းနှင့် အထူးကြပ်မတ်ကုသခြင်းပြုလုပ်ရန် (သို့) ကုသပေးနေသော ဆရာဝန်၏လိုအပ်ချက်အရ လူ့ခန္ဓာကိုယ်ရှင်သန်မှု လုပ်ငန်းဆောင်တာများအား ဆိုးရွားစွာထိခိုက်နိုင်သည့် အန္တရာယ်ရှိနေ၍ အထူးကြပ်မတ်စောင့်ကြည့်ရန်နှင့် စောင့်ရှောက်ရန်လိုအပ်သော အတွင်းလူနာများအား

ထားရှိရန်အတွက် သတ်မှတ်ထားသော ဌာနဖြစ်ပါသည်။ အထူးကြပ်မတ်စောင့်ရှောက်မှုဌာနသည် လိုအပ်သော ဆေးဘက်ဆိုင်ရာပစ္စည်းများ၊ ဆေးဝါး၊ ပစ္စည်းကိရိယာများနှင့် အရေးပေါ်အခြေအနေများတွင် အချိန်မှီကုသမှုများပြုလုပ်နိုင်ရန် ဆေးကုသမှု စံချိန်စံနှုန်းများနှင့်ညီသော အရေးပေါ်သက်ကယ်ရန် အထောက်အကူပြုပစ္စည်းများနှင့် ပြည့်စုံရမည်။ ဆေးရုံ၏ အရေးပေါ်ဌာန၊ ခွဲစိတ်ပြီးလူနာ စောင့်ရှောက်မှုဌာန (သို့) အခြားပုံသဏ္ဍာန်တူ စောင့်ရှောက်မှုများသည် ယခုပေါ်လစီစာချုပ်စည်းမျဉ်းစည်းကမ်းများပါ လိုအပ်ချက်များ၊ အချက်အလက်များနှင့် ပြည့်စုံခြင်းမရှိပါက အထူးကြပ်မတ်စောင့်ရှောက်မှုဌာနဟု သတ်မှတ်ခြင်းမရှိစေရ။

၁.၂၈ "**ရင်းနှီးမြှုပ်နှံမှုအကျိုးခံစားခွင့်**" ဆိုသည်မှာ ဤစည်းမျဉ်းစည်းကမ်းချက်များအတိုင်း သတ်မှတ်ထားသော ရင်းနှီးမြှုပ်နှံမှုနှုန်းထားတစ်ခုအားဖြင့် Universal Life အာမခံရန်ပုံငွေ၏ ရင်းနှီးမြှုပ်နှံမှု ရလဒ်မှ ပေါ်လစီပိုင်ရှင်ခံစားခွင့်ရှိသည့် အကျိုးခံစားခွင့်များကို ဆိုလိုသည်။

၁.၂၉ "**အာမခံပေါ်လစီထုတ်ပေးသည့်နေ့**" ဆိုသည်မှာ Chubb Life မှ အာမခံထားရှိရန် အသက်အာမခံထားသူသို့ အတည်ပြုသတ်မှတ်ပေးသည့်ရက်စွဲနှင့် အာမခံပေါ်လစီထုတ်ပေးသည့် နေ့စွဲကိုဆိုလိုသည်။ အာမခံပေါ်လစီထုတ်ပေးသည့်နေ့ကို အာမခံပေါ်လစီ၏ အသေးစိတ်စာမျက်နှာတွင် ဖော်ပြထားသည်။

၁.၃၀ "**အသက်အာမခံထားသူ**" ဆိုသည်မှာ အာမခံပေါ်လစီတွင်ဖော်ပြထားသည့် Chubb Life တွင် အာမခံထားရှိနိုင်သည့် အသက်အရွယ်အပိုင်းအခြားရှိသော မြန်မာနိုင်ငံတွင် နေထိုင်လျက်ရှိသည့် လူပုဂ္ဂိုလ်တစ်ဦးဦးကိုဆိုလိုသည်။

၁.၃၁ "**လစဉ်ငွေနှုတ်ယူငွေ**" ဆိုသည်မှာ ဤစည်းမျည်းစည်းကမ်းချက်များအရ သတ်မှတ်ထားသော လစဉ်ငွေနှုတ်ယူရန်သတ်မှတ်သည့်နေ့တွင် Chubb Life မှ အာမခံကုန်ကျစရိတ်နှင့် ပေါ်လစီစီမံခန့်ခွဲမှုကုန်ကျစရိတ်ကို ပေါ်လစီအကောင့်တန်ဖိုးမှ အတူတကွနှုတ်ယူခြင်းကိုဆိုလိုသည်။

၁.၃၂ "**လစဉ်ငွေနှုတ်ယူရန်သတ်မှတ်သည့်နေ့**" ဆိုသည်မှာ ပေါ်လစီလ၏ ပထမဆုံးနေ့ရက်ဖြစ်ပြီး Chubb Life မှ ထိုလအတွက် လစဉ်ငွေနှုတ်ယူခြင်း ပြုလုပ်သည့်နေ့ကိုဆိုလိုသည်။

၁.၃၃ "**စာချုပ်ဝင်" သို့မဟုတ် "စာချုပ်ဝင်များ**" ဆိုသည်မှာ Chubb Life နှင့် ပေါ်လစီပိုင်ရှင်အား ပူးတွဲ၍ဖြစ်စေ သို့မဟုတ်တစ်ဦးချင်းဖြစ်စေကို ဆိုလိုသည်။

၁.၃၄ "**ပေါ်လစီအကောင့်တန်ဖိုး**" ဆိုသည်မှာ ခွဲဝေလိုက်သည့်အာမခံပရီမီယံမှ လစဉ်နှုတ်ယူရန်များနှင့် အခြားသက်ဆိုင်ရာကုန်ကျစရိတ်များ(ရှိလျှင်)အား နှုတ်ယူပြီးနောက် စုမိသောပမာဏကို ဆိုလိုသည်။

အတိုးသည် စည်းမျဉ်းစည်းကမ်းပါ ပြဋ္ဌာန်းချက်များအရ ရည်ညွှန်းထားသောနှုန်းထားဖြင့် ပေါ်လစီအကောင့်တန်ဖိုးအပေါ်တွင် လစဉ်တွက်ချက်ခြင်းဖြစ်သည်။ ပေါ်လစီအကောင့်တန်ဖိုးတွင် အခြေခံအကောင့် (Base Account) နှင့်အပိုအကောင့် (Excess Account) နှစ်ခုလုံးရှိ ပမာဏများပါဝင်သည်။

၁.၃၅ "**အာမခံပေါ်လစီနှစ်ပတ်လည်နေ့**" ဆိုသည်မှာ အာမခံပေါ်လစီ စတင်အကျိုးသက်ရောက်သည့်နေ့၏ နှစ်ပတ်လည်နေ့ကိုဆိုလိုသည်။

၁.၃၆ "**ပေါ်လစီလ**" ဆိုသည်မှာ အာမခံပေါ်လစီစတင်အကျိုးသက်ရောက်သည့်နေ့မှ တစ်လတာကာလ သို့မဟုတ် ပြက္ခဒိန်၏ နောက်လတစ်လရှိ တူညီသောနေ့ကိုဆိုလိုသည်။ ထိုလတွင် တူညီသောနေ့ မရှိပါက ထိုနေ့မတိုင်ခင်ရက်ကိုသတ်မှတ်အသုံးပြုမည်ဖြစ်သည်။

၁.၃၇ "**ပေါ်လစီပိုင်ရှင်**" ဆိုသည်မှာ အာမခံအဆိုပြုလွှာအား ပြည့်စုံစွာဖြည့်စွက်၍ လက်မှတ်ရေးထိုး ထားပြီး အာမခံအကာအကွယ်ရယူရန် အဆိုပြုသော လူပုဂ္ဂိုလ်တစ်ဦး (သို့) အဖွဲ့အစည်းတစ်ခုဖြစ်ပြီး Chubb Life မှအာမခံပေါ်လစီထုတ်ပေးလိုက်သောအခါ အာမခံပေါ်လစီနှင့်အညီ ပရီမီယံများကို ပေးသွင်းသူ ဖြစ်သည်။

အကယ်၍ ပေါ်လစီပိုင်ရှင်သည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဖြစ်ပါက ထိုသူသည် အာမခံအဆိုပြုလွှာ တင်သွင်း သည့်အချိန်တွင် အသက် ၁၈ နှစ်နှင့်အထက် ရှိရမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်း နေထိုင်သူဖြစ်ကာ ဥပဒေအရတရားစွဲဆိုဆောင်ရွက်နိုင်ခွင့် (Civil Acts)ရှိသူ ဖြစ်ရမည်။

အကယ်၍ ပေါ်လစီပိုင်ရှင်သည် အဖွဲ့အစည်းတစ်ခုဖြစ်ပါက မြန်မာနိုင်ငံတွင်တရားဝင် လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော အဖွဲ့အစည်းဖြစ်ရမည်။

၁.၃၈ "**ပေါ်လစီနှစ်**" ဆိုသည်မှာ အာမခံပေါ်လစီစတင်အကျိုးသက်ရောက်သည့်နေ့မှ တစ်နှစ်တာကာလ သို့မဟုတ် နောက်တစ်နှစ်ရှိ အာမခံပေါ်လစီနှစ်ပတ်လည်နေ့ကို ကိုဆိုလိုသည်။ အဆိုပါ နောက်တစ်နှစ်တွင် တူညီသောနေ့မရှိပါက ထိုနေ့မတိုင်ခင်ရက်ကိုသတ်မှတ်အသုံးပြုမည်ဖြစ်သည်။

၁.၃၉ "**ရှိရင်းစွဲ ကျန်းမာရေးအခြေအနေ**" ဆိုသည်မှာ အောက်ဖော်ပြပါ နေ့ရက်များမှ အနောက်ကျဆုံးဖြစ်သည့်မည်သည့်နေ့တွင်မဆို အဆိုပါနေ့ရက်မတိုင်မီ အသက်အာမခံထားသူမှ မည်သည့်ရောဂါ၊ ထိခိုက်ဒဏ်ရာ သို့မဟုတ် မသန်မစွမ်းဖြစ်ခြင်းမဆို ယင်းတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးခဲ့ခြင်း၊ ဆေးရုံတက်ခဲ့ခြင်း၊ ဆေးဝါးကုသမှု (သို့) ခွဲစိတ်ကုသမှု ပြုလုပ်ခဲ့ခြင်းအားဖြင့် ဆရာဝန်တစ်ဦးထံတွင် စစ်ဆေးမှုခံယူခဲ့ခြင်း (သို့မဟုတ်) ရောဂါ၊ ထိခိုက်ဒဏ်ရာ သို့မဟုတ် မသန်မစွမ်းဖြစ်ခြင်းတို့ဖြစ်ပွားကြောင်း၊ ရှိရင်းဖြစ်ကြောင်းကို မည်သည့်ဆေးရာဇဝင်

မှတ်တမ်း (ဆေးမှတ်တမ်းစာအုပ်၊ တရားဝင်ဆေးရုံ (သို့မဟုတ်) ဆေးကုသရာနေရာတွင် သိမ်းဆည်းထားသော ရောဂါဗေဒမှတ်တမ်း (သို့) ပေါ်လစီပိုင်ရှင် (သို့) အသက်အာမခံထားသူ ၏ဖွင့်ဟကြေငြာချက်မှ သတင်းအချက်အလက် များဖော်ပြထားခြင်းတို့ကို ဆိုလိုသည်။

(က) အာမခံပေါ်လစီ စတင်ထုတ်ပေးသည့်နေ့

(ခ) သက်ဆိုင်သည့် နောက်ဆက်တွဲ အာမခံအကျိုးခံစားခွင့်များ စတင်သည့်နေ့

(ဂ) အနီးကပ်ဆုံးဖြစ်သော အာမခံပေါ်လစီ ပြန်လည်အသက်သွင်းသည့်နေ့

၁.၄၀ "**အများပြည်သူသယ်ယူပို့ဆောင်ရေး**" ဆိုသည်မှာ သတ်မှတ်ထားသော ခရီးစဉ်များကို အခကြေးငွေ ယူဆောင်ကာ အများပြည်သူမှစီးနင်းလိုက်ပါနိုင်သော စက်တပ်ယာဉ်များဖြင့် တစ်နေရာမှ တစ်နေရာ သို့ပို့ဆောင်ပေးခြင်းကိုဆိုလိုသည်။ အများပြည်သူသယ်ယူပို့ဆောင်ရေးသည် မြန်မာအစိုးရ၏ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားပြီး လိုင်စင်ရယူထားသောလုပ်ငန်းဖြစ်ရမည်။ အများပြည်သူသယ်ယူပို့ဆောင်ရေးတွင် အများပြည်သူသုံးဘတ်စ်ကား၊ တက္ကစီ၊ လေဆိပ်မှကြိုပို့ ယာဉ်၊ မီးရထား၊ ကောင်းကင်ရထား၊ ခရီးသည်တင်လေယာဉ်နှင့် ဖယ်ရီများသာ အကျုံးဝင်သည်။ ထိုအဓိပ္ပာယ်သတ်မှတ်ချက်တွင် အပန်းဖြေခြင်းနှင့်ဖျော်ဖြေရေးအတွက် စီးနင်းသော အပျော်စီး သင်္ဘော၊ ပုဂ္ဂလိကကိုယ်ပိုင်လေယာဉ်နှင့် အခြားသယ်ယူပို့ဆောင်ရေးများ မပါဝင်ပါ။ မော်တာ ဆိုင်ကယ်တက္ကစီ၊ ဆိုက်ကား၊ လန်ချား၊ သုံးဘီးကား သို့မဟုတ် လမ်းကြုံစီးနင်းလိုက်ပါခြင်းများလည်း အကျုံးမဝင်ပါ။

၁.၄၁ "**ပေးသွင်းရမည့်ပရီမီယံပမာဏ**" ဆိုသည်မှာ အာမခံပေါ်လစီအရ ပရီမီယံကာလတစ်ခုချင်းစီအလိုက် ပေါ်လစီနှစ်တစ်နှစ်စီတွင် သတ်မှတ်ထားသော ပေါ်လစီပိုင်ရှင်မှ ပေးသွင်းရန်လိုအပ်သော ပမာဏကိုဆိုလိုသည်။ ပရီမီယံကာလသည် သုံးလအားဖြင့်လည်းကောင်း၊ ခြောက်လအားဖြင့် လည်းကောင်း သို့မဟုတ် တစ်နှစ်အားဖြင့်လည်းကောင်းဖြစ်နိုင်သည်။ ပေါ်လစီပိုင်ရှင်သည် ပေးသွင်းရမည့်ပရီမီယံပမာဏကို Chubb Life သို့ စာဖြင့်အကြောင်းကြားစာပေးပို့ပြီး သဘောတူညီချက်ရရှိအောင် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၁.၄၂ "**အာမခံငွေပမာဏ**" ဆိုသည်မှာ အာမခံထားသောဖြစ်ရပ်ပေါ်ပေါက်လာသည့်အခါ Chubb Life မှနေ၍ အကျိုးခံစားခွင့်ရှိသူသို့ပေးသော ပမာဏကိုဆိုလိုသည်။

၁.၄၃ **"နောက်ဆက်တွဲအာမခံအကျိုးခံစားခွင့်"**ဆိုသည်မှာ အခြေခံအာမခံအကျိုးခံစားခွင့်မှလွဲ၍ Chubb Life နှင့် ပေါ်လစီပိုင်ရှင်အကြား အခြားအကျိုးခံစားခွင့်များနှင့်ပတ်သက်၍ ထပ်မံရယူထားသော သဘောတူညီမှုကိုဆိုလိုသည်။ ဤနေရာတွင် စည်းမျဉ်းစည်းကမ်းများတွင် ဖော်ပြထားသည့်အတိုင်း

နောက်ဆက်တွဲအာမခံအကျိုးခံစားခွင့်အပေါ်အာမခံငွေပမာဏခံစားခွင့်ရရန်အတွက် ပေါ်လစီပိုင်ရှင်မှ Chubb Life အား ထပ်ဆောင်းပရီမီယံကိုပေးရန် သဘောတူခြင်းဖြစ်သည်။

၁.၄၄ "**ခွဲစိတ်ကုသမှု**" ဆိုသည်မှာ ရောဂါ သို့ဟုတ် ထိခိုက်ဒဏ်ရာအားကုသရန် ဆေးကုသခွင့်လက်မှတ်ရှိသော ကျွမ်းကျင်သည့်ခွဲစိတ်ဆရာဝန်မှ ဆေးပညာရှုထောင့်အရ လိုအပ်မှုကြောင့် ကျောရိုးထဲသို့ ထုံဆေးထိုးသွင်းခြင်းဖြင့်ဖြစ်စေ သို့မဟုတ် မေ့ဆေးထိုးသွင်းခြင်းဖြင့်ဖြစ်စေ ခွဲစိတ်ခြင်းပြုလုပ်သည့် လုပ်ငန်းစဉ်တစ်ရပ်အားဆောင်ရွက်ခြင်းကို ဆိုလိုသည်။ ရောဂါရှာဖွေရန်၊ စစ်ဆေးရန် သို့မဟုတ် ပြင်ပလူနာဌာနတွင် လုပ်ဆောင်သော ခွဲစိတ်မှုများအားလုံးသည် ယခု "ခွဲစိတ်ကုသမှု" အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် ပါဝင်သက်ဆိုင်ခြင်းမရှိစေရ။

၁.၄၅ "**သတ်မှတ်ပရီမီယံ**"ဆိုသည်မှာ ပေါ်လစီပိုင်ရှင်မှနေ၍ ပထမနှင့်ဒုတိယပေါ်လစီနှစ်အသီးသီးတွင် အာမခံပေါ်လစီအရ အနည်းဆုံးပေးရမည့် ပရီမီယံကြေးကိုဆိုလိုသည်။ သတ်မှတ်ပရီမီယံတွင် အခြေခံအာမခံအကျိုးခံစားခွင့် သတ်မှတ်ပရီမီယံနှင့် နောက်ဆက်တွဲအာမခံအကျိုးခံစားခွင့် သတ်မှတ်ပရီမီယံ(ရှိလျှင်)တို့ပါဝင်သည်။ သတ်မှတ်ပရီမီယံကို အာမခံပေါ်လစီအသေးစိတ်စာမျက်နှာ သို့မဟုတ် နောက်ဆက်တွဲအာမခံအကျိုးခံစားခွင့်လက်မှတ် သို့မဟုတ် အာမခံတန်ဖိုးပြင်ဆင်ချက်လက်မှတ်တွင်ဖော်ပြထားသည်။ နုတ်ယူမှုများကိုပြုလုပ်ပြီးနောက် သတ်မှတ်ပရီမီယံကို အခြေခံအကောင့်ထဲ သို့ ထည့်သွင်းသွားမည်ဖြစ်သည်။

၁.၄၆ "**အချုပ်အခြာနယ်မြေ"၊ "မြန်မာနိုင်ငံ"၊ "နိုင်ငံတော်" သို့မဟုတ် "အစိုးရ**" ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုဆိုလိုသည်။

၁.၄၇ "**Universal Life ရန်ပုံငွေ**" ဆိုသည်မှာ Universal Life အာမခံပေါ်လစီများ၏ ပရီမီယံအရင်းအမြစ်နှင့် Chubb Life မှအခါအားလျော်စွာ လက်ခံပြုလုပ်ထားသော ရင်းနှီးမြှုပ်နှံမှုပေါ်လစီအရ ရင်းနှီးမြှုပ်နှံထားသောအမြတ်မှ ဖြစ်ပေါ်လာသော ရန်ပုံငွေကိုဆိုလိုသည်။ ပေါ်လစီပိုင်ရှင်သည် စည်းမျဉ်းစည်းကမ်းများထဲမှ ပြဋ္ဌာန်းချက်များနှင့်အညီ Universal Life ရန်ပုံငွေ၏ စွမ်းဆောင်မှုပေါ်မူတည်သည့် ပေါ်လစီအကောင့်တန်ဖိုးနှင့် ဆက်စပ်လျက်ရှိသော စုစုပေါင်းအတိုးပမာဏကို ခံစားခွင့်ရှိမည်ဖြစ်သည်။

၁.၄၈ "**စောင့်ဆိုင်းကာလ**" ဆိုသည်မှာ အသက်အာမခံထားသူအတွက် Chubb Life မှ တာဝန်ရှိမှုအား ကင်းလွတ်ခွင့်ရထားသောကာလကိုဆိုလိုသည်။ ဆေးရုံတက်ခြင်းအတွက်အကျိုးခံစား ခွင့်၊ ဆေးရုံတက်ခြင်းအတွက်အထူးအကျိုးခံစားခွင့်၊ ပြင်းထန်ရောဂါအကျိုးခံစားခွင့်၊ ပရီမီယံကင်းလွတ်ခွင့်အကျိုးခံစားခွင့်နှင့် ပရီမီယံပေးသောသူ၏ ပရီမီယံကင်းလွတ်ခွင့်အကျိုးခံစားခွင့်

(ပြင်းထန်ရောဂါအတွက်သာ)တို့အတွက် စောင့်ဆိုင်းကာလသည် အောက်ပါနေ့ရက်များထဲမှ နောက်ဆုံးဖြစ်သော မည့်သည့်နေ့ရက်တွင်မဆို အဆိုပါနေ့ရက်မှစ၍ ရက်ပေါင်းကိုးဆယ်(၉၀)အထိ ဖြစ်သည်။

(က) အာမခံပေါ်လစီထုတ်ပေးသည့်နေ့

(ခ) သက်ဆိုင်သည့်နောက်ဆက်တွဲ အာမခံအကျိုးခံစားခွင့်များ စတင်သည့်နေ့

(ဂ) အနီးကပ်ဆုံးဖြစ်သော အာမခံပေါ်လစီပြန်လည်အသက်သွင်းသည့်နေ့ရက်

၁.၄၉ ယခုသဘောတူညီချက်တွင် အခြားဆက်စပ်စဉ်းစားရမည့် အကြောင်းအရာအခြေအနေအား လိုအပ်မှုမရှိခဲ့လျှင် "အပိုဒ်"၊ "ဇယား" သို့မဟုတ် "နောက်ဆက်တွဲ" တစ်ခုအား ရည်ညွှန်းချက်သည် ယခုစာချုပ်၏ "အပိုဒ်"၊ "ဇယား" သို့မဟုတ် "နောက်ဆက်တွဲ"အား ရည်ညွှန်းသည်ဟု မှတ်ယူရမည်ဖြစ်ပြီး တခြားနည်းဖြင့်ညွှန်းဆိုထားမှုမရှိပါက အဆိုပါအပိုဒ်ခွဲ၏ အပိုဒ်ခွဲငယ်လည်း ပါဝင်သည်ဟု မှတ်ယူရမည်ဖြစ်သည်။

၁.၅၀ ယခုသဘောတူညီချက်တွင် အနည်းကိန်းကိုရည်ညွှန်းချက်သည် အများကိန်းကိုရည်ညွှန်းခြင်းဖြစ်ပြီး အပြန်အလှန်အားဖြင့် အများကိန်းကိုရည်ညွှန်းခြင်းသည်လည်း အနည်ကိန်းကိုရည်ညွှန်းခြင်း ဖြစ်သည်ဟုမှတ်ယူနိုင်သည်။ လိင်နှစ်ခုစလုံး သို့မဟုတ် နပုလ္လိင်ကို ဖော်ပြထားလျှင်လည်း လိင်နှစ်ခုစလုံး သို့မဟုတ် နပုလ္လိင်ကို ရည်ညွှန်းခြင်းဖြစ်ပြီး အဖွဲ့အစည်း သို့မဟုတ် အဖွဲ့အစည်း မဟုတ်သည်များကိုပါ ရည်ညွှန်းသည်။

၁.၅၁ ယခုသဘောတူညီချက်တွင် တခြားနည်းဖြင့်ဖော်ပြထားခြင်းမရှိပါက "ပါဝင်ခြင်း" "ပါဝင်သည်" "အပါအဝင်" ဆိုသည်မှာ ကန့်သတ်ချက်မရှိခြင်းကိုဆိုလိုသည်။

၁.၅၂ ယခုသဘောတူညီချက်တွင် ရက်တစ်ရက်ဆိုသည်မှာ တခြားဆန့်ကျင်ကွဲလွဲသောအဓိပ္ပာယ်မရှိပါက ပြက္ခဒိန်တွင် ဖော်ပြထားသော ရက်ကိုဆိုလိုသည်။

## အပိုဒ် -၂ အာမခံပေါ်လစီ၏ အသက်ဝင်မှု- အာမခံပေါ်လစီကာလ

အပိုဒ် ၁ ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အပြင် အောက်ဖော်ပြပါအဓိပ္ပာယ်ဖွင့်ဆိုချက်များကိုလည်း အသုံးပြုမည် ဖြစ်သည်။

၂.၁ "**အာမခံပေါ်လစီစတင်အသက်ဝင်သောနေ့**" ဆိုသည်မှာ Chubb Life မှ အာမခံပေါ်လစီကို ထုတ်ပေးသည့်နေ့တွင် အသက်အာမခံထားသူသည် သက်ရှိထင်ရှားရှိနေလျက် ပါဝင်သူများသည်

အခြားနည်းဖြင့် သဘောတူထားခြင်းမရှိပါက အာမခံပေါ်လစီထုတ်ပေးသောနေ့သည် အာမခံပေါ်လစီအသက်ဝင်သောနေ့ဖြစ်သည်။ အာမခံပေါ်လစီအသက်ဝင်သောနေ့သည် အခြေခံအကျိုးခံစားခွင့်များ စတင်အသက်ဝင်သောနေ့လည်းဖြစ်သည်။

၂.၂ “**နောက်ဆက်တွဲအကျိုးခံစားခွင့်များအသက်ဝင်သောနေ့**” ဆိုသည်မှာ နောက်ဆက်တွဲ အကျိုး ခံစားခွင့်များအတွက်အာမခံကို Chubb Life မှ အတည်ပြုသောနေ့တွင် အသက်အာမခံထားသူသည် သက်ရှိထင်ရှားရှိနေလျှက် ပါဝင်သူများသည် အခြားနည်းဖြင့် သဘောတူထားခြင်းမရှိပါက နောက်ဆက်တွဲအကျိုးခံစားခွင့်များ အသက်ဝင်သောနေ့သည် အာမခံပေါ်လစီအသေးစိတ်စာမျက်နှာ သို့မဟုတ် နောက်ဆက်တွဲအကျိုးခံစားခွင့်လက်မှတ်တွင် ဖော်ပြထားသည့်အတိုင်း အသက်ဝင်သောနေ့ ဖြစ်သည်။

၂.၃ “**အခြေခံအကျိုးခံစားခွင့်သက်တမ်းစေ့သည့်နေ့**” ဆိုသည်မှာ အာမခံပေါ်လစီ သက်တမ်းကုန်သောနေ့ ဖြစ်ပြီးအာမခံပေါ်လစီအသေးစိတ်စာမျက်နှာ သို့မဟုတ် နောက်ဆက်တွဲ အကျိုး ခံစားခွင့်လက်မှတ်တွင် ဖော်ပြထားသည့်အတိုင်း ပေါ်လစီနှစ်ပတ်လည်နေ့ သို့မဟုတ် အသက်အာမခံထားသူ၏ နှစ်တစ်ရာ (၁၀၀) ပြည့်မွေးနေ့ပြီးနောက် နောက်တစ်ရက်ဖြစ်ပြီး ထိုနှစ်တစ်ရာပြည့်မွေးနေ့သည် နောင်လာမည့် မွေးနေ့တွင် အသက်အာမခံထားသူပြည့်မည့်အသက်ဟု ရည်ညွှန်းထားသည့်နေ့ ကိုဆိုလိုသည်။

၂.၄ “**မတော်တဆသေဆုံးမှုနှင့် ကိုယ်လက်အင်္ဂါချို့ယွင်းမှုအတွက် အကျိုးခံစားခွင့်များ သက်တမ်းစေ့သည့် ရက်**” ဆိုသည်မှာ မတော်တဆသေဆုံးမှုနှင့်ကိုယ်လက်အင်္ဂါချို့ယွင်းမှုအတွက် အကျိုးခံစားခွင့်များ သက်တမ်းကုန်ဆုံးသည့်ရက်ဖြစ်ပြီးအာမခံပေါ်လစီအသေးစိတ်စာမျက်နှာ သို့မဟုတ် နောက်ဆက်တွဲ အကျိုး ခံစားခွင့်လက်မှတ်တွင် ဖော်ပြထားသည့်အတိုင်း အာမခံပေါ်လစီနှစ်ပတ်လည်နေ့ သို့မဟုတ် အသက်အာမခံထားသူ၏ အသက် (၆၅) နှစ်ပြည့်မွေးနေ့ပြီးနောက် နောက်တစ်ရက်ဖြစ်ပြီး ထို အသက်(၆၅) နှစ် ပြည့်သည့်နေ့သည် နောက်လာမည်မွေးနေ့တွင် အသက်အာမခံထားသူ ပြည့်မည့်အသက်ဟု ရည်ညွှန်းထားသည့်နေ့ကို ဆိုလိုသည်။

၂.၅ “**ဆေးရုံတက်ခြင်းအတွက်အကျိုးခံစားခွင့်သက်တမ်းစေ့သည့်ရက်**” ဆိုသည်မှာ ဆေးရုံတက်ခြင်း အတွက်အကျိုးခံစားခွင့်သက်တမ်းကုန်ဆုံးသည့်နေ့ရက်ကို ဆိုလိုခြင်းဖြစ်ပြီး အာမခံပေါ်လစီ အသေးစိတ်စာမျက်နှာ သို့မဟုတ် နောက်ဆက်တွဲ အကျိုးခံစားခွင့်လက်မှတ်တွင် ဖော်ပြထားသည့် အတိုင်း အာမခံပေါ်လစီနှစ်ပတ်လည်နေ့ သို့မဟုတ် အသက်အာမခံထားသူ၏အသက် (၆၅)နှစ်ပြည့် မွေးနေ့ပြီးနောက် နောက်တစ်ရက်ဖြစ်ပြီး ထို အသက် (၆၅) နှစ်ပြည့်သည့်နေ့သည်

နောင်လာမည့်မွေးနေ့တွင် အသက်အာမခံထားသူပြည့်မည့်အသက်ဟု ရည်ညွှန်းထားသည့်နေ့ကို ဆိုလိုသည်။

၂.၆ “**ဆေးရုံတက်ခြင်းအတွက် အထူးအကျိုးခံစားခွင့် သက်တမ်းစေ့သည့်ရက်**” ဆိုသည်မှာ ဆေးရုံတက်ခြင်းအတွက် အထူးအကျိုးခံစားခွင့်သက်တမ်းကုန်ဆုံးသည့်ရက်ကို ဆိုလိုခြင်းဖြစ်ပြီး အာမခံပေါ်လစီအသေးစိတ်စာမျက်နှာ သို့မဟုတ် နောက်ဆက်တွဲ အကျိုး ခံစားခွင့်လက်မှတ်တွင် ဖော်ပြထားသည့်အတိုင်း အာမခံပေါ်လစီနှစ်ပတ်လည်နေ့ သို့မဟုတ် အသက်အာမခံထားသူ၏အသက် (၆၅)နှစ်ပြည့်မွေးနေ့ပြီးနောက် နောက်တစ်ရက်ဖြစ်ပြီး ထိုအသက် (၆၅) နှစ်ပြည့်သည့်နေ့သည် နောက်လာမည့်မွေးနေ့တွင် အသက်အာမခံထားသူပြည့်မည့်အသက်အား ရည်ညွှန်းထားသည့်နေ့ကို ဆိုလိုသည်။

၂.၇ “**ပြင်းထန်ရောဂါအကျိုးခံစားခွင့်သက်တမ်းစေ့သည့်ရက်**” ဆိုသည်မှာ ပြင်းထန်ရောဂါအကျိုးခံစားခွင့် သက်တမ်းစေ့သည့်ရက်ကို ဆိုလိုခြင်းဖြစ်ပြီး အာမခံပေါ်လစီအသေးစိတ်စာမျက်နှာ သို့မဟုတ် နောက်ဆက်တွဲ အကျိုးခံစားခွင့်လက်မှတ်တွင် ဖော်ပြထားသည့်အတိုင်း အာမခံပေါ်လစီ နှစ်ပတ်လည်နေ့ သို့မဟုတ် အသက်အာမခံထားသူ၏ အသက် (၆၅) နှစ်ပြည့်မွေးနေ့ပြီးနောက် နောက်တစ်ရက်ဖြစ်ပြီး ထိုအသက် (၆၅) နှစ်ပြည့်သည့်နေ့သည် နောက်လာမည့်မွေးနေ့တွင် အသက်အာမခံထားသူပြည့်မည့်အသက်အား ရည်ညွှန်းထားသည့်နေ့ကို ဆိုလိုသည်။

၂.၈ “**ပရီမီယံကင်းလွတ်ခွင့်အကျိုးခံစားခွင့်သက်တမ်းစေ့သည့်ရက်**” ဆိုသည်မှာ ပရီမီယံကင်းလွတ်ခွင့် အကျိုးခံစားခွင့်သက်တမ်းကုန်ဆုံးသည့် နေ့ရက်ကိုဆိုလိုခြင်းဖြစ်ပြီး အာမခံပေါ်လစီအသေး စိတ်စာမျက်နှာ သို့မဟုတ် နောက်ဆက်တွဲ အကျိုး ခံစားခွင့်လက်မှတ်တွင် ဖော်ပြထားသည့်အတိုင်း အာမခံပေါ်လစီနှစ်ပတ်လည်နေ့ သို့မဟုတ် အသက်အာမခံထားသူ၏ အသက် (၆၅) နှစ်ပြည့်မွေးနေ့ပြီးနောက် နောက်တစ်ရက်ဖြစ်ပြီး ထိုအသက် (၆၅) နှစ်ပြည့်သည့်နေ့သည် နောက်လာမည့် မွေးနေ့တွင် အသက် အာမခံထားသူပြည့်မည့်အသက်အား ရည်ညွှန်းထားသည့်နေ့ကို ဆိုလိုသည်။

၂.၉ “**ပရီမီယံပေးဆောင်သူ၏ ပရီမီယံကင်းလွတ်ခွင့်အကျိုးခံစားခွင့် သက်တမ်းစေ့သည့်နေ့**” ဆိုသည်မှာ “ပရီမီယံပေးဆောင်သူသေဆုံးခြင်းအတွက် ပရီမီယံကင်းလွတ်ခွင့်” အကျိုးခံစားခွင့် ကုန်ဆုံးသည့် နေ့ရက်ကို ဆိုလိုခြင်းဖြစ်ပြီး အာမခံပေါ်လစီအသေးစိတ်စာမျက်နှာ သို့မဟုတ် နောက်ဆက်တွဲ အကျိုး ခံစားခွင့်လက်မှတ်တွင် ဖော်ပြထားသည့်အတိုင်း အာမခံပေါ်လစီနှစ်ပတ်လည်နေ့ သို့မဟုတ်

အသက်အာမခံထားသူ၏အသက် (၂၂) နှစ်မြောက်မွေးနေ့ပြီးနောက် နောက်တစ်ရက် သို့မဟုတ် ပေါ်လစီထုတ်ပေးသည့်နေ့မှ ငါး ( ၅ ) နှစ်မြောက်နေ့ဟု သတ်မှတ်ထားသည့်နေ့ကို ဆိုလိုသည်။

၂.၁၀ "**အာမခံပေါ်လစီပြန်လည်အသက်သွင်းသည့်နေ့ရက်**" ဆိုသည်မှာ ပေါ်လစီပိုင်ရှင် သို့မဟုတ် လွှဲပြောင်းခြင်းခံရသူမှ ပျက်ပြယ်သွားသော အာမခံပေါ်လစီအား ပြန်လည်အသက်သွင်းပေးရန် တောင်းဆိုတင်ပြသောအခါ စည်းမျဉ်းစည်းကမ်း၏ အပိုဒ်ခွဲ ၂၃.၂ အရ စည်းမျဉ်းစည်းကမ်းနှင့်အညီ Chubb Life မှ အာမခံပေါ်လစီပြန်လည်အသက်သွင်းခြင်းအား လက်ခံလိုက်သည့်လက်မှတ်တွင် ဖော်ပြထားသည့် နေ့ရက်ကို ဆိုလိုသည်။

၂.၁၁ "**အာမခံပေါ်လစီ၏သက်တမ်း**" ဆိုသည်မှာ Chubb Life ၏ Universal Life အာမခံ၏ အသက်ဝင်သည့်နေ့မှ သက်တမ်းစေ့သည့်နေ့ရက်အထိ ကာလကိုဆိုလိုသည်။

၂.၁၂ "**အာမခံအကာအကွယ်၏သက်တမ်း**" ဆိုသည်မှာ စည်းမျဉ်းစည်းကမ်းများတွင် ဖော်ပြထားသည့် အတိုင်း အာမခံပေါ်လစီစတင်အသက်ဝင်သောနေ့ သို့မဟုတ် နောက်ဆက်တွဲအကျိုးခံစားခွင့်များ အသက်ဝင်သောနေ့မှ အခြေခံအကျိုးခံစားခွင့် သက်တမ်းစေ့သည့်နေ့ သို့မဟုတ် နောက်ဆက်တွဲ အကျိုးခံစားခွင့် သက်တမ်းစေ့သည့်ရက်အတွင်းကို ဆိုလိုသည်။

## အပိုဒ် - ၃ အခြားအထွေထွေပြဋ္ဌာန်းချက်များ

၃.၁ ပေါ်လစီပိုင်ရှင်သည် အသက်အာမခံထားသူ၏ နေထိုင်သည့်နေရာ၊ ပုဂ္ဂိုလ်ရေးအချက်အလက်၊ ကျန်းမာရေးနှင့်အသက်မွေးဝမ်းကြောင်းအလုပ် (သာမန်မဟုတ်သော ရောဂါလက္ခဏာနှင့် ကျန်းမာရေး ရာဇဝင်အပါအဝင်)ကို ပါဝင်ပတ်သက်သူများကြားတွင် အာမခံပေါ်လစီကို ချုပ်ဆိုရာတွင်လိုအပ်ချက် အနေဖြင့် Chubb Life မှပေးသော အာမခံအဆိုပြုလွှာ သို့မဟုတ် တခြားစာရွက်စာတမ်းများတွင် ပြည့်ပြည့်စုံစုံနှင့်တိတိကျကျ ဖော်ပြပေးရန် တာဝန်ရှိသည်။

၃.၂ အသက်အာမခံထားသူ၏ ကျန်းမာရေးအခြေအနေကို အကဲဖြတ်ခြင်းသည် ( Chubb Life မှ ကိစ္စရပ်တစ်ခုချင်းစီတွင် လိုအပ်၍လုပ်ဆောင်ပါက) ယခုအပိုဒ်ခွဲတွင်ဖော်ပြထားသော ပေါ်လစီပိုင်ရှင်မှ အချက်အလက်များကို ပြည့်ပြည့်စုံစုံတိတိကျကျဖော်ပြရမည့်တာဝန်နှင့် ရောထွေးခြင်းမရှိစေရပါ။

၃.၃ ပေါ်လစီပိုင်ရှင်သည် အပိုဒ်ခွဲ ၃.၁ တွင်ဖော်ပြထားသည့်အတိုင်း အချက်အလက်များအား ပြည့်ပြည့်စုံစုံ၊တိတိကျကျဖော်ပြရန် ပျက်ကွက်ခဲ့ပါက Chubb Life သည်

(က) အာမခံပေါ်လစီနှင့် ဆက်စပ်လျက်ရှိသောတာဝန်ဝတ္တရားများအား အကောင်ထည်ဖော်လုပ်ဆောင်ခြင်းအား တစ်ဖက်သက်ရပ်ဆိုင်းနိုင်ခြင်း သို့မဟုတ် ဖျက်သိမ်းနိုင်ခြင်းအား ပြုလုပ်နိုင်ပြီး အာမခံထားသောဖြစ်ရပ်ဖြစ်ပေါ် ခဲ့ခြင်းမရှိလျှင် ရရှိထားပြီးသား ပရီမီယံများကိုသိမ်းဆည်းခွင့်ရှိသည်။

(ခ) အာမခံထားသောဖြစ်ရပ်ဖြစ်ပေါ် ခဲ့ပါကလည်း အကျိုးခံစားခွင့်များအား ပေးအပ်ခြင်းမပြုခြင်း၊ ရရှိထားပြီးသား ပရီမီယံများကို ပြန်လည်အမ်းခွင့်မပြုခြင်းတို့ကို ပြုလုပ်နိုင်သည်။

၃.၄ အာမခံပေါ်လစီလွှဲပြောင်းခြင်းဆိုသည်မှာ အာမခံပေါ်လစီစတင်အသက်ဝင်နေသောကာလတွင် ပေါ်လစီပိုင်ရှင်မှ အာမခံပေါ်လစီတစ်ခုလုံးအား အာမခံပေါ်လစီ၏စည်းမျဉ်းစည်းကမ်းများနှင့် လွှဲပြောင်းချိန်တွင်ဖြစ်ပေါ်နေသော တရားဝင်စည်းမျဉ်းများအတိုင်း အခြားသူတစ်ဦးသို့ လွှဲပြောင်းလိုက်ခြင်းကိုဆိုလိုသည်။

၃.၅ အာမခံပေါ်လစီလွှဲပြောင်းခြင်းသည် လွှဲပြောင်းခြင်းခံရသူသည် နိုင်ငံ၏ဥပဒေနှင့်စည်းမျဉ်းများ အပါအဝင် ယခုစည်းမျဉ်းစည်းကမ်းများနှင့်ပါကိုက်ညီကြောင်းကို ပေါ်လစီပိုင်ရှင်မှ စာဖြင့်ရေးသားထားသည့်လွှဲပြောင်းခြင်းအကြောင်းကြားစာအား Chubb Life မှ စာဖြင့်ရေးသားအတည်ပြုထားမှသာလျှင် အသက်ဝင်မည်ဖြစ်သည်။

၃.၆ လွှဲပြောင်းခြင်းအသက်ဝင်လျှင် လွှဲပြောင်းခြင်းခံရသူသည် အာမခံပေါ်လစီတွင် ပေါ်လစီပိုင်ရှင် ရရှိသည့် အခွင့်အရေးများနှင့်တာဝန်ဝတ္တရားများအားလုံးကိုရရှိမည်ဖြစ်သည်။ သို့သော် အသက်အာမခံထားသူမှာမူ မပြောင်းလဲဘဲ ရှိနေမည်ဖြစ်သည်။

၃.၇ ပေါ်လစီပိုင်ရှင်နှင့်လွှဲပြောင်းခြင်းခံရသူအကြား လွှဲပြောင်းမှုနှင့်ပတ်သက်၍ ဖြစ်ပွားသော အငြင်းပွားမှုများ အတွက် Chubb Life တွင် တာဝန်မရှိပါ။

၃.၈ အာမခံငွေပမာဏထဲမှ မပေးဆောင်ရသေးသည့် ပမာဏကို နုတ်ယူခြင်း သို့မဟုတ် အာမခံပေါ်လစီအရ Chubb Life မှပေးရသော ပမာဏကိုနုတ်ယူခြင်းဆိုသည်မှာ - Chubb Life မှ မည်သည့်ငွေပမာဏအား ပေးအပ်ခြင်းမပြုမီတွင် ပေါ်လစီချေးငွေအပေါင်း ပေါ်လစီချေးငွေအတွက်ဝန်ဆောင်ခ၊ အကြွေးများနှင့် အခြားဆက်စပ်လျက်ရှိသော အခကြေးငွေများ (ရှိလျှင်) အား နုတ်ယူမည်ဖြစ်သည်။ Chubb Life သည် ရှေ့တွင်ဖော်ပြထားသည့် မည်သည့်နုတ်ယူခြင်းနှင့်ပတ်သက်၍မဆို မြီရှင်များ၊ ပေါ်လစီပိုင်ရှင်များ၊ လွှဲပြောင်းခြင်းခံရသူများ သို့မဟုတ် အခြားသက်ဆိုင်သော အာမခံအကျိုးခံစားခွင့်ရှိသူများအပေါ်တွင် ဦးစားပေးအခွင့်အရေးရရှိမည်ဖြစ်သည်။ အပိုဒ်ခွဲ ၃.၈ နှင့်

ဤစည်းမျဉ်းစည်းကမ်းများ၏ ကျန်အခြားသောအချက်အလက်များအကြား မကိုက်ညီမှုရှိပါက ဤအပိုဒ်ခွဲ ၃.၈ ကို ပထမဦးစားပေးရမည်ဖြစ်သည်။

၃.၉ ခြွင်းချက်/ကန့်သတ်ချက်အရ အာမခံကိုလက်ခံခြင်း - Chubb Life သည် ပေါ်လစီပိုင်ရှင်၏ အာမခံတောင်းဆိုချက်ကို အထူးစည်းမျဉ်းစည်းကမ်းများအရ လက်ခံလျှင် Chubb Life သည် အထူးစည်းမျဉ်းစည်းကမ်းများသတ်မှတ်ပြဋ္ဌာန်းသော ခြွင်းချက်/ကန့်သတ်ချက်ဖြင့် "အာမခံ အဆိုပြုလွှာ လက်ခံခြင်းအကြောင်းကြားစာ"ကို ပေါ်လစီပိုင်ရှင်သို့ ပေးရမည်ဖြစ်သည်။

၃.၁၀ Chubb Life သည် ခြွင်းချက်/ကန့်သတ်ချက်ဖြင့်အာမခံအဆိုပြုလွှာလက်ခံခြင်း အကြောင်းကြားစာ တွင် ဖော်ပြထားသော အထူးစည်းမျဉ်းစည်းကမ်းများကို ပေါ်လစီပိုင်ရှင်ထံမှ လက်ခံကြောင်း စာဖြင့်ရေးသားသည့် အကြောင်းကြားစာနှင့် လုံလောက်သောထပ်ဆောင်းပရီမီယံကြေး (ရှိလျှင်)ကို ရရှိပြီးနောက်မှသာလျှင် အာမခံပေါ်လစီအား ထုတ်ပေးနိုင်မည်။

၃.၁၁ ခြွင်းချက်/ကန့်သတ်ချက်ဖြင့်အဆိုပြုလွှာလက်ခံခြင်း အကြောင်းကြားစာတွင်ရေးသားထားသော အထူးစည်းမျဉ်းစည်းကမ်းများသည် အာမခံပေါ်လစီနှင့် တစ်သားတည်းဖြစ်နေသော အစိတ်အပိုင်းဟု ထည့်သွင်းသတ်မှတ်မည်ဖြစ်သည်။

၃.၁၂ အငြင်းပွားမှုမရှိခြင်းအပိုဒ် - ပေါ်လစီပိုင်ရှင်မှ တမင်ကြံရွယ်ထားသော လိမ်လည်လှည့်ဖြားမှုများမှလွဲ၍ အာမခံပေါ်လစီအား ချုပ်ဆိုအကောင်အထည်ဖော်နေသောကာလအတွင်း နောက်ဆက်တွဲ သို့မဟုတ် အာမခံအဆိုပြုလွှာတွင် ပြသထားသည့် ထုတ်ဖော်ကြေငြာပြထားသော ချွတ်ယွင်းချက်များနှင့် ချန်လှပ်ထားမှုများသည် အာမခံပေါ်လစီထုတ်ပေးသည့်နေ့စွဲမှ သို့မဟုတ် နောက်ဆက်တွဲအာမခံ အကျိုးခံစားခွင့်များအသက်ဝင်သောနေ့မှ သို့မဟုတ် မကြာသေးမီက အာမခံပေါ်လစီပြန်လည် အသက်သွင်းသည့်နေ့ရက်မှ နှစ်နှစ်တာကာလအတွင်း အငြင်း အငြင်းပွားခွင့် မရှိစေရပါ။

၃.၁၃ ပေါ်လစီပိုင်ရှင်သည် အာမခံအကာအကွယ်ရရှိရန် ရည်ရွယ်ချက်ရှိရှိ မရိုးမဖြောင့်စွာဖြင့် ထုတ်ဖော်ပြောကြားခြင်း၊ ရှိရင်းစွဲကျန်းမာရေးအခြေအနေကို ထုတ်ဖော်မပြောကြားခြင်း သို့မဟုတ် ထုတ်ဖော်ပြောကြားရန်ပျက်ကွက်ခြင်း သို့မဟုတ် မည်သည့်ပုံစံတွင်မဆို မပြည့်စုံသောအချက် အလက်များကိုပေးခြင်း (အပိုဒ် ၂၅ နှင့်မသက်ဆိုင်ဘဲ) ကြောင့် Chubb Life အနေဖြင့် အာမခံအကာအကွယ်မပေးသင့်သော်လည်း ပေးအပ်ခဲ့ပါက ရွေးချယ်နိုင်သည့်အာမခံ အကာအကွယ် များနှင့် နောက်ဆက်တွဲအာမခံအကျိုးခံစားခွင့်များအပါအဝင် အာမခံအကာအကွယ်များအားလုံးသည် ပျက်ပြယ်၍ ဖျက်သိမ်းရမည်ဖြစ်သည်။

၃.၁၄ Chubb Life မှ ပေါ်လစီပိုင်ရှင် သို့မဟုတ် အသက်အာမခံထားသူသို့ ပေးပို့သော အကြောင်းကြားစာသည် အခြားနည်းဖြင့်ဖော်ပြထားခြင်းမရှိလျှင် သတ်မှတ်ထားသောနေ့တွင် အသက်ဝင်သည်။

## အပိုဒ် - ၄ အာမခံပေါ်လစီပါအကြောင်းအရာများကို အကြောင်းကြားခြင်း

၄.၁ အာမခံပေါ်လစီ နှစ်ချုပ်စာရင်း အစီရင်ခံစာကို ပေါ်လစီနှစ်ပတ်လည်နေ့များမှ ရက်ပေါင်းကိုးဆယ် ( ၉၀ ) အတွင်း Chubb Life သည် ပေါ်လစီပိုင်ရှင်သို့ ပေးပို့မည်ဖြစ်သည်။ ထိုအစီရင်ခံစာတွင် အောက်ပါအချက် များပါဝင်သည်။

(က) အာမခံထားသောဖြစ်ရပ်အတွက် အာမခံအကျိုးခံစားခွင့်များ

(ခ) အစီရင်ခံစာနှစ်အစရှိ ပြန်အမ်းငွေတန်ဖိုး

(ဂ) အစီရင်ခံစာနှစ်အကုန်ရှိ ပြန်အမ်းငွေတန်ဖိုး

(ဃ) အာမခံကုန်ကျစရိတ်နှင့်အခြားစရိတ်များအရ အစီရင်ခံစာနှစ်အတွင်းအသုံးပြုခဲ့သော ကုန်ကျစရိတ်အားအသေးစိတ်ဖော်ပြချက်များ

(င) ပေးသွင်းရမည့်ပရီမီယံပမာဏအရ ပေးသွင်းသည့် စုစုပေါင်းပရီမီယံပမာဏနှင့် အစီရင်ခံစာနှစ်တွင် Universal Life အာမခံရံပုံငွေသို့ ခွဲဝေပေးလိုက်သည့် ပရီမီယံပမာဏ

(စ) အပိုဒ် ၁၀ အရ ပေါ်လစီအကောင့်တန်ဖိုး၏ ရင်းနှီးမြှုပ်နှံမှုရလဒ်။ အစီရင်ခံစာတွင် အာမခံပေါ်လစီအကာအကွယ်ကိုထိန်းသိမ်းရန် ပေါ်လစီပိုင်ရှင်အတွက် ရည်ရွယ်ထားသော အထူးမှတ်စုလည်းပါဝင်မည်ဖြစ်သည်။

## အခန်း ( ၂ ) အာမခံအကျိုးခံစားခွင့်များ

Chubb Life ၏ Universal Life အာမခံသည် ညှိနှိုင်းရန်လွယ်ကူသော အာမခံအစီအစဉ်ဖြစ်သည်။ ၎င်းအစီအစဉ်တွင် ပြန်အမ်းငွေတန်ဖိုးကိုထုတ်ယူနိုင်ပြီး Chubb Life ၏ ဝင်ငွေမှ ခွဲဝေပေးခြင်း မဟုတ်သော်လည်း ပေါ်လစီအကောင့်တန်ဖိုးမှ အတိုးကို ခံစားခွင့်ရှိသည့် အစီအစဉ်ဖြစ်သည်။

## အပိုဒ် - ၅ အခြေခံအာမခံအကျိုးခံစားခွင့်များ

၅.၁ အာမခံပေါ်လစီသက်တမ်းအတွင်း အာမခံထားသူသည် သေဆုံးခြင်း သို့မဟုတ် လုံးဝထာဝစဉ် မသန်မစွမ်းဖြစ်သွားလျှင် သေဆုံးသည့်နေ့ သို့မဟုတ် ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်သည့်နေ့တွင် အာမခံငွေပမာဏကိုပေးချေမည်ဖြစ်သည်။

လုံးဝထာဝစဉ်မသန်မစွမ်းဖြစ်သွားခြင်းဆိုသည်မှာ အာမခံထားသူသည် အောက်ဖော်ပြပါ ကိုယ်လက်အင်္ဂါ အပြီးတိုင်ဆုံးရှုံးခြင်းနှင့် မည်သည့်နည်းနှင့်မျှ ပြန်လည်ကောင်းမွန်နိုင်ခြင်းမရှိခြင်းဖြစ်ပြီး

(က) လက်နှစ်ဖက်လုံး သို့မဟုတ်

(ခ) ခြေထောက်နှစ်ဖက်လုံး သို့မဟုတ်

(ဂ) လက်တစ်ဖက်နှင့် ခြေထောက်တစ်ဖက် သို့မဟုတ်

(ဃ) မျက်လုံးနှစ်လုံး သို့မဟုတ်

(င) မျက်လုံးတစ်လုံးနှင့် လက်တစ်ဖက် သို့မဟုတ်

(စ) ခြေထောက်တစ်ဖက်နှင့် မျက်လုံးတစ်လုံးဖြစ်သည်

အဆိုပါအဓိပ္ပာယ်ဖွင့်ဆိုချက်တွင် (၁) မျက်လုံးဟုဆိုရာတွင် မျက်လုံးအပြီးတိုင်ဆုံးရှုံးပြီး မည်သည့်နည်းနှင့်မျှ ပြန်လည်ကောင်းမွန်နိုင်ခြင်းမရှိခြင်းကိုဆိုလိုသည်၊ (၂) လက်ဟုဆိုရာတွင် လက်ကောက်ဝတ် အထက်မှ ပြတ်တောက်မှု၊ ( ၃ ) ခြေထောက်ဟုဆိုရာတွင် ခြေချင်းဝတ်အထက်မှ ပြတ်တောက်မှု ဖြစ်သည်။

လက် သို့မဟုတ် ခြေထောက် သို့မဟုတ် မျက်လုံး အပြီးတိုင်ဆုံးရှုံးမှုဖြစ်ပါက ထိုဆုံးရှုံးမှုသည် ပေါ်လစီကာလအတွင်းဖြစ်ရမည်ဖြစ်ပြီး ပေါ်လစီအသက်ဝင်နေချိန်တွင်ဖြစ်ရမည်။

ချွတ်ယွင်းမှုဖြစ်ချိန်တွင် အာမခံထားသူသည် အသက် ၁၈ နှစ်မှ ၇၀ နှစ်အတွင်းဖြစ်ပါက ထာဝစဉ်လုံးဝမသန်မစွမ်းဖြစ်ခြင်းသည် လုံးဝပြန်လည်မကောင်းမွန်နိုင်တော့ပါဟု သတ်မှတ်ရမည်။ အဆိုပါချွတ်ယွင်းချက်သည် ရက်ပေါင်း ကိုးဆယ် (၉၀) ထက်မနည်း ဆက်တိုက်ဖြစ်နေရမည်။

“ထာဝစဉ်”ဆိုသည်မှာ လက်ရှိဆေးပညာနှင့်နည်းပညာအရ လုံးဝပြန်လည်ကောင်းမွန်ခြင်းမရှိနိုင်တော့ဟု ဆိုလိုပြီး အသက်အာမခံထားသူ ဘဝတစ်သက်တာလုံး ထိုကဲ့သို့ရှိနေတော့မည်ဖြစ်ရမည်။ ထိုကဲ့သို့ချွတ်ယွင်းချက် ရှိသည်ဆိုသည်ကို အနည်းဆုံးဆရာဝန်နှစ်(၂)ယောက်မှ စစ်ဆေး သတ်မှတ်ထားခြင်းဖြစ်ရမည်။ ဆရာဝန်တစ်(၁)ယောက်မှာ အသက်အာမခံထားသူကို ဆေးဝါး စောင့်ရှောက်မှုပေးနေသော ဆရာဝန်ဖြစ်ပြီး တခြားတစ်(၁)ယောက်မှာ ကုမ္ပဏီ၏ဆေးဘက်ဆိုင်ရာ အရာရှိမှ ခန့်အပ်ထားသော ဆရာဝန်ဖြစ်ရမည်။

ထာဝစဉ်မသန်မသွမ်းဖြစ်ခြင်းသည် ပေါ်လစီနှစ်ပတ်လည်နေ့ သို့မဟုတ် အသက်အာမခံထားသူ အသက်ခုနစ်ဆယ်ပြည့်မြောက်သည်နှင့် သက်တမ်းကုန်ဆုံးသည်။

အခြေခံအာမခံအကျိုးခံစားခွင့်နှင့် နောက်ဆက်တွဲ အာမခံအကျိုးခံစားခွင့်များအပါအဝင် ပေါ်လစီများသည် အခြေခံအာမခံ အကျိုးခံစားခွင့်ပေးပြီးသည့်နောက် တွင် ရပ်စဲမည်ဖြစ်သည်။

၅.၂ ပေါ်လစီပိုင်ရှင်၏ တောင်းဆိုမှုနှင့် အာမခံပေါ်လစီအသေးစိတ်စာမျက်နှာတွင် ဖော်ပြထားသော Chubb Life ၏ အတည်ပြုချက်ပေါ်မူတည်၍ အာမခံငွေပမာဏသည် အောက်ပါ အကျိုးခံစားခွင့်ပုံစံများအတိုင်း သတ်မှတ်နိုင်သည်။

(က) အကျိုးခံစားခွင့်ပုံစံ က - အာမခံငွေပမာသည် အခြေခံအာမခံအကျိုးခံစားခွင် သို့မဟုတ် ပေါ်လစီအကောင့်တန်ဖိုး၏ အာမခံတန်ဖိုးများထက် ပိုများသည့် ပမာဏ

(ခ) အကျိုးခံစားခွင့်ပုံစံ ခ - အာမခံငွေပမာဏသည် အခြေခံအာမခံအကျိုးခံစားခွင့်နှင့် ပေါ်လစီအကောင့်တန်ဖိုးတို့၏ အာမခံတန်ဖိုးနှင့်တူညီသော ပမာဏ

၅.၃ Chubb Life သည် ပေါ်လစီနှစ်ငါး(၅) နှစ်ပြည့်လျှင် ပေါ်လစီပိုင်ရှင်၏ အခြေခံအကောင့်သို့ ဆုကြေးငွေပေးနိုင်သည်။ ဆုကြေးငွေပမာဏသည် ပြီးခဲ့သောလပေါင်းခြောက်ဆယ် ( ၆၀ ) ၏ ပျှမ်းမျှ ပေါ်လစီအကောင့်တန်ဖိုး၏ ငါးရာခိုင်နှုန်း ( ၅% ) ဖြစ်ရမည်။

ဆုကြေးငွေရရှိရန်အတွက် ပေးသွင်းရမည့်ပရီမီယံပမာဏကို လပေါင်းခြောက်ဆယ် ( ၆၀ ) ဆက်တိုက် ပေးသွင်းထားရမည်။ ဆုကြေးငွေထုတ်ပေးသည့်အချိန်တွင် အာမခံပေါ်လစီ သက်တမ်းရှိနေရမည် ဖြစ်သည်။

## အပိုဒ် - ၆ နောက်ဆက်တွဲအကျိုးခံစားခွင့်

၆.၁ နောက်ဆက်တွဲ ၂ တွင် အသေးစိတ်ဖော်ပြထားသော နောက်ဆက်တွဲ အကျိုးခံစားခွင့်ဆိုသည်မှာ ထပ်ဆောင်းအကာအကွယ်ဖြစ်ပြီး ပေါ်လစီပိုင်ရှင်မှ အခြေခံအကျိုးခံစားခွင့်အသက်ဝင်သည့်နေ့ သို့မဟုတ် အနီးစပ်ဆုံးပေါ်လစီ နှစ်ပတ်လည်နေ့များတွင် တောင်းဆိုနိုင်ပါသည်။ Chubb Life မှ အဆိုပါတောင်းဆိုချက်များကို ကုမ္ပဏီ၏သတ်မှတ်ထားသော စံနှုန်းများအတိုင်းစီစစ်၍ လက်ခံဆောင်ရွက်ပါမည်။ အတည်ပြုပြီးသော နောက်ဆက်တွဲအကျိုးခံစားခွင့် များသည် ပေါ်လစီစည်းမျဉ်းစည်းကမ်းတွင်ပါရှိသော သတ်မှတ်ချက်များအတိုင်း အကျုံးဝင်မည် ဖြစ်ပါသည်။

## အပိုဒ် - ၇ အာမခံအဆိုပြုလွှာကိုလက်ခံရန်စိစစ်နေသည့်ကာလအတွင်းကြားကာလအာမခံအကာအကွယ်

၇.၁ Chubb Life မှ အာမခံလျှောက်လွှာကို လက်ခံစိစစ်နေသည့်ကာလအတွင်း အာမခံထားသူသည် မတော်တဆမှုတစ်ခုကြောင့် သေဆုံးသည့်အခါ

(က) Chubb Life သည် အာမခံလျှောက်လွှာတွင်ဖော်ပြထားသည့် အခြေခံအာမခံ အကျိုးခံစားခွင့်၏ အာမခံတန်ဖိုး /အာမခံတန်ဖိုးနှင့်ညီမျှသော အာမခံငွေပမာဏကို

ပေါ်လစီပိုင်ရှင်အားပေးရမည်။ သို့သော် အများဆုံးပေးရမည့်ပမာဏသည် မြန်မာကျပ်ငွေ သိန်းတစ်ရာ (၁၀,၀၀၀,၀၀၀) ထက် မကျော်လွန်စေရ။

(ခ) Chubb Life သည် ပေါ်လစီပိုင်ရှင်ထံမှ အာမခံလျှောက်လွှာတစ်ခုထက်ပို၍ လက်ခံစိစစ်နေသည့်အခါ အာမခံလျှောက်လွှာတွင်ဖော်ပြထားသည့် အခြေခံအာမခံ အကျိုးခံစားခွင့်၏ အာမခံတန်ဖိုး /အာမခံတန်ဖိုးနှင့် ညီမျှသော အာမခံငွေပမာဏကို Chubb Life သည် ပေါ်လစီပိုင်ရှင်အားပေးရမည်။ သို့သော် အများဆုံးပေးရမည့် ပမာဏသည် မြန်မာကျပ်ငွေ သိန်းတစ်ရာ (၁၀,၀၀၀,၀၀၀) ထက် မကျော်လွန်စေရ။

(ဂ) အာမခံလျှောက်လွှာကို လက်ခံစိစစ်နေသည့်ကာလအတွင်း ကနဦးပရီမီယံပမာဏသည် မြန်မာကျန်ငွေသိန်းတစ်ရာ (၁၀,၀၀၀,၀၀၀) ထက်ကျော်လွန်ပါက Chubb Life သည် ပေးသွင်းထားသောပမာဏကိုသာ ပြန်လည်ထုတ်ပေးမည်။

(ဃ) အာမခံလျှောက်ထားစဉ်အတွင်း ကြားကာလအာမခံအကာအကွယ်သည် အာမခံ လျှောက်လွှာ တင်သွင်းပြီးမှသာ သက်ရောက်မှုရှိမည်ဖြစ်ပြီး ကနဦးပရီမီယံကို Chubb Life သို့ ပေးသွင်းရမည်ဖြစ်သည်။ ကနဦးပရီမီယံကို ချက်လက်မှတ်ဖြင့်ပေးသွင်းပါက ကြားကာလအာမခံအကာအကွယ်သည် သက်ဆိုင်ရာဘဏ်မှ ချက်လက်မှတ်ဖြင့် ပေးချေကြောင်းအတည်ပြုမှသာလျှင် သက်ရောက်မှုရှိမည်ဖြစ်သည်။

၇.၂ အပိုဒ်ခွဲ ၇.၁ မှ အကျိုးခံစားခွင့်များကို ပေးမည်မဟုတ်ဘဲ အသက်အာမခံသူသည် အောက်ပါ အချက်များထဲမှ တစ်ချက်ချက်ဖြင့် တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်း သေဆုံးမှသာ Chubb Life မှ ပေါ်လစီပိုင်ရှင်ထံမှရရှိထားသည့် ပရီမီယံကို ပြန်အမ်းမည်ဖြစ်သည်။

(က) မတော်မဆမှုကြောင့် သေဆုံးမှု မဟုတ်ခြင်း

(ခ) အာမခံလျှောက်လွှာမတင်သွင်းခင်ကဖြစ်ခဲ့သော မတော်တဆမှုကြောင့်သေဆုံးပြီး Chubb Life မှ ကနဦးပရီမီယံကို လက်ခံရရှိထားခြင်း။

(ဂ) စိတ်ရောဂါခံစားနေရသောကြောင့် ကိုယ့်ကိုယ်ကိုသတ်သေခြင်း။

(ဃ) အသက်အာမခံထားသူ/ ပေါ်လစီပိုင်ရှင် / အာမခံအကျိုးခံစားခွင့်ရှိသူ ၏ ဥပဒေနှင့်မညီသောလုပ်ဆောင်ချက်ကြောင့် သော်လည်းကောင်း၊ မြန်မာနိုင်ငံ၏ ပြစ်မှုဆိုင်ရာဥပဒေတွင် အပြစ်ရှိသည်ဟုသတ်မှတ်ထားသည့် လုပ်ဆောင်ချက်များကြောင့် သော်လည်းကောင်း သေဆုံးခြင်း။

(င) အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်မှု ကြောင့်ဖြစ်ခြင်း။

(စ) ဥပဒေမှတားမြစ်ထားသော စိတ်ကိုပြောင်းလဲစေသောအရာအပါအဝင် ဥပဒေမှတားမြစ်ထားသော အရက်ပမာဏကိုအလွန်အကျွံသောက်သုံးခြင်း။

(ဆ) တရားမဝင်မူးယစ်ဆေးဝါး သုံးစွဲခြင်း။

(ဇ) အမြင့်လေထီးခုန်ခြင်း၊ တောင်တက်ခြင်း၊ အမဲလိုက်ခြင်း၊ မြင်းစီးပြိုင်ခြင်း၊ ကားပြိုင်ခြင်း၊ ရေငုပ်ခြင်း သို့မဟုတ် အန္တရာယ်မကင်းသော လုပ်ဆောင်မှုများကို ဆောင်ရွက်ခြင်း။

(ဈ) အစာအဆိပ်သင့်မှု သို့မဟုတ် အဖျော်ယမကာ အဆိပ်သင့်မှုဖြစ်ပြီး အကြောင်းရင်းမသိရှိရဘဲ သေဆုံးသည့်အခါ သို့မဟုတ် ကုသမှုခံယူနေစဉ်ကာလအတွင်း ထပ်တိုးရောဂါကြောင့်သေဆုံးခြင်း။

(ည) ခရီးသည်တင်လေယာဉ်တွင် လေယာဉ်စီးခရီးသည်အဖြစ်စီးနင်းသည်မဟုတ်ဘဲ အခြားလေကြောင်းဆိုင်ရာ လုပ်ဆောင်မှုများကြောင့်ဖြစ်ခြင်း။

(ဋ) ကြားကာလအာမခံအကာအကွယ်ကို ပေးချေပြီးသည့်အခါ အာမခံလျှောက်လွှာတွင် ရရှိထားသော ပရီမီယံကို ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။

၇.၃ ကြားကာလအာမခံအကျိုးခံစားခွင့်သည် အောက်ဖော်ပြပါ အချက်များမှ တစ်ချက်ချက် ကြုံတွေ့လာသည့်အခါ ပျက်ပြယ်မည်ဖြစ်သည်။

(က) Chubb Life မှ အာမခံပေါ်လစီကို ထုတ်ပြန်သည့်အခါ

(ခ) Chubb Life မှ ပယ်ဖျက်သည့်စာတစ်စောင်ကို ထုတ်ပြန်သည့်အခါ

(ဂ) အာမခံလျှောက်လွှာတရားဝင်ပြီးနောက်နှင့် ကနဦးပေးသွင်းရမည့် ပရီမီယံပမာဏကို Chubb Life မှရရှိပြီးနောက် လေးဆယ့်ငါး ( ၄၅ ) ရက်ကြာသည့်အခါ

(ဃ) ပေါ်လစီပိုင်ရှင်မှ အာမခံလျှောက်လွှာဖျက်သိမ်းပေးပါရန် စာဖြင့်ရေးသား တောင်းဆိုသည့်အခါ

**အပိုဒ် - ၈ အာမခံအကျိုးခံစားခွင့်တွင် အကျုံးမဝင်သည့်အချက်များ**

၈.၁ အောက်ပါ အဖြစ်အပျက်များ ဖြစ်ပေါ်သည့်အခါ အပိုဒ် ၅ တွင် ဖော်ပြထားသော အခြေခံအာမခံအကျိုးခံစားခွင့်များသည် အကျုံးမဝင်ပါ

အသက်အာမခံထားသူသည် အောက်ပါအချက်များကြောင့် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ သေဆုံးလျှင် သို့မဟုတ် ထာဝစဉ်မသန်မစွမ်းဖြစ်လျှင် Chubb Life သည် အတိုးမပါသည့်

ပေးသွင်းထားသည့်စုစုပေါင်း ပရီမီယံနှင့် ပြန်အမ်းငွေတန်ဖိုးထဲမှ ပိုများသည့်ပမာဏကိုသာ ပေးသွားမည်ဖြစ်သည်။

(က) အာမခံပေါ်လစီထုတ်ပြန်ပြီးနောက် သို့မဟုတ် အာမခံပေါ်လစီအသက်သွင်းသည့်နေ့မှ နှစ်ဆယ့်လေး ( ၂၄ ) လအတွင်း မိမိကိုယ်ကိုသတ်သေသည့်အခါ

(ခ) အသက်အာမခံထားသူသည် စစ်ပွဲ (စစ်ကြေညာသည့်စစ်ပွဲဖြစ်စေ၊ စစ်မကြေညာသည့် စစ်ပွဲဖြစ်စေ)၊ ကျူးကျော်မှု၊ တိုင်းတစ်ပါးရန်သူ၏ ပြုလုပ်မှုတစ်စုံတစ်ရာ၊ ပြည်တွင်းစစ်၊ ပုန်ကန်ခြင်း၊ သောင်းကျန်းထကြွခြင်း၊ ပြည်တွင်းမငြိမ်မသက်ဖြစ်ခြင်း၊ အဓိကရုဏ်း၊ သပိတ်၊ အစိုးရအားဆန့်ကျင့်သည့် ထကြွခြင်း နှင့် အကြမ်းဖက်မှုများတွင် ပါဝင်သည့်အခါ သို့မဟုတ်

(ဂ) တရားမဝင်မူးယစ်ဆေးဝါး သုံးစွဲသည့်အခါ

အသက်အာမခံထားသူသည် အောက်ပါအချက်များကြောင့် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ သေဆုံးလျှင် သို့မဟုတ် ထာဝစဉ်မသန်မစွမ်းဖြစ်လျှင် Chubb Life သည် အတိုးမပါသည့် ပေးသွင်းထားသည့်စုစုပေါင်း ပရီမီယံနှင့် ပြန်အမ်းငွေတန်ဖိုးထဲမှ ပိုများသည့်ပမာဏကိုသာပေးသွားမည်။

(ဃ) အပိုဒ်ခွဲ ၁.၃၉ တွင်ဖော်ပြထားသည့် ရှိရင်းစွဲကျန်းမာရေးအခြေအနေတစ်ခုခုကြောင့် ဖြစ်သည့်အခါ။

(င) အာမခံရယူထားသောပုဂ္ဂိုလ်သည် စစ်ပွဲ သို့မဟုတ် ရာဇဝတ်မှုနှိမ်နင်းရေးတွင် စစ်သား၊ ရဲ သို့မဟုတ် စေတနာ့ဝန်ထမ်း နှင့် ဆန္ဒအလျောက်ပါဝင်သူအဖြစ် ဝင်ရောက်သည့်အခါ၊ ဥပဒေမှတားမြစ်ထားသော စိတ်ကိုပြောင်းလဲစေသောအရာအပါအဝင် ဥပဒေမှတားမြစ် ထားသော အရက်ပမာဏကို အလွန်အကျွံ သောက်သုံးသောအခါ၊ စိတ်ကျန်းမာရေး ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ မိမိကိုယ်ကိုသတ်သေမှု၊ မိမိကိုယ်ကိုသတ်သေ ရန်ကြံစည်မှု သို့မဟုတ် မိမိကိုယ်ကို ဒဏ်ရာရအောင် လုပ်ဆောင်သည့်အခါ

(စ) ခရီးသည်တင်လေယာဉ်တွင် လေယာဉ်စီးခရီးသည်အဖြစ်စီးနင်းသည်မဟုတ်ဘဲ အခြား လေကြောင်းဆိုင်ရာ လုပ်ဆောင်မှုများတွင် ပါဝင်သည့်အခါ သို့မဟုတ်

(ဆ) အသက်အာမခံထားသူ/ ပေါ်လစီပိုင်ရှင် / အာမခံအကျိုးခံစားခွင့်ရှိသူ ၏ ဥပဒေနှင့်မညီသောလုပ်ဆောင်ချက်ကြောင့် သော်လည်းကောင်း၊ မြန်မာနိုင်ငံ၏ ပြစ်မှုဆိုင်ရာဥပဒေတွင် အပြစ်ရှိသည်ဟုသတ်မှတ်ထားသည့် လုပ်ဆောင်ချက်များကြောင့်

သော်လည်းကောင်း အသက်အာမခံထားသူကို တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ထာဝစဉ်မသန်မစွမ်း ဖြစ်စေသည့်အခါ

အကျိုးခံစားခွင့်လွှဲပြောင်းခံရသူသည် တစ်ယောက်ထက်ပိုမိုနေပြီး ၎င်းတို့ထဲမှ တစ်ယောက် သို့မဟုတ် အချို့သည် အသက်အာမခံသူကို ထာဝစဉ်မသန်မစွမ်းဖြစ်အောင် တမင်ကြံရွယ်လုပ်ဆောင်လျှင် Chubb Life အနေဖြင့် ယခုစည်းမျဉ်းစည်းကမ်းများတွင် ဖော်ပြထားသည့်အတိုင်း အကျိုးခံစားခွင့်များကို အခြားအကျိုးခံစားခွင့် လွှဲပြောင်းခံရသူများကို လွှဲပြောင်းပေးခွင့်ရှိသည်။

၈.၂ နောက်ဆက်တွဲ ၂ အရ မတော်တဆသေဆုံးမှုနှင့် မသန်စွမ်းမှုအတွက် အကျိုးခံစားခွင့်တွင် အကျုံးမဝင်သည့်အချက်များ -

အသက်အာမခံထားသူသည် အောက်ပါအချက်များကြောင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ သေဆုံးလျှင်သော်လည်းကောင်း၊ ဒဏ်ရာရရှိလျှင်သော်လည်းကောင်း Chubb Life သည် မတော်တဆသေဆုံးမှု သို့မဟုတ် မသန်စွမ်းမှုအတွက် အကျိုးခံစားခွင့်ကို ပေးမည်မဟုတ်ပါ။

- စစ်ပွဲ သို့မဟုတ် စစ်ရေးစစ်ရာတွင်ပါဝင်ခြင်း၊ ရန်သူ၏ ပြုလုပ်မှုတစ်စုံတစ်ရာ ( စစ်ကြေညာသည်ဖြစ်စေ မကြေညာသည်ဖြစ်စေ)။ ပြည်တွင်းစစ်၊ ထကြွခြင်း၊ တော်လှန်ခြင်း၊ သူပုန်ထခြင်း၊ စစ်အာဏာသိမ်းခြင်း သို့မဟုတ် မတရားအာဏာ ရယူခြင်းတို့တွင် ပါဝင်ခြင်း
- စစ်ပွဲအတွင်း လက်နက်ကိုင်တပ်များတွင် တာဝန်ထမ်းခြင်း (စစ်ကြေညာသည်ဖြစ်စေ မကြေညာသည်ဖြစ်စေ) သို့မဟုတ် တိုက်ပွဲများတွင်ပါဝင်ခြင်း သို့မဟုတ် နိုင်ငံငြိမ်းချမ်းမှု ပြန်လည်ထူထောင်ရာတွင်ပါဝင်ခြင်း
- လုံးထွေးသတ်ပုတ်ခြင်းတွင်ပါဝင်ခြင်း၊ ရန်ပွဲ သို့မဟုတ် ဖမ်းဆီးသည်ကိုခုခံခြင်း
- အတက်ရောဂါ၊ အူကျရောဂါ၊ လိင်ပိုင်းဆိုင်ရာမှ တစ်ဆင့်ကူးစက်တတ်သောရောဂါ၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါ၊ အစားအစာနှင့်အဖျော်ယမကာအဆိပ်ဖြစ်ခြင်း သို့မဟုတ် ကုသမှုခံယူနေစဉ်ကာလအတွင်း ရုတ်တရက်သေဆုံးခြင်း
- ကိုယ်ဝန်ဆောင်ခြင်း သို့မဟုတ် ကိုယ်ဝန်ပျက်ကျခြင်း
- နာမကျန်းဖြစ်ခြင်း တစ်ခုခု။
- မတော်တဆမှုကို တမင်ဖြစ်စေခြင်း သို့မဟုတ် ဥပဒေမှတားမြစ်ထားသော အရက်ပမာဏကို အလွန်အကျွံသောက်သုံးသောကြောင့် မတော်တဆမှုတစ်ခုတွင် ပါဝင်ပတ်သက်မိခြင်း သို့မဟုတ် မူးယစ်ဆေးဝါးကြောင့် သို့မဟုတ် ဥပဒေမှတားမြစ်ထားသော

စိတ်ကိုပြောင်းလဲစေသောအရာများကို သုံးစွဲသောကြောင့် မတော်တဆမှုတွင် ပါဝင်ပတ်သက်မိခြင်း၊ စိတ်ကျန်းမာရေးကောင်းလျက်ဖြစ်စေ၊ မကောင်း၍ဖြစ်စေ မိမိကိုယ်ကိုသတ်သေမှု၊ မိမိကိုယ်ကိုသတ်သေရန် ကြံစည်မှု သို့မဟုတ် မိမိကိုယ်ကို ဒဏ်ရာရအောင် လုပ်ဆောင် ခြင်း။

- အသက်အာမခံထားသူ/ ပေါ်လစီပိုင်ရှင် / အာမခံအကျိုးခံစားခွင့်ရှိသူ ၏ ဥပဒေနှင့်မညီသောလုပ်ဆောင်ချက်ကြောင့် သော်လည်းကောင်း၊ မြန်မာနိုင်ငံ၏ ပြစ်မှုဆိုင်ရာဥပဒေတွင် အပြစ်ရှိသည်ဟုသတ်မှတ်ထားသည့် လုပ်ဆောင်ချက်များကြောင့် သော်လည်းကောင်း မိမိကိုယ်တိုင်ကို ဖြစ်စေ၊ လူ့အဖွဲ့အစည်းကိုဖြစ်စေ၊ အန္တရာယ်ဖြစ်စေခြင်း၊ သေဆုံးမှု များဖြစ်စေခြင်း
- အခြားသူ၏ အသက်အန္တရာယ်ကို ကယ်ဆယ်ရန်ကြိုးပမ်းသည့် ကိစ္စရပ်မှတစ်ပါး အမြင့်လေထီးခုန်ခြင်း၊ တောင်တက်ခြင်း၊ အမဲလိုက်ခြင်း၊ မြင်းစီးပြိုင်ခြင်၊ ကားပြိုင်ခြင်း၊ ရေငုပ်ခြင်း သို့မဟုတ် အန္တရာယ်မကင်းသော အလားတူလုပ်ဆောင်ချက်များကို လုပ်ဆောင်ခြင်း
- အားကစားလှုပ်ရှားမှုများတွင်အသက်မွေးဝမ်းကြောင်းလုပ်ငန်းအဖြစ် ဝင်ရောက်လုပ်ဆောင် ခြင်း
- ခရီးသည်တင်လေယာဉ်တွင် လေယာဉ်စီးခရီးသည်အဖြစ်စီးနင်းသည်မဟုတ်ဘဲ အခြားလေကြောင်းဆိုင်ရာ လုပ်ဆောင်မှုများပြုလုပ်ခြင်း
- အာမခံပေါ်လစီထုတ်ပေးသည့်နေ့မတိုင်မီ သို့မဟုတ် အာမခံပေါ်လစီမထုတ်ပေးခင် သို့မဟုတ် နောက်ဆက်တွဲအာမခံအကျိုးခံစားခွင့် သက်ရောက်သည့်နေ့မတိုင်ခင် သို့မဟုတ် အာမခံပေါ်လစီ ပြန်လည်အသက်သွင်းသည့်နေ့ရက်မတိုင်ခင် ရုပ်ပိုင်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ချွတ်ယွင်းချက်ရှိခြင်း

၈.၃ နောက်ဆက်တွဲ ၂ ၏ အပိုဒ် ၂ သို့မဟုတ် နောက်ဆက်တွဲ ၂၏အ ပိုဒ် ၃ အရ ဆေးရုံတက်ခြင်းအတွက်အကျိုးခံစားခွင့်တွင် သို့မဟုတ် ဆေးရုံတက်ခြင်းအတွက် အထူးအကျိုးခံစားခွင့်တွင် အကျုံးမဝင်သည့်အချက်များ

အသက်အာမခံထားသူသည် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ အောက်ပါအချက်များကြောင့် ဆေးရုံတွင်အတွင်းလူနာအဖြစ်တက်ရောက်ရသည့်အခါ Chubb Life သည် ဆေးရုံတက်ခြင်း အတွက်အကျိုးခံစားခွင့် သို့မဟုတ် ဆေးရုံတက်ခြင်းအတွက် အထူးအကျိုးခံစားခွင့်များကို မပေးပါ။

- အပိုဒ်ခွဲ ၁.၃၉ တွင် သတ်မှတ်ထားသော ရှိရင်းစွဲကျန်းမာရေး အခြေအနေဖြစ်ခြင်း။
- စစ်ပွဲ သို့မဟုတ် စစ်ရေးစစ်ရာတွင်ပါဝင်ခြင်း၊ အကြမ်းဖက်ခြင်း၊ ရန်သူ၏ပြုလုပ်မှု တစ်စုံတစ်ရာ (စစ်ကြေညာသည်ဖြစ်စေ မကြေညာသည်ဖြစ်စေ)။ ပြည်တွင်းစစ်၊ ထကြွခြင်း၊ တော်လှန်ခြင်း၊ ပုန်ကန်ခြင်း၊ စစ်တပ်အာဏာသိမ်းခြင်း သို့မဟုတ် မတရားအာဏာရယူခြင်း
- စစ်ပွဲအတွင်း လက်နက်ကိုင်တပ်များတွင် တာဝန်ထမ်းခြင်း ( စစ်ကြေညာသည်ဖြစ်စေ မကြေညာသည်ဖြစ်စေ) သို့မဟုတ် တိုက်ပွဲများတွင်ပါဝင်ခြင်း သို့မဟုတ် နိုင်ငံငြိမ်းချမ်းမှု ပြန်လည်ထူထောင်ရာတွင်ပါဝင်ခြင်း
- ရှုန်းရင်းဆန်ခတ်မှု တွင်ပါဝင်ခြင်း၊ ရန်ပွဲ သို့မဟုတ် ဖမ်းဆီးသည်ကိုခုခံခြင်း
- အရက်၊ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောအရာများကိုသုံးစွဲသောကြောင့် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ဖြစ်ပေါ်သော အခြေအနေများကြောင့် တောင်းဆိုခြင်းများ၊ စိတ်ကျန်းမာရေးကောင်းလျက်ဖြစ်စေ၊ မကောင်း၍ဖြစ်စေ မိမိကိုယ်ကို သတ်သေမှု၊ မိမိကိုယ်ကိုသတ်သေရန် ကြံစည်မှု သို့မဟုတ် မိမိကိုယ်ကို ဒဏ်ရာရအောင် လုပ်ဆောင်မှု၊ အသက်အာမခံထားသူ/ ပေါ်လစီပိုင်ရှင် / အာမခံအကျိုးခံစားခွင့်ရှိသူ၏ ဥပဒေနှင့်မညီသောလုပ်ဆောင်ချက်ကြောင့်သော်လည်းကောင်း၊ မြန်မာနိုင်ငံ၏ ပြစ်မှုဆိုင်ရာ ဥပဒေတွင် အပြစ်ရှိသည်ဟုသတ်မှတ်ထားသည့် လုပ်ဆောင်ချက်များကြောင့် သော်လည်း ကောင်း၊ မိမိကိုယ်တိုင်ကို ဖြစ်စေ၊ လူ့အဖွဲ့အစည်းကိုဖြစ်စေ၊ အန္တရာယ်ဖြစ်စေခြင်း၊ သေဆုံးခြင်းများဖြစ်စေခြင်း
- အမြင့်လေထီးခုန်ခြင်း၊ တောင်တက်ခြင်း၊ အမဲလိုက်ခြင်း၊ မြင်းစီးပြိုင်ခြင်း၊ ကားပြိုင်ခြင်း၊ ရေငုပ်ခြင်း နှင့် အန္တရာယ်မကင်းသော အလားတူလုပ်ဆောင်ချက်များကို လုပ်ဆောင်ခြင်း
- အားကစားလှုပ်ရှားမှုများအား အသက်မွေးဝမ်းကြောင်းလုပ်ငန်းအဖြစ်လုပ်ကိုင်ခြင်း သို့မဟုတ် အန္တရာယ်များသော အားကစားလှုပ်ရှားမှုများအား လုပ်ဆောင်ခြင်း
- ခရီးသည်တင်လေယာဉ်တွင် လေယာဉ်စီးခရီးသည်အဖြစ် စီးနင်းသည်မဟုတ်ဘဲ အခြား လေကြောင်းဆိုင်ရာ လှုပ်ရှားမှုများလုပ်ဆောင်ခြင်း
- ပလတ်စတစ်ဆာဂျရီခွဲစိတ်မှုပြုလုပ်ခြင်း၊ အသားစ သို့မဟုတ် ကိုယ်အင်္ဂါအစိတ်အပိုင်း များကို လှူဒါန်း/ပေးကမ်းခြင်း၊ လိင်ပြောင်းလဲရန် ခွဲစိတ်မှုပြုလုပ်ခြင်း သို့မဟုတ် ကျန်းမာရေးအတွက် လိုအပ်သော ရောဂါနှင့်ဒဏ်ရာကို ကုသရန်မဟုတ်ဘဲ မိမိသဘော အလျောက်ဆောင်ရွက်သော ခွဲစိတ်မှုများ ပြုလုပ်ခြင်း

- သွားဘက်ဆိုင်ရာကုသမှု
- အာမခံကာလအတွင်းဖြစ်ပွားသော မတော်တဆမှုတစ်ခုကြောင့် မဟုတ်ဘဲ မျက်လုံးခွဲစိတ်ကုသမှုများ
- ခုခံအားကျဆင်းမှုကူးစက်ရောဂါ/ခုခံအားကျဆင်းသည့်ရောဂါပိုး သို့မဟုတ် လိင်မှတစ်ဆင့်ကူးစက်တတ် သောရောဂါများကို ကုသခြင်း
- ကျန်းမာရေးအတွက် လိုအပ်သော ရောဂါ သို့မဟုတ် ဒဏ်ရာကို ဆေးဝါးကုသခြင်းနှင့်မသက်ဆိုင်သော ဆေးဝါးဆိုင်ရာစမ်းသပ်မှုများတွင် အစမ်းသပ်ခံ ကုသမှုခံယူခြင်း
- ကိုယ်ဝန်ဆောင်ခြင်း၊ မွေးဖွားခြင်း၊ မျိုးမအောင်ခြင်း၊ သန္ဓေတားခြင်း၊ သားကြောဖြတ်ခြင်း၊ မွေးရာပါချွတ်ယွင်းချက်ပါခြင်း၊ လိင်တံထိပ်အရေပြားဖြတ်ခြင်း၊ အမျိုးသားအင်္ဂါထိပ်ကျဉ်းခြင်း သို့မဟုတ် ကိုယ်ဝန်ပျက်ကျခြင်း
- စိတ်ရောဂါကုသမှုခံယူခြင်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာချို့ယွင်းခြင်း
- ပြုစုစောင့်ရှောက်ခြင်း ၊ ပြန်လည်နလန်ထခြင်း သို့မဟုတ် နလန်ထူထောင်အောင်လုပ်သော ကုထုံး
- ဆေးဝါးဆိုင်ရာကုထုံး သို့မဟုတ် တိုင်းရင်းဆေးကုသခြင်းနည်းလမ်းများဖြင့်ကုသခြင်း။

၈.၄. အပိုဒ် ၄ အရ ပြင်းထန်ရောဂါအကျိုးခံစားခွင့်တွင် အကျုံးမဝင်သည့်အချက်များ

အာမခံထားသူသည် အောက်ပါအချက်များထဲမှ တစ်ခုခုဖြင့် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်ဖြစ်စေ သေဆုံးခြင်း သို့မဟုတ် ဒဏ်ရာရသည့်အခါ Chubb Life သည် ပြင်းထန်ရောဂါအကျိုးခံစားခွင့်ကို ခံစားခွင့်မပေးပါ

- အပိုဒ်ခွဲ ၁.၃၉ တွင်ဖော်ပြထားသည့် ရှိရင်းစွဲကျန်းမာရေး အခြေအနေ
- မွေးရာပါရောဂါ သို့မဟုတ် မွေးရာပါချွတ်ယွင်းချက်
- ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကူးစက်ခံရခြင်း သို့မဟုတ် ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် ပတ်သက်သောရောဂါများ
- စိတ်ကျန်းမာရေးကောင်းသည်ဖြစ်စေ မကောင်းသည်ဖြစ်စေ မိမိကိုယ်ကို တမင်ဒဏ်ရာရအောင်လုပ်ဆောင်မှု
- အရက်၊ ဆေးဝါး၊ စိတ်ကိုပြောင်းလဲစေသောအရာများနှင့် မူးယစ်ဆေးဝါး သောက်သုံးသုံးစွဲမှုများကြောင့် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ မတော်တဆမှုဖြစ်ခြင်း သို့မဟုတ် ပြင်းထန်ရောဂါ ခံစားရခြင်း

- ခရီးသည်တင်လေယာဉ်တွင် လေယာဉ်စီးခရီးသည်အဖြစ်စီးနင်းသည်မဟုတ်ဘဲ အခြား လေကြောင်းဆိုင်ရာ လုပ်ရှားမှုများလုပ်ဆောင်ခြင်း
- အခြားသူ၏ အသက်အန္တရာယ်ကို ကယ်ဆယ်ရန်ကြိုးပမ်းသည့် ကိစ္စရပ်မှတစ်ပါး အမြင့်လေထီးခုန်ခြင်း၊ တောင်တက်ခြင်း၊ အမဲလိုက်ခြင်း၊ မြင်းစီးပြိုင်ခြင်၊ ကားပြိုင်ခြင်း၊ ရေငုပ်ခြင်း သို့မဟုတ် အန္တရာယ်မကင်းသော အလားတူလုပ်ဆောင်ချက်များကို လုပ်ဆောင်ခြင်း
- အသက်အာမခံထားသူ/ ပေါ်လစီပိုင်ရှင် / အာမခံအကျိုးခံစားခွင့်ရှိသူ အားကျန်းမာရေးအရ တိုက်ရိုက်သော်လည်းကောင်း သို့မဟုတ် သွယ်ဝိုက်၍သော်လည်းကောင်း ထိခိုက်စေနိုင်မည့် ဥပဒေနှင့်မညီသော လုပ်ဆောင်ချက်များ၊ မြန်မာနိုင်ငံ၏ ပြစ်မှုဆိုင်ရာ ဥပဒေတွင် အပြစ်ရှိသည်ဟု သတ်မှတ်ထားသည့် လုပ်ဆောင်ချက်များကြောင့် မိမိကိုယ်တိုင်ကိုဖြစ်စေ၊ လူ့အဖွဲ့အစည်းကိုဖြစ်စေ အန္တရာယ်ဖြစ်စေခြင်း၊ သေဆုံးခြင်းများဖြစ်စေခြင်း
- လူ့ခန္ဓာကိုယ်အတွင်းရှိ တစ်ရှူး သို့မဟုတ် ကိုယ်အင်္ဂါကို ရောင်းချခြင်း
- ကျန်းမာရေးအတွက် လိုအပ်သော ရောဂါ သို့မဟုတ် ဒဏ်ရာကို ဆေးဝါးကုသခြင်းနှင့်မသက်ဆိုင်သော ဆေးဝါးဆိုင်ရာစမ်းသပ်မှုများတွင် အစမ်းသပ်ခံ ကုသမှုခံယူခြင်း
- အသက်အာမခံထားသူ၏ ပြင်းထန်ရောဂါလက္ခဏာသည် စောင့်ဆိုင်းကာလမတိုင်ခင် ကတည်းက ဖြစ်ပေါ်သည်ဟု ဆရာဝန် သို့မဟုတ် ဆေးပညာအထောက်အထားအရ တွေ့ရှိရခြင်း

၈.၅ ပရီမီယံအကျိုးခံစားခွင့်စွန့်လွှတ်ခြင်း (နောက်ဆက်တွဲ ၂၊ စာပိုဒ် ၅ တွင်ဖော်ပြထားသော သတ်မှတ်ချက်များ) အတွက် အကျုံးမဝင်သည့်အချက်များမှာ အထက်ဖော်ပြပါ စာပိုဒ် ၈.၄ နှင့်၊ ပေးဆောင်သူကပရီမီယံကြေးကင်းလွတ်ခွင့် အကျိုးခံစားခွင့်များ (နောက်ဆက်တွဲ ၂၊ စာပိုဒ် ၆ တွင်ဖော်ပြထားသော သတ်မှတ်ချက်များ) အတွက် အကျုံးမဝင်သည့်အချက်များမှာ အထက်ဖော်ပြပါ စာပိုဒ် ၈.၁ နှင့် ၈.၄ အတိုင်း ဖြစ်ပါသည်။

၈.၆ ဤအာမခံပေါ်လစီသည် ကုန်သွယ်စည်းပွားရေးနှင့်ဆိုင်သော တားမြစ်ပိတ်ဆို့မှုများ (သို့မဟုတ်) အခြား ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများအရ တားမြစ်မှုများကြောင့် Chubb Life မှ အာမခံအကာအကွယ်မပေးနိုင်သော အခြေအနေများ၊ လျော်ကြေးမပေးနိုင်သော အခြေအနေများ

အစရှိသည့် အခြေအနေအရပ်ရပ်တွင် အကျုံးမဝင်ပါ။ ဤစည်းမျဉ်းစည်းကမ်းများတွင်ပါသော စည်းမျဉ်းစည်းကမ်းများအား ပြောင်းလဲမှုမရှိပါ။

**အခန်း ၃ - ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကျိုးခံစားခွင့် - Universal Life အာမခံ ရန်ပုံငွေ**

**အပိုဒ် - ၉ အာမခံပေါ်လစီသက်တမ်းစေ့အကျိုးခံစားခွင့်များ**

၉.၁ အပိုဒ် ၂.၃ နှင့်အညီ အာမခံပေါ်လစီ၏ သက်တမ်းစေ့သည့်နေ့တွင် ပေါ်လစီအကောင့်တန်ဖိုးကို Chubb Life သည်ပေးရမည်။

**အပိုဒ် - ၁၀ ပေါ်လစီအကောင့်တန်ဖိုးနှင့်အာမခံအတိုးနှုန်း**

၁၀.၁ Universal Life အာမခံ ရန်ပုံငွေ၏ ရင်းနှီးမြှုပ်နှံမှုမှရရှိလာသော အကျိုးအမြတ်ကို ပေါ်လစီပိုင်ရှင်သည် ရရှိပိုင်ခွင့်ရှိသည်။ အဆိုပါအကျိုးခံစားခွင့်ကို ယခုစည်းမျဉ်းစည်းကမ်းများ၏ အပိုဒ် ၁၆ တွင် ဖော်ပြထားသည့် အတိုးနှုန်းအတိုင်း လစဉ်အတိုးနှုန်းတွက်ချက်၍ ပေါ်လစီပိုင်ရှင်၏ ပေါ်လစီအကောင့် တန်ဖိုးတွင် ထည့်သွင်းပေးသွားမည်ဖြစ်သည်။

၁၀.၂ Universal Life အာမခံ ရန်ပုံငွေ၏ ရင်းနှီးမြှုပ်နှံမှုရလဒ် မည်သို့ပင်ရှိနေစေကာမူ၊ Chubb Life သည် ပေါ်လစီအကောင့်တန်ဖိုး၏ အနည်းဆုံးအတိုးနှုန်းကို အောက်ပါအတိုင်းထည့်သွင်းပေးသွားမည် ဟုအာမခံပါ သည်။

အနည်းဆုံးအာမခံပေးထားသော အတိုးနှုန်းမှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ အခါအားလျော်စွာ ထုတ်ပြန်ကြေညာသော အပ်ငွေအတိုးနှုန်းအပေါ် ၃ ရာခိုင်နှုန်းခြားနား၍ ပေါ်လစီပိုင်ရှင်များ၏ ရပိုင်ခွင့် အနေဖြင့် ပေးအပ်မည်ဖြစ်ပါသည်။

၁၀.၃ လစဉ်ငွေနုတ်ယူရန်သတ်မှတ်သောနေ့တွင် ပေါ်လစီအကောင့်တန်ဖိုးသည် ယခင်လ၏ သက်ဆိုင်ရာ နေ့တွင်ရှိသော ပေါ်လစီအကောင့်တန်ဖိုး နှင့် အောက်တွင်ဖော်ပြထားသော ငွေပမာဏ အတိုးအလျှော့ပေါ် မူတည်၍ဆုံးဖြတ်သည်။

(က) ပေါ်လစီလတွင်ထည့်သွင်းသော ခွဲဝေသတ်မှတ်ထားသောပရီမီယံအား ပေါင်းထည့်ခြင်း (ပေါ်လစီပိုင်ရှင်က ပရီမီယံထည့်သွင်းလျှင် )

(ခ) လစဉ်နုတ်ယူငွေများနုတ်ယူခြင်း

(ဂ) ပေါ်လစီအကောင့်တန်ဖိုးတွက်ချက်သောလ၏ အတိုးနှုန်းအားပေါင်းထည့်ခြင်း

## အပိုဒ် - ၁၁ ပြန်အမ်းငွေတန်ဖိုးထဲမှ ပေါ်လစီချေးငွေကိုထုတ်ယူရန် တောင်းခံနိုင်ခွင့်

၁၁.၁ အာမခံပေါ်လစီသက်တမ်း တစ်(၁)နှစ်ရှိပြီး ပြန်အမ်းငွေတန်ဖိုးနှင့်အတူ အာမခံပေါ်လစီသက်တမ်းရှိနေသည့်ကာလတွင် ပေါ်လစီပိုင်ရှင်သည် Chubb Life က အခါအားလျော်စွာ သတ်မှတ်ပေးထားသော ပြန်အမ်းငွေတန်ဖိုး အနိမ့်ဆုံးအဆင့်ထက်မနည်းဘဲ၊ ရှစ်ဆယ်ရာခိုင်နှုန်း (၈၀%) နှုန်းထက်မကျော်လွန်စေဘဲ ပေါ်လစီချေးငွေကိုထုတ်ယူနိုင်သည်။ ဤစည်းမျဉ်းစည်းကမ်းများပါ အပိုဒ်ခွဲ ၁၈.၆ တွင်ဖော်ပြထားသည့်အတိုင်း ပေါ်လစီချေးငွေအတွက် ပေါ်လစီချေးငွေဝန်ဆောင်ခကို Chubb Life သည် ကောက်ခံမည်ဖြစ်သည်။

၁၁.၂ ပြန်အမ်းငွေထဲမှ ပေါ်လစီချေးငွေထုတ်ယူခြင်းသည် အာမခံပေါ်လစီ၏ အာမခံအကျိုးခံစားခွင့် သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုအကျိုးခံစားခွင့်ကို မသက်ရောက်စေရပါ။

## အပိုဒ် - ၁၂ ပေါ်လစီချေးငွေနှင့်ပေါ်လစီချေးငွေဝန်ဆောင်ခကို ပြန်လည်ပေးအပ်ခြင်း

၁၂.၁ ပေါ်လစီပိုင်ရှင်သည် ပေါ်လစီချေးငွေကို တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ အားလုံးကိုဖြစ်စေ ပေါ်လစီချေးငွေဝန်ဆောင်ခနှင့်အတူ ယခုစည်းမျဉ်းစည်းကမ်းများပါ အပိုဒ်ခွဲ ၁၈.၆ နှင့်အညီ မည်သည့်အချိန်တွင်မဆို ပြန်လည်ပေးဆပ်ပါမည်။ အနည်းဆုံးပြန်လည်ပေးဆပ်နိုင်သည့်ပမာဏကို Chubb Life မှ အခါအားလျော်စွာ ထုတ်ပြန်မည်။

၁၂.၂ ပေါ်လစီချေးငွေနှင့် ပေါ်လစီချေးငွေဝန်ဆောင်ခများသည် ပေါ်လစီအကောင့်တန်ဖိုးထက်ကျော်လွန်သည့်အခါ အာမခံပေါ်လစီသည် ပျက်ပြယ်သည်။

၁၂.၃ အာမခံပေါ်လစီသည် အပိုဒ်ခွဲ ၁၂.၂ အရ ပေါ်လစီချေးငွေနှင့်ပေါ်လစီချေးငွေဝန်ဆောင်ခ၏ စုစုပေါင်းတန်ဖိုးသည် ပေါ်လစီအကောင့်တန်ဖိုးထက်ကျော်လွန်သောကြောင့် အာမခံပေါ်လစီပျက်ပြယ်သောအခါ ပေါ်လစီချေးငွေနှင့် ပေါ်လစီချေးငွေအတွက်ဝန်ဆောင်ခ ပြန်ပေးရန်အတွက် အသက်အာမခံထားသူကို နောက်ထပ် ရက်ပေါင်း ခြောက်ဆယ် ( ၆၀ ) အချိန်ကာလ ဆက်လက်တိုးပေးမည်ဖြစ်သည်။

၁၂.၄ အပိုဒ်ခွဲ ၁၂.၃ တွင်ဖော်ပြထားသည့်အတိုင်း ပေါ်လစီချေးငွေနှင့်ပေါ်လစီချေးငွေဝန်ဆောင်ခများ ပြန်လည်ပေးဆပ်ရန်အတွက် တိုးပေးထားသည့် ရက်ပေါင်း ခြောက်ဆယ် ( ၆၀ ) ကာလအတွင်း ပေါ်လစီပိုင်ရှင်သည် ပေါ်လစီချေးငွေနှင့်ပေါ်လစီချေးငွေဝန်ဆောင်ခများ ပြန်လည်ပေးဆောင်ရန် ပျက်ကွက်ခြင်း သို့မဟုတ် ပေါ်လစီအကောင့်တန်ဖိုးသည် ပေါ်လစီချေးငွေနှင့်ပေါ်လစီချေးငွေဝန်ဆောင်ခများထက် ဆက်လက်ကျော်လွန်နေပါက ပေါ်လစီအကောင့်တန်ဖိုးကိုကျော်လွန်သည့်နေ့မှစ၍ အာမခံပေါ်လစီသည် အလိုအလျောက်ရပ်စဲသွားသည်ဟု သတ်မှတ်မည်ဖြစ်သည်။

## အပိုဒ် - ၁၃ ပေါ်လစီပိုင်ရှင်၏လိုအပ်ချက်အရ ပေါ်လစီအကောင့်တန်ဖိုး၏ တစ်စိတ်တစ်ပိုင်း ပြန်အမ်းငွေ ထုတ်ပေးခြင်း

၁၃.၁ အာမခံပေါ်လစီ အသက်ဝင်ပြီးနောက် အာမခံပေါ်လစီသက်တမ်း ကျန်ရှိနေသည့်ကာလတွင် ပေါ်လစီပိုင်ရှင်သည် ပေါ်လစီအကောင့်တန်ဖိုး၏ တစ်စိတ်တစ်ပိုင်းပြန်အမ်းငွေထုတ်ယူရန် Chubb Life သို့ စာဖြင့်ရေးသား တောင်းဆိုနိုင်သည်။ Chubb Life မှ ပေါ်လစီပိုင်ရှင်သို့ အကြောင်းကြားစာ ပြန်လည်ထုတ်ပေးသည့်နေ့တွင် ပေါ်လစီပိုင်ရှင်၏ တောင်းဆိုမှုကို တရားဝင်လက်ခံသည်ဟု ယူဆရမည်။

၁၃.၂ ပေါ်လစီအကောင့်တန်ဖိုး၏ တစ်စိတ်တစ်ပိုင်း ပြန်အမ်းငွေထုတ်ပေးခြင်းသည် ပေါ်လစီနှစ်တစ်နှစ်အတွင်း နှစ် ( ၂ ) ကြိမ်ထက် မပိုစေရပဲ တောင်းဆိုမှု၏ အများဆုံးတန်ဖိုးသည် ပြန်အမ်းငွေတန်ဖိုး၏ ရှစ်ဆယ်ရာခိုင်နှုန်း ( ၈၀ % ) နှင့် ညီနေရမည်။

၁၃.၃ ပေါ်လစီအကောင့်တန်ဖိုး၏ တစ်စိတ်တစ်ပိုင်းပြန်အမ်းငွေတန်ဖိုးသည် ယခုစည်းမျဉ်းစည်းကမ်းပါ အပိုဒ်ခွဲ ၁၈.၅ အရဖြစ်ပြီး ပေါ်လစီအကောင့်တန်ဖိုးထဲမှ နုတ်သွားမည်ဖြစ်သည်။

၁၃.၄ ပေါ်လစီပိုင်ရှင်သည် ပေါ်လစီအကောင့်တန်ဖိုးထဲမှ တစ်စိတ်တစ်ပိုင်းကို ပြန်အမ်းရရှိပြီးပါက အခြေခံအာမခံအကျိုးခံစားခွင့်များသည်လည်း ထုတ်ယူလိုက်သည့် ပမာဏနှင့်အညီ လျော့နည်းသွားမည်ဖြစ်သည်။

၁၃.၅ ပေါ်လစီပိုင်ရှင်သည် ပေါ်လစီအကောင့်တန်ဖိုးထဲမှ တစ်စိတ်တစ်ပိုင်းပြန်အမ်းရန်တောင်းဆိုမှုကြောင့် အခြေခံအကျိုးခံစားခွင့်ကို ယခုစည်းမျဉ်းစည်းကမ်းပါ အပိုဒ် ၂၂ အတိုင်းညှိနှိုင်းဆောင်ရွက်ရမည်ဆိုပါက Chubb Life သည် ပေါ်လစီအကောင့်တန်ဖိုး၏ တစ်စိတ်တစ်ပိုင်း ပြန်အမ်းငွေထုတ်ပေးရန်တောင်းဆိုခြင်းကို အောက်ပါအတိုင်းလုပ်ဆောင်ပေးမည်ဖြစ်သည်

(က) ထုတ်ယူသည့်ပမာဏကို အခြေခံအကျိုးခံစားခွင့်၏ အာမခံတန်ဖိုးမှ နုတ်ယူမည်ဖြစ်ပါသည်။

(ခ) အခြေခံအကျိုးခံစားခွင့် ၏ အာမခံတန်ဖိုးသည် ပေါ်လစီအကောင့်တန်ဖိုး၏ တစ်စိတ်တစ်ပိုင်း ပြန်အမ်းငွေတန်ဖိုး ထုတ်ယူခြင်း အတွက် မလုံလောက်ပါက အခြေခံအကျိုးခံစားခွင့်၏ အာမခံတန်ဖိုးသည် ထုတ်ယူသည့် ပမာဏအတိုင်း အချိုးကျ လျော့နည်းသွားမည်ဖြစ်ပါသည်။

၁၃.၆ ပေးသွင်းရမည့်ပရီမီယံပမာဏထက် အပိုပေးသောပမာဏ စာပိုဒ်(၁.၁၄)တွင် ဖော်ပြထားသော အပို ပရီမီယံသည် အပိုအကောင့်တန်ဖိုးထဲသို့ ရောက်ရှိသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ

အခါအားလျော်စွာ ထုတ်ပြန်ကြေညာသော အပ်ငွေအတိုးနှုန်းအပေါ် ၃ ရာခိုင်နှုန်းခြားနား၍ အပိုပရီမီယံ ၏ အတိုးအနေဖြင့် စာရင်းပေးသွင်းပါမည်။ စာပိုဒ် ၁၈.၁(က)တွင် ဖော်ပြထားသကဲ့သို့ အပိုပရီမီယံ အတွက် ကနဦးအခကြေးငွေနှုတ်ဖြတ်ခြင်းမရှိပါ။ ထို့အတူ စာပိုဒ် ၁၈.၄(ဂ)တွင် ဖော်ပြထားသကဲ့သို့ ပေါ်လစီရုပ်စဲခြင်းအတွက် ကျသင့်ဝန်ဆောင်ခကို အပိုအကောင့်မှလည်း ထည့်တွက်ခြင်းမရှိပါ။ အတိုးနှင့်အတူ အပိုပရီမီယံများအား ပေါ်လစီအသက်ဝင်နေစဉ် ကာလတစ်လျှောက် မည်သည့်အချိန် တွင်မဆို ထုတ်ယူနိုင်ပါသည်။ ထို့အပြင် စုစုပေါင်းအကောင့်တန်ဖိုး (ပေါ်လစီအကောင့်တန်ဖိုးနှင့် အပိုအကောင့်တန်ဖိုးပေါင်းရလဒ်) ထဲမှ ယခင်ချေးယူထားသော ပေါ်လစီချေးငွေ(ရှိခဲ့လျှင်)နှင့် ချေးငွေ ဝန်ဆောင်ခ (ရှိခဲ့လျှင်) နှုတ်ဖြတ်ပြီးသောအခါ လက်ကျန်ငွေရှိနေရပါမည်။

## အပိုဒ် - ၁၄ Universal Life အာမခံ ရန်ပုံငွေ၏ ရင်းနှီးမြှုပ်နှံမှုပေါ်လစီ

၁၄.၁ Chubb Life ၏ Universal Life အာမခံမှ ခွဲဝေသတ်မှတ်ပေးထားသော ပေးဆောင်ရမည့် ပရီမီယံသည် Universal Life အာမခံ ရန်ပုံငွေတွင် အောက်တွင်ဖော်ပြထားသည့်အတိုင်း ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။

၁၄.၂ Universal Life အာမခံ ရန်ပုံငွေသည် နိုင်ငံ၏ ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများအတိုင်း စီမံခန့်ခွဲပြီး ရင်းနှီးမြှုပ်နှံသည်

၁၄.၃ Chubb Life သည် Universal Life အာမခံ ရန်ပုံငွေ ပေါ်တွင်ရင်းနှီးမြှုပ်နှံရာတွင် Universal Life အာမခံ ရန်ပုံငွေ ကပြုလုပ်မည့် ပရောဂျက်များပေါ်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သည့်အခြေအနေ နှင့် အလားအလာပေါ် မူတည်၍ ရင်းနှီးမြှုပ်နှံမှုအတွက်ကုန်ကျစားရိတ်ကိုနုတ်ပြီးနောက် အကဲဖြတ်မည်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှု ကုန်ကျစားရိတ်ထဲတွင် အကူးအပြောင်းကာလတွင် ကုန်ကျခဲ့သော ကုန်ကျစားရိတ်များနှင့် Chubb Life မှ တတိယပုဂ္ဂိုလ်အား ပေးအပ်ရသော ဘဏ်ကုန်ကျစားရိတ်၊ ပွဲစားခ၊ ထိန်းသိမ်းစောင့်ရှောက်ခ၊ ပိုင်ဆိုင်မှုအသားတင်အဖိုးဖြတ်ငွေနှင့် ရန်ပုံငွေစီမံမှုအခကြေးငွေများ ပါဝင်သည်။

၁၄.၄ ပေါ်လစီပိုင်ရှင်၏ အကျိုးခံစားခွင့်များကိုကာကွယ်ရန်အတွက် Chubb Life သည် ရင်းနှီးမြှုပ်နှံမှုများအားလုံးကို အာမခံချက်ရှိသော နိုင်ငံတော်ဘဏ္ဍာရေးငွေချေးစာချုပ်များ သို့မဟုတ် နိုင်ငံတော်ငွေချေးစာချုပ်များ သို့မဟုတ် အစိုးရစာချုပ်များ သို့မဟုတ် အစိုးရမှအာမခံထားသော စာချုပ်များ၊ ရေရှည်ဘဏ်အပ်ငွေ၊ ပုံသေဝင်ငွေအာမခံနှင့် အခြားတည်ငြိမ်စိတ်ချရသော ငွေရေးကြေးရေး လမ်းကြောင်းများတွင် ရင်းနှီးမြှုပ်နှံထားမည်ဖြစ်သည်။ ကျေးဇူးပြု၍ သတိပြုရန်မှာ ရင်းနှီးမြှုပ်မှုများတွင် စွန့်စားမှုများရှိပါသည်။

**အပိုဒ် - ၁၅ Universal Life အာမခံ ရန်ပုံငွေ၏ လုပ်ဆောင်ချက်များနှင့်ပတ်သက်သည့် အချက်အလက်များ**

၁၅.၁ ရင်းနှီးမြှုပ်နှံမှုပေါ်လစီများ၊ ရည်ရွယ်ချက်များ၊ Universal Life အာမခံ ရန်ပုံငွေ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပိုင်ဆိုင်မှုများ ဖွဲ့စည်းတည်ဆောက်ပုံများ၏ နောက်ဆုံးရအခြေအနေများကို Chubb Life ၏ ဝက်ဘ်ဆိုက်တွင် တင်ပေးသွားမည်ဖြစ်သည်။

၁၅.၂ ဘဏ္ဍာရေးနှစ်ပြီးနောက် ရက်ပေါင်းကိုးဆယ်(၉၀) အတွင်း Chubb Life သည် Universal Life အာမခံ ရန်ပုံငွေ၏ ငွေကြေးဆိုင်ရာ စာရင်းဇယားများနှင့် ရင်းနှီးမြှုပ်နှံမှုအခြေခံအကျိုးအမြတ်များ အသေးစိတ်ကို ပေါ်လစီပိုင်ရှင်ထံ စာဖြင့်အကြောင်းကြားသွားမည်ဖြစ်ပြီး ထိုအကြောင်းကြားစာတွင်

- အစီရင်ခံသည့်နှစ်တွင် Universal Life အာမခံ ရန်ပုံငွေ၏ ဘဏ္ဍာရေးအခြေအနေနှင့် ပတ်သက်သောအခြေအနေများကို အကျဉ်းချုပ်ဖော်ပြချက်။
- ပြီးခဲ့သော ငါး ( ၅ ) နှစ်အတွင်း သို့မဟုတ် ငါး(၅) နှစ်မပြည့်သေးလျှင် Universal Life အာမခံ ရန်ပုံငွေ၏ အမှန်တကယ်ကြာချိန်အတွင်း ဆောင်ရွက်မှုများ
- အစီရင်ခံသည့်နှစ်အတွင်း ပေါ်လစီအကောင့်တန်ဖိုးအတွက် အသုံးချခဲ့ပြီး သို့မဟုတ် အသုံးချရန် မျှော်မှန်းထားသည့် ရင်းနှီးမြှုပ်နှံမှုအခြေခံအကျိုးခံစားခွင့် အသေးစိတ်

**အပိုဒ် - ၁၆ အတိုးနှုန်းသတ်မှတ်ခြင်း**

၁၆.၁ ကုမ္ပဏီသည် UNIVERSAL LIFE FUND ရှိ ပိုင်ဆိုင်မှုမှ အသားတင်ရင်းနှီးမြှုပ်နှံမှု အခြေအနေ ပေါ်မူတည်၍ (ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်ရှိလျှင်နုတ်၍) ၎င်းတို့မှပြန်လည်ရရှိမည့် အကျိုးအမြတ်ကို Chubb Life မှ သတ်မှတ်မည် ဖြစ်ပါသည်။

၁၆.၂ အပိုဒ်ခွဲ ၁၆.၁ တွင်ဖော်ပြထားသည့် ရင်းနှီးမြှုပ်နှံမှုမှပြန်လည်ရရှိမည့် အကျိုးအမြတ်ကိုမူတည်၍ အပိုဒ်ခွဲ ၁၆.၃ တွင် ဖော်ပြထားသော ရန်ပုံငွေစီမံခန့်ခွဲမှုဝန်ဆောင်ခကိုနုတ်ယူပြီးနောက် Chubb Life သည် ပေါ်လစီအကောင့်တန်ဖိုးအတွက် အတိုးနှုန်းကို ဆုံးဖြတ်ပြီး ကြေညာမည်ဖြစ်သည်။ အနည်းဆုံးအာမခံပေးထားသော အတိုးနှုန်းမှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ အခါအားလျော်စွာ ထုတ်ပြန်ကြေညာသော အပ်ငွေအတိုးနှုန်းအပေါ် ၃ ရာခိုင်နှုန်းခြားနား၍ ပေါ်လစီပိုင်ရှင်များ၏ ရပိုင်ခွင့် အနေဖြင့် ပေးအပ်မည်ဖြစ်ပါသည်။

၁၆.၃ ရန်ပုံငွေစီမံခန့်ခွဲမှုအတွက်ဝန်ဆောင်ခဆိုသည်မှာ Chubb Life ၏ UNIVERSAL LIFE ရန်ပုံငွေလုပ်ငန်း လည်ပတ်ရာတွင် အသုံးပြုသည့် ဝန်ထမ်းများအတွက်လစာနှင့် အပိုဆုကြေး၊ ပိုင်ဆိုင်မှုတန်ဖိုးကျဆင်း မှုတန်ဖိုးများ၊ ရင်းနှီးမြှုပ်နှံမှုစီမံခန့်ခွဲရာတွင် ဆော့ဖ်ဝဲအတွက်ကုန်ကျစားရိတ်နှင့် အခြားဆက်စပ် ကုန်ကျစားရိတ်များပါဝင်သည်။ နှစ်စဉ်ရန်ပုံငွေစီမံခန့်ခွဲမှုဝန်ဆောင်ခမှာ စုစုပေါင်းရပိုင်ခွင့်တန်ဖိုး၏ ၂% မှ ၂.၅% ဖြစ်သော အခြေခံပွိုင့် ၂၀၀ မှ ၂၅၀ ထိ ဖြစ်ပါသည်။ ရန်ပုံငွေစီမံခန့်ခွဲမှုအတွက် ဝန်ဆောင်ခကို တစ်နှစ်လျှင် ၂.၅% ဖြစ်သောအခြေခံပွိုင့် ၂၅၀ ထက်ကျော်လွန် ခြင်းမရှိစေရပါ။ ရန်ပုံငွေစီမံခန့်ခွဲမှုဝန်ဆောင်ခ ပြောင်းလဲမှုတစ်စုံတစ်ရာရှိပါက အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သို့ ခွင့်ပြုချက်တောင်းခံ၍ စတင်ကျင့်သုံးမည့်နေ့မတိုင်မီ ရက်ပေါင်း (၃၀) ကြိုတင်၍ ကုမ္ပဏီမှ ပေါ်လစီရှင်ထံစာဖြင့် ရေးသားအကြောင်းကြားခြင်းနှင့် Chubb Life ၏ ဝက်ဘ်ဆိုက်တွင်လည်း တင်ပြပေးသွားမည်ဖြစ်သည်။ (ဆိုလိုရင်းမှာ - ပေါ်လစီအကောင့်တန်ဖိုးထဲသို့ ပေါင်းထည့်သော အတိုးနှုန်း = ရင်းနှီးမြှုပ်နှံမှုမှပြန်လည်ရငွေ - ရန်ပုံငွေစီမံခန့်ခွဲမှုဝန်ဆောင်ခ)

## အခန်း - ၄ ပရီမီယံနှင့် နုတ်ယူခြင်းများ

### အပိုဒ် - ၁၇ ပရီမီယံနှင့် နုတ်ယူခြင်း စည်းမျဉ်းများ

၁၇.၁ ပေးသွင်းရမည့် ပရီမီယံပမာဏကို အာမခံပေါ်လစီ၏အသေးစိတ်စာမျက်နှာ၊ နောက်ဆက်တွဲ အကျိုးခံစားခွင့်လက်မှတ် သို့မဟုတ် အာမခံတန်ဖိုးပြင်ဆင်ချက်လက်မှတ်တွင် ဖော်ပြထားသည်။ ပေါ်လစီပိုင်ရှင်သည် ပေးသွင်းရမည့် ပရီမီယံပမာအတွက် အခွန်နှင့် အာမခံပေါ်လစီအတွက် ပေးသွင်းရန်တာဝန်ရှိသည့် အခွန်များ ( ရှိခဲ့လျှင် ) အားပေးဆောင်ရန် တာဝန်ရှိသည်။

၁၇.၂ ပေါ်လစီပိုင်ရှင်သည် ပုံမှန်ပေးသွင်းရမည့်ပရီမီယံပမာဏကို ပြောင်းလဲပေးရန် တောင်းဆိုပိုင်ခွင့်ရှိသည်။ ပုံမှန်ပေးသွင်းရမည့်ပရီမီယံပမာဏကို ပြောင်းလဲပေးရန် တောင်းဆိုခြင်းကို ပေါ်လစီနှစ်ပတ်လည်နေ့မတိုင်ခင် ရက်ပေါင်းသုံးဆယ် ( ၃၀ ) အတွင်း Chubb Life သို့ စာဖြင့်ရေးသား တောင်းဆိုနိုင်သည်။

၁၇.၃ Chubb Life သည် အာမခံပေါ်လစီ၏ အခြေအနေနှင့်ပတ်သက်၍ ပေါ်လစီပိုင်ရှင်ထံသို့ အကြောင်းကြားပြီး ပေးသွင်းရမည့်ပရီမီယံပမာဏအား ပေးသွင်းရမည့်ရက်ကို အသိပေးမည် ဖြစ်သည်။ ပေါလစီပိုင်ရှင်သည် အသိပေးစာ မရသော်လည်း ပေါ်လစီအကောင့်တန်ဖိုး သုည ( ၀ ) အထက်ရှိနေစေရန်အတွက် ပေးဆောင်ရမည့်ပရီမီယံကို အချိန်မီပေးဆောင်ရန် တာဝန်ရှိသည်။

၁၇.၄ ပေါ်လစီပိုင်ရှင်သည် သတ်မှတ်ပရီမီယံတစ်ခုလုံးကို ပထမ ပေါ်လစီနှစ် နှစ်(၂) နှစ်အတွင်း ပေးရမည်။ တတိယပေါ်လစီနှစ်မှစတင်၍ ပေါ်လစီပိုင်ရှင်သည် ပေးသွင်းရမည့်ပရီမီယံပမာဏကို ထိုနှစ်အတွင်း မည်သည့်အချိန်တွင်မဆို ပေါ်လစီပိုင်ရှင် ပေးသွင်းချင်သည့် ပမာဏကို ပေးသွင်းနိုင်သည်။

၁၇.၅ လစဉ်ငွေနုတ်ယူရန် သတ်မှတ်သည့်နေ့တွင် Chubb Life သည် လစဉ်နုတ်ယူသည့်ငွေပမာဏကို ပေါ်လစီအကောင့်တန်ဖိုးမှ နုတ်ယူမည်ဖြစ်သည်။

၁၇.၆ ပေါ်လစီအကောင့်တန်ဖိုးသည် မြန်မာကျပ်ငွေ သုည ( ၀ ) သို့မဟုတ် သုညထက် ( ၀ ) နည်းပါက ( "**ပျက်ကွက်မှုဖြစ်ရပ်"** ဖြစ်ပါက ) Chubb Life သည် အာမခံပေါ်လစီကို ရပ်ဆိုင်းနိုင်သည်။ သို့သော် အပိုဒ် ၁၇.၁ အရ Chubb Life သည် အသက်အာမခံထားသူ၏ အာမခံအကာအကွယ်ကို ပရီမီယံကြေးပေးဆောင်ရန် ပျက်ကွက်မှုဖြစ်ပြီး ရက်ပေါင်းခြောက်ဆယ် ( ၆၀ ) အထိ ရက်ထပ်တိုးပေးနိုင်သည်။

၁၇.၇ အပိုဒ်ခွဲ ၁၇.၆ အရ သက်တမ်းတိုးပေးထားသောကာလကုန်ပြီး အာမခံထားသူသည် ပေါ်လစီအကောင့်တန်ဖိုးကို မြန်မာကျပ်ငွေ သုည ( ၀ ) ထက် ကျော်လွန်အောင် ထပ်မံပေးသွင်းခြင်းမပြုပါက Chubb Life မှ အကြောင်းကြားရန်မလိုအပ်ပဲ အာမခံပေါ်လစီသည် အလိုအလျောက် ရပ်စဲသွားမည်ဖြစ်သည်။

၁၇.၈ ပေါ်လစီပိုင်ရှင်၏ အာမခံပေါ်လစီကို ပေးသွင်းရမည့်တာဝန်သည် အာမခံပေါ်လစီ သက်တမ်းစေ့သည့် နေ့ရက်တွင် ကုန်ဆုံးမည်ဖြစ်သည်။

## အပိုဒ်- ၁၈ နုတ်ယူမည့်အခကြေးငွေနှင့်ဝန်ဆောင်ခများ

၁၈.၁ ကနဦးအခကြေးငွေများ

(က) ကနဦးအခကြေးငွေများကို ပေါ်လစီအကောင့်တန်ဖိုးထဲသို့ အောက်ပါအတိုင်း မထည့်သွင်းခင် အမှန်တကယ်ပေးသွင်းရမည့်ပမာဏထဲမှ နုတ်ယူမည်။

| ပေါ်လစီနှစ် | သတ်မှတ်ပရီမီယံရာခိုင်နှုန်း |
|---|---|
| **၁** | ၇၀.၀% |
| **၂** | ၅၀.၀% |
| **၃** | ၂၀.၀% |
| **၄** | ၁၀.၀% |
| **၅** | ၅.၀% |

အပိုပရီမီယံကို ကနဦးကောက်ခံမှု မပြုလုပ်ပါ

၁၈.၂ အာမခံကုန်ကျစားရိတ်

(က) အာမခံကုန်ကျစားရိတ်ဆိုသည်မှာ ယခု အာမခံပေါ်လစီ၏ အခြေခံအာမခံအကျိုးခံစားခွင့်နှင့် နောက်ဆက်တွဲအာမခံအကျိုးခံစားခွင့်များကို ပေးအပ်ရန်အတွက် လက်ရှိအာမခံထားသူနှင့် ပေါ်လစီပိုင်ရှင်၏ အသက်၊ ကျား/မ ၊ ကျန်းမာရေးအခြေအနေ နှင့် အလုပ်အကိုင်ပေါ် အခြေခံ၍ တွက်ချက်သည့် ကုန်ကျစားရိတ်ဖြစ်သည်။

(ခ) အာမခံကုန်ကျစားရိတ်ကို လစဉ်ငွေထုတ်ယူရန် သတ်မှတ်သည့်နေ့တွင် ပေါ်လစီအကောင့်တန်ဖိုးမှ နုတ်ယူသွားမည်။

(ဂ) အာမခံကုန်ကျစရိတ်နှုန်းထားသည် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်အပေါ် မူတည်၍ အပြောင်းအလဲရှိနိုင်ပါသည်။ အပြောင်းအလဲရှိခဲ့လျှင် စတင်ကျင့်သုံးမည့် နေ့မတိုင်မီ ရက်ပေါင်း(၃၀)ကြိုတင်၍ ကုမ္ပဏီမှပေါ်လစီရှင်ထံစာဖြင့် ရေးသားအကြောင်းကြား ပေးပါမည်။

၁၈.၃ ပေါ်လစီခန့်ခွဲမှု ကုန်ကျစရိတ်

(က) ပေါ်လစီခန့်ခွဲမှု ကုန်ကျစရိတ်ဆိုသည်မှာ လစဉ်အာမခံပေါ်လစီ ကိုထိန်းသိမ်းရန် လိုအပ်သော လုပ်ငန်းဆောင်တာများအားလုံးကို ပြုလုပ်ရာတွင် ကုန်ကျသော ကုန်ကျစရိတ်ကိုဆိုလိုသည်။ ပေါ်လစီခန့်ခွဲမှု ကုန်ကျစရိတ်ကို လစဉ်ငွေထုတ်ယူရန် သတ်မှတ်သည့်နေ့တွင် ပေါ်လစီအကောင့်တန်ဖိုးမှ နုတ်ယူသွားမည်။

(ခ) ပေါ်လစီခန့်ခွဲမှု ကုန်ကျစရိတ်ကို မြန်မာကျပ်ငွေ တစ်ထောင့်ငါးရာကျပ် ( ၁,၅၀၀ ကျပ် ) ပုံသေသတ်မှတ်သည်။

(ဂ) ပေါ်လစီခန့်ခွဲမှု ကုန်ကျစရိတ်ကို ငွေကြေးတန်ဖိုးပြောင်းလဲမှုပေါ်မူတည်၍ ပြောင်းလဲသတ်မှတ်နိုင်သည်။ ပေါ်လစီခန့်ခွဲမှု ကုန်ကျစရိတ်သည် မည်သည့်ကိစ္စရပ်တွင်မဆို မြန်မာကျပ်ငွေ ခြောက်ထောင်ကျပ် ( ၆,၀၀၀ ကျပ်) ထက် မကျော်လွန်ရပါ။

၁၈.၄ ပေါ်လစီရပ်စဲခြင်းအတွက်ကျသင့်သည့်ဝန်ဆောင်ခနှင့် နောက်ဆက်တွဲအကျိုးခံစားခွင့်များရပ်စဲခြင်းအတွက် ကျသင့်သည့်ဝန်ဆောင်ခ

(က) ပေါ်လစီရပ်စဲခြင်းအတွက် ကျသင့်သည့်ဝန်ဆောင်ခနှင့် နောက်ဆက်တွဲအကျိုးခံစားခွင့်များ ရပ်စဲခြင်းအတွက် ကျသင့်သည့်ဝန်ဆောင်ခ ဆိုသည်မှာ အာမခံကာလအတွင်း ပေါ်လစီ သို့မဟုတ် နောက်ဆက်တွဲ အကျိုးခံစားခွင့်ကို ပြန်အမ်းရန် ပေါ်လစီပိုင်ရှင်မှ

တောင်းဆိုမှုလုပ်ခြင်းကိုဆိုလိုသည်။ အာမခံပေါ်လစီ၏ ခြောက်နှစ် ( ၆ နှစ် ) မြောက်ပြီးနောက် ပေါ်လစီပိုင်ရှင်မှ ပေါ်လစီ သို့မဟုတ် နောက်ဆက်တွဲအကျိုးခံစားခွင့်ကို ပြန်အမ်းရန် ပေါ်လစီပိုင်ရှင်မှ တောင်းဆိုပါက ပေါ်လစီရပ်စဲခြင်းအတွက် ကျသင့်သည့် ဝန်ဆောင်ခနှင့် နောက်ဆက်တွဲအကျိုးခံစားခွင့် အတွက် ပြန်အမ်းငွေကို မပေးပါ။

(ခ) ပေါ်လစီရပ်စဲခြင်းအတွက် ကျသင့်သည့်ဝန်ဆောင်ခနှင့် နောက်ဆက်တွဲအကျိုးခံစားခွင့်များ ရပ်စဲခြင်းအတွက် ကျသင့်သည့်ဝန်ဆောင်ခ သည် သတ်မှတ်ထားသောပရီမီယံ သို့မဟုတ် နောက်ဆက်တွဲ အာမခံအကျိုးခံစားခွင့်၏ သတ်မှတ်ထားသောပရီမီယံပေါ် မူတည် တွက်ချက်ထားသည့် အောက်ဖော်ပြပါဇယားမှ ရာခိုင်နှုန်းအတိုင်း တွက်ချက်သည်။

| **အမ်းငွေဝန်ဆောင်ခရာခိုင်နှုန်းဇယား** | |
|---|---|
| **ပေါ်လစီနှစ်** | သတ်မှတ်ပရီမီယံရာခိုင်နှုန်း သို့မဟုတ် နောက်ဆက်တွဲအကျိုးခံစားခွင့်(များ)၏ သတ်မှတ်ပရီမီယံ |
| **ပေါ်လစီသက်တမ်း ၁ နှစ်မှ သက်တမ်း ၂ နှစ်ပြည့်သည့် ကာလ အတွင်း** | ၁၀၀ % |
| **ပေါ်လစီသက်တမ်း ၃ နှစ်မြောက်** | ၈၀ % |
| **ပေါ်လစီသက်တမ်း ၄ နှစ်မြောက်** | ၆၀ % |
| **ပေါ်လစီသက်တမ်း ၅ နှစ်မြောက်** | ၄၀ % |
| **ပေါ်လစီသက်တမ်း ၆ နှစ်မြောက်** | ၂၀ % |
| **ပေါ်လစီသက်တမ်း ၇ နှစ်မြောက်နှင့် အထက်** | ၀ % |

စာပိုဒ်ခွဲ ၁.၈ အရ ပေါ်လစီရှင်မှအာမခံပေါ်လစီရပ်စဲရန် တောင်းဆိုသော ပြန်အမ်းငွေတန်ဖိုးကို အောက်ပါဇယားအတိုင်းတွက်ချက်ပါသည်။

| **ပြန်အမ်းငွေတန်ဖိုးဇယား** | |
|---|---|
| **ပေါ်လစီနှစ်** | ပေါ်လစီအကောင့်တန်ဖိုး - သတ်မှတ်ပရီမီယံရာခိုင်နှုန်း သို့မဟုတ် နောက်ဆက်တွဲအကျိုးခံစားခွင့်(များ)၏ သတ်မှတ်ပရီမီယံ |
| **ပေါ်လစီသက်တမ်း ၁ နှစ်မှ သက်တမ်း ၂ နှစ်ပြည့်သည့် ကာလ အတွင်း** | ပေါ်လစီအကောင့်တန်ဖိုး - (သတ်မှတ်ပရီမီယံ၏ ၁၀၀ % ) |

| | |
|---|---|
| **ပေါ်လစီသက်တမ်း ၃ နှစ်မြောက်** | ပေါ်လစီအကောင့်တန်ဖိုး - (သတ်မှတ်ပရီမီယံ၏ ၈၀ %) |
| **ပေါ်လစီသက်တမ်း ၄ နှစ်မြောက်** | ပေါ်လစီအကောင့်တန်ဖိုး - (သတ်မှတ်ပရီမီယံ၏ ၆၀ %) |
| **ပေါ်လစီသက်တမ်း ၅ နှစ်မြောက်** | ပေါ်လစီအကောင့်တန်ဖိုး - (သတ်မှတ်ပရီမီယံ၏ ၄၀ %) |
| **ပေါ်လစီသက်တမ်း ၆ နှစ်မြောက်** | ပေါ်လစီအကောင့်တန်ဖိုး - (သတ်မှတ်ပရီမီယံ၏ ၂၀ %) |
| **ပေါ်လစီသက်တမ်း ၇ နှစ်မြောက်နှင့် အထက်** | ပေါ်လစီအကောင့်တန်ဖိုး - (သတ်မှတ်ပရီမီယံ၏ ၀ %) |

(ဂ) ပေါ်လစီရုပ်ဆဲခြင်းအတွက် ကျသင့်သည့်ဝန်ဆောင်ခ သို့မဟုတ် နောက်ဆက်တွဲ အာမခံအကျိုးခံစားခွင့်များရုပ်စဲခြင်းအတွက် ကျသင့်သည့်ဝန်ဆောင်ခကို အပိုအကောင့်တွင် ထည့်မတွက်ပါ။

၁၈.၅ တစ်စိတ်တစ်ပိုင်းပြန်အမ်းငွေဝန်ဆောင်ခ

(က) ပေါ်လစီပိုင်ရှင်မှ ယခုစည်းမျဉ်းစည်းကမ်းများရှိ အပိုဒ် ၁၃ တွင်ဖော်ပြထားသည့်အတိုင်း ပေါ်လစီအကောင့်တန်ဖိုးမှ တစ်စိတ်တစ်ပိုင်းပြန်အမ်းရန် တောင်းဆိုသည့်အခါ Chubb Life သည် တစ်စိတ်တစ်ပိုင်းပြန်အမ်းငွေ ဝန်ဆောင်ခကို ပေါ်လစီအကောင့်တန်ဖိုးမှ ကောက်ယူနိုင်သည်။ ထိုဝန်ဆောင်ခကို အပိုဒ်ခွဲ ၁၈.၄ တွင် ဖော်ပြထားသည့် ပေါ်လစီရုပ်ဆဲခြင်းအတွက်ကျသင့်သည့် ဝန်ဆောင်ခကို တွက်ယူသည့် ရာခိုင်နှုန်းအတိုင်း များနှင့်အညီ တစ်စိတ်တစ်ပိုင်းပြန်အမ်းရန် တောင်းဆိုသော ပမာဏပေါ်တွင် တွက်ရမည်။

၁၈.၆ ပြန်အမ်းငွေတန်ဖိုးထဲမှ ပေါ်လစီချေးငွေပေါ်တွင် ပေါ်လစီချေးငွေဝန်ဆောင်ခကောက်ခံခြင်း ("ချေးငွေဝန်ဆောင်ခ")

(က) ပေါ်လစီပိုင်ရှင်မှ ယခုစည်းမျဉ်းစည်းကမ်းများထဲမှ အပိုဒ် ၁၁ ပါအတိုင်း ပြန်အမ်းငွေတန်ဖိုးထဲမှ ပေါ်လစီချေးငွေကို တောင်းခံလာသည့်အခါ Chubb Life သည် ပေါ်လစီချေးငွေအတွက်ဝန်ဆောင်ခကို တောင်းယူခွင့်ရှိသည်။

(ခ) ချေးငွေဝန်ဆောင်ခဆိုသည်မှာ ပေါ်လစီပိုင်ရှင်မှ ပေါ်လစီချေးငွေအပေါ်ပေးချေရမည့် အတိုးပမာဏဖြစ်ပြီး ထိုဝန်ဆောင်ခကို ပေးချေရမည့်ချေးငွေပမာဏနှင့် ချေးငွေအတိုးနှုန်းတို့ မြှောက်ခြင်းဖြင့် ရရှိနိုင်ပါသည်။

(ဂ) Chubb Life သည်နိုင်ငံအတွင်းရှိ တည်ဆဲအတိုးနှုန်းပေါ်မူတည်၍ ၎င်း၏အတိုးနှုန်းကို အခါအားလျော်စွာ ဆုံးဖြတ်သည်။ ချေးငွေအတိုးနှုန်းသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ပြဋ္ဌာန်းထားသော Maximum Bank Lending Rate (Secured) (https://www.cbm.gov.mm/) ချေးငွေအတိုးနှုန်းအပေါ် ၂% ပေါင်းခြင်းရလဒ်ဖြစ်ဖြင့် ကောက်ခံမည်ဖြစ်ပါသည်။

(ဃ) ပေါ်လစီပိုင်ရှင်မှ ချေးငွေပမာဏ၏ တစ်စိတ်တစ်ပိုင်း သို့မဟုတ် အကုန်လုံးအား ပြန်လည်ပေးဆပ်သည့်အခါ ပြန်ဆပ်သော ချေးငွေပမာဏပေါ်မူတည်၍ Chubb Life မှ ချေးငွေဝန်ဆောင်ခကို ပြန်လည်ချိန်ညှိတွက်ချက်ပါသည်။

၁၈.၇ အာမခံတန်ဖိုး သို့မဟုတ် နောက်ဆက်တွဲအာမခံအကျိုးခံစားခွင့်၏ တိုးမြှင့်ခြင်းများအတွက် ကောက်ခံငွေ

(က) အာမခံတန်ဖိုး သို့မဟုတ် နောက်ဆက်တွဲအာမခံအကျိုးခံစားခွင့်၏ တိုးမြှင့်ခြင်းများအတွက် ကောက်ခံငွေသည် အာမခံတန်ဖိုးတိုးမြှင့်ခြင်း သို့မဟုတ် နောက်ဆက်တွဲအာမခံအကျိုးခံစားခွင့် တိုးမြှင့်ရန်အတွက် လိုအပ်သောကိစ္စရပ်များလုပ်ဆောင်ရန်အတွက် ကောက်ခံခြင်း ဖြစ်သည်။ အာမခံတန်ဖိုး သို့မဟုတ် နောက်ဆက်တွဲအာမခံအကျိုးခံစားခွင့်၏ တိုးမြှင့်ခြင်းများအတွက် ကောက်ခံငွေကို အာမခံတန်ဖိုး သို့မဟုတ် နောက်ဆက်တွဲအာမခံအကျိုးခံစားခွင့်၏ တိုးမြှင့်ခြင်းများ ကိုလုပ်ဆောင်ရာတွင် ပေါ်လစီပိုင်ရှင်သည် Chubb Life မှသတ်မှတ်ထားသောစံများနှင့် ကိုက်ညီမှုရှိမရှိ Chubb Life မှ စစ်ဆေးသည့်အချိန်တွင် ပေါ်လစီအကောင့်တန်ဖိုးမှ ကောက်ခံသွားမည်။

(ခ) အာမခံတန်ဖိုး သို့မဟုတ် နောက်ဆက်တွဲအာမခံအကျိုးခံစားခွင့်များ၏ တိုးမြှင့်ခြင်းများအတွက် ကောက်ခံငွေသည် တစ်ကြိမ်စီတွင် မြန်မာကျပ်ငွေ ခြောက်သောင်းကျပ် ( ၆၀,၀၀၀/-) ထက် မပိုရပါ။

(ဂ) အာမခံတန်ဖိုး သို့မဟုတ် နောက်ဆက်တွဲအာမခံအကျိုးခံစားခွင့်များ၏ တိုးမြှင့်ခြင်းများအတွက် ပြောင်းလဲမည့် ညှိနှိုင်းကောက်ခံငွေနှင့်ပတ်သက်သော သတင်းအချက်အလက်များကို Chubb Life ၏ ဝက်ဘ်ဆိုက်တွင် အချိန်နှင့်တပြေးညီ ပြင်ဆင်မွမ်းမံ၍ တင်ပေးသွားမည်။

၁၈.၈ ရန်ပုံငွေစီမံခန့်ခွဲမှုအတွက် ကျသင့်ငွေ

(က) Chubb Life ၏ Universal Life အတွက် ပေးသွင်းရမည့် ရန်ပုံငွေစီမံခန့်ခွဲမှုအတွက် ကျသင့်ငွေကို ကို ဤစည်းမျဉ်းစည်းကမ်းများ၏အ ပိုဒ်ခွဲ ၁၆.၃ တွင် ဖော်ပြထားသည်။

## အခန်း ၅- လျှောက်ထားခြင်း – ချိန်ညှိခြင်း – အာမခံပေါ်လစီကို ရပ်ဆိုင်းခြင်း

### အပိုဒ် - ၁၉ အာမခံလျှောက်ထားမှုအတွက် လုပ်ထုံးလုပ်နည်းများ

၁၉.၁ ပေါ်လစီပိုင်ရှင်သည် အသက်အာမခံထားရှိနိုင်သည့် အာမခံဆိုင်ရာအကျိုးခံစားခွင့် အပြည့်အဝရှိပြီး Chubb Life ၏ အခါအားလျော်စွာ စာဖြင့်ရေးသားသတ်မှတ်ထားသည့် သတ်မှတ် အရည်အချင်းများ အားလုံးနှင့် ကိုက်ညီမှသာ အသက်အာမခံကို လျှောက်ထားနိုင်သည်။

၁၉.၂ ပေါ်လစီပိုင်ရှင်သည် အာမခံအဆိုပြုလွှာပုံစံတွင် ပြည့်ပြည့်စုံစုံ၊ မှန်မှန်ကန်ကန်နှင့် တိကျစွာ ဖြည့်စွက်ပြီး သည်နှင့် တစ်ပြိုင်နက် အောက်ပါတို့ကို ပေးအပ်ရမည်-

(က) အာမခံထားသူ၏ သက်သေခံကတ်ပြား၊

(ခ) သတ်မှတ်ပရီမီယံနှင့် ပေးသွင်းရမည့် ပရီမီယံပမာဏကို လက်ရောက်ပေးအပ်ခြင်း၊ နှင့်

(ဂ) Chubb Life မှ တောင်းဆိုထားသည့် အခြားအချက်အလက်များ။

### အပိုဒ် - ၂၀ ဆန်းစစ်ကာလ

၂၀.၁ ပေါ်လစီပိုင်ရှင်သည် အာမခံပေါ်လစီနှင့်ပတ်သက်၍ Chubb Life မှ အာမခံပေါ်လစီကို ထုတ်ပေးပြီးနောက် (၂၁) ရက်အတွင်း စဉ်းစားနိုင်သည့် အခွင့်အရေးရှိသည်။ ပေါ်လစီပိုင်ရှင်သည် အဆိုပါ(၂၁) ရက်အတွင်း အာမခံပေါ်လစီကို ဆက်လက်ရယူလိုခြင်းမရှိပါက အာမခံပေါ်လစီကို ရပ်ဆိုင်းရန် တောင်းဆိုနိုင်ပြီး Chubb Life သည် ကျန်းမာရေးစစ်ဆေးမှုအတွက် ကုန်ကျစရိတ် (ရှိလျှင်) ၎င်းကို နုတ်ယူပြီးနောက် Chubb Life မှ လက်ခံရရှိထားသော သတ်မှတ်ပရီမီယံကြေးနှင့် ပေးသွင်းရမည့် ပရီမီယံပမာဏကို ပြန်အမ်းရန် သဘောတူပါသည်။

### အပိုဒ် - ၂၁ အခြေခံအကျိုးခံစားခွင့် ကူးပြောင်းခြင်း

၂၁.၁ အာမခံပေါ်လစီ၏ အသေးစိတ်အချက်အလက်များဖော်ပြထားသည့် စာမျက်နှာတွင် ဖော်ပြထားသည့်အတိုင်း အကျိုးခံစားခွင့်ပုံစံ (ခ) ကို ရွေးချယ်ပါက အသက်အာမခံထားရှိရန် အရည်အချင်းကုန်ဆုံးသည့် အသက်အရွယ်ဖြစ်သည့် အသက်အာမခံထားသူ၏ အသက်ခြောက်ဆယ့်ငါး (65) နှစ် မတိုင်မီ ပေါ်လစီနှစ်ပတ်လည်နေ့နှင့် အာမခံပေါ်လစီ၏ တရားဝင်သက်တမ်းကာလအတွင်း ပေါ်လစီပိုင်ရှင်သည် အကျိုးခံစားခွင့်ပုံစံ (ခ) ၏ အခြေခံအကျိုးခံစားခွင့်ကို (အပိုဒ်ခွဲ ၅.၂ (က) အရဖော်ပြထားသည်) အကျိုးခံစားခွင့်ပုံစံ (က) သို့ (အပိုဒ်ခွဲ ၅.၂ (က) အရ ဖော်ပြထားသည်) ပြောင်းလဲရန် Chubb Life ထံသို့ တောင်းဆိုနိုင်သည်။

အခြေခံအကျိုးခံစားခွင့် ပြောင်းလဲပြီးနောက်ပိုင်း အာမခံတန်ဖိုးကို အခြေခံအကျိုးခံစားခွင့် မပြောင်းလဲမီ အာမခံတန်ဖိုးအတိုင်း သတ်မှတ်သည်။

၂၁.၂ အာမခံပေါ်လစီ၏ အသေးစိတ်အချက်အလက်များ စာမျက်နှာတွင် ဖော်ပြထားသည့်အတိုင်း အကျိုးခံစားခွင့်ပုံစံ (ခ) ရွေးချယ်ပါက အသက်အာမခံထားသူသည် အသက်အာမခံထားရှိရန် အရည်အချင်းကုန်ဆုံးသည့် အသက်အရွယ်ဖြစ်သည့် ခြောက်ဆယ့်ငါးနှစ် (65) နှစ် ပြည့်မြောက်ပြီး ဤ စည်းမျဉ်းစည်းကမ်းများ၏ အပိုဒ် ၂၁.၁ တွင် ဖော်ပြထားသည့်အတိုင်း အခြေခံအကျိုးခံစားခွင့် ပြောင်းလဲခြင်းကို အကောင်အထည်ဖော်ရန် တောင်းဆိုခြင်းမရှိပါက အခြေခံအကျိုးခံစားခွင့်သည် အကျိုးခံစားခွင့်ပုံစံ (ခ) မှ (အပိုဒ်ခွဲ ၅.၂ (ခ) အရဖော်ပြထားသည်) မှ အကျိုးခံစားခွင့်ပုံစံ (က) သို့ (အပိုဒ်ခွဲ ၅.၂ (က) အရဖော်ပြထားသည်) အလိုအလျောက် ပြောင်းလဲသွားပါမည်။

အခြေခံအကျိုးခံစားခွင့် ပြောင်းလဲပြီးနောက်ပိုင်း အာမခံတန်ဖိုးကို အခြေခံအကျိုးခံစားခွင့် မပြောင်းလဲမီ စုစုပေါင်း အာမခံတန်ဖိုးအတိုင်း သတ်မှတ်သည်။

## အပိုဒ် - ၂၂ အာမခံတန်ဖိုး သို့မဟုတ် နောက်ဆက်တွဲအာမခံအကျိုးခံစားခွင့်များကို ချိန်ညှိခြင်း

၂၂.၁ အာမခံပေါ်လစီသည် အသက်ဝင်ပြီးနောက် တစ် (၁) နှစ်ပြည့်မြောက်ပြီး၍ အာမခံပေါ်လစီ အကျုံးဝင်နေသည့်ကာလအတွင်း ပေါ်လစီပိုင်ရှင်သည် အခြေခံအကျိုးခံစားခွင့်များ၏ အာမခံတန်ဖိုးကို ချိန်ညှိရန် တောင်းဆိုနိုင်သည်။ အာမခံကုန်ကျစရိတ်နှင့် အာမခံပေါ်လစီ၏ အခြားသက်ဆိုင်ရာအခြေအနေများကို ထိုသို့ပြောင်းလဲလိုက်သည့် အခြေခံအကျိုးခံစားခွင့်များ၏ အာမခံတန်ဖိုးနှင့်အညီ ချိန်ညှိမည်ဖြစ်သည်။

၂၂.၂ အခြေခံအကျိုးခံစားခွင့်များ၏ အာမခံတန်ဖိုးကို လျှော့ချရန် ပေါ်လစီပိုင်ရှင်မှ တောင်းဆိုမှုမှန်သမျှသည် အခြေခံအကျိုးခံစားခွင့်များ၏ အနည်းဆုံး အာမခံတန်ဖိုး အောက်လျော့နည်းပါက Chubb Life မှ လက်ခံမည်မဟုတ်ပါ။

၂၂.၃ ပေါ်လစီပိုင်ရှင်သည် အောက်ပါအခြေအနေတရပ်ဖြစ်ပေါ်ပါက ပေါ်လစီနှစ်ပတ်လည်နေ့မတိုင်မီ ရက်ပေါင်း သုံးဆယ် (၃၀) အတွင်း အာမခံပေါ်လစီ၏ အကျိုးခံစားခွင့်(များ) တိုးမြှင့်ရန်အတွက် အာမခံတန်ဖိုးကို ပြင်ဆင်ဖြည့်စွက်ရန် သို့မဟုတ် ချိန်ညှိရန် တောင်းဆိုချက်တစ်ရပ်ကို တင်သွင်းနိုင်သည်-

(က) ပေါ်လစီပိုင်ရှင်နှင့် အသက်အာမခံထားသူတို့သည် အကျိုးခံစားခွင့်(များ)တိုးမြှင့်ရန်အတွက် အာမခံတန်ဖိုးကို ပြုပြင်ပြောင်းလဲမှုတွင် ပါဝင်ရန် အရည်အချင်းပြည့်မီပါက၊ သို့မဟုတ်

(ခ) ပေါ်လစီပိုင်ရှင်သည် အကျိုးခံစားခွင့်(များ)ကို တိုးမြှင့်ခြင်းအတွက် အပိုဒ်ခွဲ ၃.၁၃ အရ ပါ စည်းကမ်းများနှင့်အညီ အပိုပရီမီယံကြေးကို ပေးရန် သဘောတူပါက။

၂၂.၄ အကယ်၍ ပေါ်လစီပိုင်ရှင်သည် Chubb Life မှ သတ်မှတ်ထားသော အာမခံစံနှုန်းများနှင့် မကိုက်ညီပါက Chubb Life အနေဖြင့် အာမခံတန်ဖိုးတိုးမြှင့်ရန်အတွက် တိုးမြှင့်မည့်

သတ်မှတ်ပရီမီယံကြေးကို လက်ခံရန် သို့မဟုတ် ငြင်းပယ်ရန်အတွက် ဆုံးဖြတ်ခြင်းမပြုမီ Chubb Life မှ အပိုဆောင်း အာမခံအကဲဖြတ်မှုများ ပြုလုပ်ရန်အတွက် တောင်းဆိုနိုင်ပါသည်။

၂၂.၅ ပေါ်လစီပိုင်ရှင်သည် အာမခံပေါ်လစီထုတ်သည့်နေ့မှစ၍ အာမခံတန်ဖိုး သို့မဟုတ် နောက်ဆက်တွဲ အာမခံ အကျိုးခံစားခွင့်များကို ချိန်ညှိရန် လျှောက်ထားမှုအတွက် Chubb Life မှ နောက်ဆုံး ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် စုံစမ်းမေးမြန်းသည့်အချိန်တွင်ဖြစ်စေ Chubb Life မှ တောင်းဆိုလာသည့် အခါတွင်ဖြစ်စေ အသက်အာမခံထားသူ၏ ကိုယ်ရေးကိုယ်တာအချက်အလက်များ၊ ကျန်းမာရေးအခြေအနေနှင့် အလုပ်အကိုင်နှင့်ပတ်သက်သော အချက်အလက်အားလုံးကို ကြေညာခြင်းအပါအဝင် (ပုံမှန်မဟုတ်သောကျန်းမာရေးလက္ခဏာများ၊ နာမကျန်းမှု အစပျိုးနေသည့် အခြေအနေများနှင့် ဖျားနာမှုရာဇဝင်အပါအဝင်) ပြည့်စုံ မှန်ကန်သော အချက်အလက်များကို တင်ပြရန် ပေးအပ်တာဝန်ရှိသည်။ အသက်အာမခံထားသူ၏ကျန်းမာရေး အခြေအနေကို အကဲဖြတ်ခြင်းကြောင့် (Chubb Life မှတောင်းဆိုထားသည့်အတိုင်း ကိစ္စတစ်ခုချင်းပေါ်မူတည်၍) ဤအပိုဒ်ခွဲတွင် ဖော်ပြထားသော ပြည့်စုံ မှန်ကန်သည့် အချက်အလက်များကို ထုတ်ဖော်ပြောကြားပေးအပ်ရမည့် ပေါ်လစီပိုင်ရှင်၏တာဝန်ကို Chubb Life မှ စွန့်လွှတ်ခွင့်ပြုသည်ဟု မှတ်ယူခြင်းမပြုရ။

၂၂.၆ အကယ်၍ ပေါ်လစီပိုင်ရှင်သည် အထက်ပါ အပိုဒ်ခွဲ ၂၂.၅ အရ လိုအပ်သည့် အချက်အလက်များအတွက် တောင်းဆိုချက်ကို လိုက်နာရန် ပျက်ကွက်ပါက Chubb Life သည် အောက်ပါအခွင့်အရေးများကို ကျင့်သုံးပိုင်ခွင့်ရှိသည်-

(က) အာမခံထားသည့်ဖြစ်ရပ် မဖြစ်ပွားသေးသည့် အခြေအနေတွင် Chubb Life သည် အောက်ပါတို့ကို ဆောင်ရွက်ခြင်းမှ တစ်ဖက်သတ်ရပ်ဆိုင်းရန် အခွင့်အရေးရှိသည်-

(၁) အာမခံပေါ်လစီနှင့် ပက်သက်၍ ပေါ်လစီပိုင်ရှင်မှ အခြေအခံအကျိုး ခံစားခွင့်အတွက် အာမခံတန်ဖိုးကို တိုးမြှင့်ရန် တောင်းဆိုလာသည့်အခါ ဆောင်ရွက်ပေးရမည့် သက်ဆိုင်ရာ အခြားတာဝန်များနှင့်၊ ပေးသွင်းပြီးဖြစ်သည့် အာမခံပရီမီယံပမာဏ ကို သိမ်းယူခြင်း၊ သို့မဟုတ်

(၂) နောက်ဆက်တွဲ အာမခံ အကျိုးခံစားခွင့်များနှင့်ပတ်သက်၍ ပေါ်လစီပိုင်ရှင်မှ နောက်ဆက်တွဲအာမခံ အကျိုးခံစားခွင့်များအတွက် အာမခံတန်ဖိုးကို တိုးမြှင့်ရန် သို့မဟုတ် နောက်ဆက်တွဲအာမခံ အကျိုးခံစားခွင့်များ ထပ်မံထည့်သွင်းရန် တောင်းဆိုလာသည့်အခါ ဆောင်ရွက်ပေးရမည့် သက်ဆိုင်ရာ အခြားတာဝန်များ နှင့်၊ ပေးသွင်းပြီးဖြစ်သည့် အာမခံပရီမီယံပမာဏ ကို သိမ်းယူခြင်း၊ နှင့်

(ခ) အာမခံထားသည့်ဖြစ်ရပ် ဖြစ်ပွားပြီးသည့် အခြေအနေတွင် Chubb Life သည် အောက်ပါတို့ကို လုပ်ပိုင်ခွင့်ရှိသည်-

(၁) ထပ်တိုးနောက်ဆက်တွဲအာမခံအကျိုးခံစားခွင့်(များ)နှင့် ပတ်သက်၍ မည့်သည့် အမခံလျှော်ကြေးကိုသော်မျှ ပေးအပ်ရန်ငြင်းဆိုခြင်း၊ ၎င်းထံသို့ ပေးဆောင်ထား

သော ပေးအပ်ရမည့် ပရီမီယံမာဏကို သိမ်းယူခြင်း၊ ဆောင်ရွက်ပေးရမည့် သက်ဆိုင်ရာ အခြားတာဝန်များအပါအဝင် နောက်ဆက်တွဲအာမခံ အကျိုးခံစားခွင့်များကို ဆောင်ရွက်ခြင်းအား တစ်ဖက်သတ်ရပ်ဆိုင်းခြင်း၊ သို့မဟုတ်

(၂) အာမခံတန်ဖိုး တိုးမြှင့်မှုအတွက် တောင်းဆိုမှုမပြုမီ အာမခံတန်ဖိုးအလျှောက် အခြေခံအကျိုးခံစားခွင့်နှင့်/သို့မဟုတ် သက်ဆိုင်ရာ ဖြည့်စွက်အကျိုးခံစားခွင့်(များ)နှင့် သက်ဆိုင်သော အာမခံအကျိုးခံစားခွင့်များကိုသာ လျော်ကြေးအဖြစ်ပေးအပ်ခြင်း။

၂၂.၇ အာမခံတန်ဖိုးတိုးမြှင့်ခြင်း သို့မဟုတ် နောက်ဆက်တွဲအာမခံအကျိုးခံစားခွင့်များ ထပ်တိုးပေါင်းထည့်ခြင်းအတွက် ထပ်မံပေးအပ်ရမည့် ညှိနှိုင်းကောက်ခံငွေများကို ဤစည်းမျဉ်းစည်းကမ်းများ၏ အပိုဒ်ခွဲ ၁၈.၇ တွင် ဖော်ပြထားပြီး ပေါ်လစီအကောင့်တန်ဖိုးမှ နုတ်ယူထားမည်ဖြစ်သည်။

၂၂.၈ ပရီမီယံပေးဆောင်သူ သေဆုံးခြင်းအတွက် ပရီမီယံကင်းလွတ်ခွင့်များကို လစဉ်နုတ်ယူသည့် အာမခံအကျိုးခံစားခွင့် အနေဖြင့် ပေးအပ်မည်ဟု Chubb Life မှ သဘောတူညီပြီးပါက အာမခံပေါ်လစီ၏ အာမခံတန်ဖိုးနှင့် အာမခံအကျိုးခံစားခွင့်(များ) တိုးမြှင့်ခြင်းကို ချိန်ညှိခြင်း သို့မဟုတ် ထပ်တိုးခြင်းများ ဆောင်ရွက်ရန် ခွင့်ပြုမည် မဟုတ်ပါ။

## အပိုဒ် - ၂၃ အာမခံပေါ်လစီနှင့် သက်ဆိုင်သော အခြားပြောင်းလဲမှုများ

၂၃.၁ ပေါ်လစီပိုင်ရှင်သည် အသက်အာမခံထားသူမဟုတ်ဘဲ အာမခံပေါ်လစီ အကျုံးဝင်နေသည့်ကာလအတွင်း သေဆုံးပါက ပေါ်လစီပိုင်ရှင်၏တရားဝင် အမွေဆက်ခံသူသည် အာမခံပေါ်လစီတွင် ဖော်ပြထားသည့်အတိုင်း ပေါ်လစီပိုင်ရှင်၏ အကျိုးခံ စားခွင့်များနှင့် တာဝန်ရှိမှုများအားလုံးကို အမွေဆက်ခံခွင့်ရှိသည်။ သို့မဟုတ် ပေါ်လစီပိုင်ရှင်၏ တရားဝင်ဆက်ခံသူသည် အသက်အာမခံထားသူ၏ အသက်အတွက် အာမခံအကျိုးခံစားခွင့် မရှိဘဲ အခြားသဘောတူထားခြင်းမရှိပါက အာမခံပေါ်လစီကို အာမခံလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဖြေရှင်းရမည်။

၂၃.၂ အာမခံပေါ်လစီကို ပြန်လည်အသက်သွင်းခြင်း-

(က) အာမခံပေါ်လစီကို ဤစည်းမျဉ်းစည်းကမ်းများ၏ အပိုဒ်ခွဲ ၁၂.၄ သို့မဟုတ် အပိုဒ်ခွဲ ၁၇.၇ နှင့်အညီ ရပ်ဆိုင်းပါက ပေါ်လစီပိုင်ရှင်သည် အောက်ပါအခြေအနေများအားလုံးကို လိုက်နာလျှက် အာမခံပေါ်လစီကို ပြန်လည်အသက်သွင်းရန် စာဖြင့်ရေးသားတောင်းဆိုနိုင်ပါသည်-

(၁) ပေါ်လစီပိုင်ရှင်သည် အာမခံပေါ်လစီကို ရပ်စဲပြီးနောက် နှစ်ဆယ့်လေး (၂၄)လအတွင်း ပြန်လည်ပေးအပ်ရန် တောင်းဆိုရမည်၊

(၂) အသက်အာမခံထားသူသည် အာမခံပေါ်လစီကို ပြန်လည်အသက်သွင်းရန် တောင်းဆိုချိန်တွင် သက်ရှိထင်ရှားရှိနေရမည် ဖြစ်ပြီး Chubb Life မှ စည်းကမ်းသက်မှတ်ချက်များနှင့် ကိုက်ညီရမည်၊

(၃) အသက်အာမခံထားသူသည် Chubb Life ၏ သက်ဆိုင်ရာ အာမခံ ပေါ်လစီကို ပြန်လည်အသက်သွင်းရန်အတွက် လိုအပ်သည့် စံနှုန်းများနှင့် ကိုက်ညီရမည်ဖြစ်ပြီး၊ ထို့ပြင် အောက်ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ပေးရမည်-

(၃-၁) ပေါ်လစီပိုင်ရှင်သည် စုစုပေါင်း ပေါ်လစီချေးငွေအားလုံး၊ ချေးငွေအခကြေးငွေ(များ) နှင့် အပိုဒ်ခွဲ ၁၂.၄ အရ အာမခံပေါ်လစီကို ရပ်စဲခြင်းနှင့် ဆက်စပ်သည့် အခြားအခကြေးငွေများနှင့်အတူ ၏ စုစုပေါင်းငွေပမာဏကို ပြန်လည် ပေးချေခြင်း၊ သို့မဟုတ်

(၃-၂) ပေါ်လစီပိုင်ရှင်သည် အာမခံပေါ်လစီ၏ ဆိုင်းငံ့သည့် ကာလအတွင်း ၎င်း ပေးချေရန်ရှိသည့် သတ်မှတ်ပရီမီယံကြေး သို့မဟုတ် ပေးသွင်းရမည့် ပရီမီယံပမာဏနှင့် အပိုဒ်ခွဲ ၁၇.၇ နှင့်အညီ အာမခံပေါ်လစီ၏ ဆိုင်းငံ့သည့်ကာလအတွင်း ပေးချေရန် တာဝန်ရှိသည့် အခြားအခကြေးငွေများကို အပြည့်အဝပေးဆောင်ခြင်း။

(ခ) Chubb Life သည် အာမခံပေါ်လစီ ပြန်လည်အသက်သွင်းခြင်းကို လက်ခံပါက ထိုသို့ ပြန်လည်အသက်သွင်းခြင်းသည် Chubb Life မှ အာမခံပေါ်လစီ ပြန်လည်အသက်သွင်းခြင်းဆိုင်ရာ သက်သေခံလက်မှတ်ထုတ်ပေးသည့်နေ့မှ စတင်၍ တရားဝင်စေရမည်။ Chubb Life သည် အာမခံပေါ်လစီ အသက်မဝင်သည့်အချိန်အတွင်း ဖြစ်ပွားခဲ့သော အာမခံထားသည့် ဖြစ်ရပ်များ ဖြစ်ပွားမှုအပေါ် အာမခံပေးမည် မဟုတ်ပါ။

(ဂ) ပေါ်လစီပိုင်ရှင်သည် အာမခံပေါ်လစီ၏ ပြန်လည်အသက်သွင်းရန် အဆိုပြုလွှာတင်သွင်းရာတွင် လိုအပ်သော အသက်အာမခံသူ၏ နေထိုင်ရာနေရာ၊ ကိုယ်ရေးကိုယ်တာအခြေအနေ၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာ (ပုံမှန်မဟုတ်သော ဆေးဘက်ဆိုင်ရာ လက္ခဏာများ၊ ဆေးမှတ်တမ်းအပါအဝင်) အချက်အလက်အားလုံး သို့မဟုတ် အာမခံပေါ်လစီကို ပြန်လည်အသက်သွင်းရန်အတွက် အခြေခံအားဖြင့် Chubb Life မှလိုအပ်သည့် အခြားစာရွက်စာတမ်းများအားလုံးကို ပြည့်စုံ မှန်ကန်စွာ ပေးအပ်ရန် တာဝန်ရှိပါသည်။ အသက်အာမခံထားသူ၏ (Chubb Life မှ ကိစ္စတစ်ခုချင်းပေါ်မူတည်၍ ဆောင်ရွက်ရန်လိုအပ်သည့်) ကျန်းမာရေးအခြေအနေကို အကဲဖြတ်ခြင်းသည် ဤအပိုဒ်ခွဲတွင် ဖော်ပြထားသည့် ပေါ်လစီပိုင်ရှင်၏ ပြည့်စုံ မှန်ကန်သော အချက်အလက်များကို ပေးအပ်ရမည့် တာဝန်ဝတ္တရားများကို အစားထိုးခြင်းဖြစ်သည်ဟု မှတ်ယူခြင်းမပြုရ။

(ဃ) ပေါ်လစီပိုင်ရှင်သည် အထက်ဖော်ပြပါ အပိုဒ်ခွဲ ၂၃.၂(ဂ) တွင် ဖော်ပြထားသည့် အချက်အလက်ပေးအပ်ခြင်းဆိုင်ရာ တာဝန်များကို ချိုးဖောက်ပါက၊ Chubb Life သည် အောက်ပါအခွင့်အရေးကို အသုံးပြုနိုင်စေရမည် -

(၁) အာမခံပေါ်လစီအရ အကာကွယ်ပေးအပ်ထားမှုများကို တစ်ဖက်သတ် ဆိုင်းငံ့ထားခြင်း သို့မဟုတ် အာမခံထားသည့် ဖြစ်ရပ် မဖြစ်ပေါ်မီ လက်ခံရရှိခဲ့သော ပေးသွင်းပြီးသည့် ပရီမီယံပမာဏများကို သိမ်းဆည်း၍ အာမခံပေါ်လစီကို ချက်ချင်း ရပ်စဲခြင်း၊ သို့မဟုတ်

(၂) အာမခံထားသည့် ဖြစ်ရပ်ဖြစ်ပေါ် ပြီးသည့် အခြေအနေတွင် အာမခံပေါ်လစီအတွက် ပြန်လည်အသက်သွင်းရန် တောင်းဆိုသည့်အချိန်မှစ၍ ပေးချေထားသော ပေးချေရမည့် ပရီမီယံပမာဏများကို ပြန်အမ်းခြင်းအပါအဝင် မည်သည့်အကျိုး ခံစားခွင့် တစ်စုံတစ်ရာ ကိုသော်မျှ ပေးအပ်မှု မပြုခြင်း။

(င) အာမခံပေါ်လစီ၏ အကျိုးဝင်မှု သက်တမ်းကာလအတွင်း ပေါ်လစီပိုင်ရှင်သည် အာခမံအတွက် အကျိုးခံစားခွင့်ရှိသူကို ပြောင်းလဲနိုင်သည်။ ပေါ်လစီပိုင်ရှင်သည် အဖွဲ့အစည်းတစ်ခုဖြစ်ပါက၊ အကျိုးခံစားခွင့်ရှိသူ ပြောင်းလဲခြင်းသည် အသက်အာမခံထားသူ၏ သဘောတူညီချက်ဖြင့်သာတရားဝင် အကျိုးသက်ရောက်စေရ မည်ဖြစ်သည်။ ထိုကဲ့သို့ အကျိုးခံစားခွင့်ရှိသူအသစ် ပြောင်းလဲခန့်အပ်ခြင်းသည် ထိုသို့ပြောင်းလဲလိုကြောင်း တောင်းဆိုထားချက်အပေါ် Chubb Life က အတည်ပြု လက်ခံကြောင်း အကြောင်းကြားစာပေးပို့ပြီးမှသာ စတင် အကျိုးသက်ရောက်မှုရှိမည် ဖြစ်သည်။ အဆိုပါ စာဖြင့်ရေးထား အတည်ပြုထားသည့် အကြောင်းကြာစာသည် အာမခံပေါ်လစီ၏ အဓိကအစိတ်အပိုင်းတစ်ခု ဖြစ်လာမည် ဖြစ်သည်။

၂၃.၃ အာမခံထားသူသည် မြန်မာနိုင်ငံပြင်ပသို့ (တစ်ဆယ့်နှစ်လ (၁၂) လအတွင်း တစ်ဆက်တည်း သို့မဟုတ် တစ်ဆက်တည်းမဟုတ်ဘဲ) ရက်ပေါင်း ကိုးဆယ် (၉၀) ကျော် ခရီးထွက်ပါက ပေါ်လစီပိုင်ရှင်သည် Chubb Life ကို စာဖြင့်အကြောင်းကြားရမည်ဖြစ်ပြီး အဆိုပါကိစ္စရပ်အတွက် Chubb Life သည် အောက်ပါအခွင့်အရေးများကို ကျင့်သုံးနိုင်သည်-

(က) အာမခံအခြေအနေများဖြင့် လွှမ်းခြုံမှုကို ဆက်လက်ပေးအပ်ခြင်း၊

(ခ) အာမခံကုန်ကျစရိတ်တိုးခြင်း - အာမခံထားသူသည် အာမခံကုန်ကျစရိတ် တိုးမြင့်လာစေသည့် နိုင်ငံများသို့ခရီးသွားလာခြင်းဖြစ်လျှင်၊ ဤအကြောင်းအရာအောက်တွင် အငြင်းပွားမှု တစ်ခုပေါ်ပေါက်လာပါက ပေါ်လစီပိုင်ရှင်သည် အာမခံပေါ်လစီကို ရပ်ဆိုင်းနိုင်ပြီး အကောင့် တန်ဖိုးကို လက်ခံရယူနိုင်သည်။ ဆုံးရှုံးမှုအန္တရာယ်သည် ကုမ္ပဏီမှသတ်မှတ်ထားသော အာမခံစံချိန်စံနှုန်းထက် ပိုမိုနေပါက အဆိုပါကိစ္စရပ်တွင် ခိုင်လုံသောအကြောင်းပြချက်ဖြင့်

အာမခံကုန်ကျစရိတ်ကို တိုးမြှင့်မည်ဖြစ်ပြီး ပရီမီယံအပြောင်းအလဲကို အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်တောင်းခံ၍ ပြောင်းလဲမည် သို့မဟုတ်

(ဂ) အာမခံပေါ်လစီကို ရပ်စဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း - အပိုဒ်ခွဲ ၂၃.၃(ဂ) အရ ကုမ္ပဏီမှလက်ခံနိုင်သော ဆုံးရှုံးမှုအန္တရာယ်ထက် ကျော်လွန်နေပါက အာမခံပေါ်လစီကို ခိုင်လုံသော အကြောင်းပြချက်အရ ရပ်စဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်ရာတွင် Chubb Life သည် ပေါ်လစီအကောင့်တန်ဖိုးကိုသာ ပေးဆောင်မည်ဖြစ်သည်။

၂၃.၄ အကယ်၍ ပေါ်လစီပိုင်ရှင်၊ အသက်အာမခံထားသူ သို့မဟုတ် အကျိုးခံစားခွင့်ရှိသူသည် ၎င်းတို့၏ သက်သေခံကတ်ပြားကို ပြောင်းလဲလိုက်ပါက ပေါ်လစီပိုင်ရှင်မှ သက်သေခံကတ်ပြားအသစ်၏မိတ္တူများ အားပေးပို့၍ Chubb Life သို့အကြောင်းကြားရမည်ဖြစ်ပြီး သက်သေခံကတ်ပြားနံပါတ်များ ပြောင်းလဲသွားပါက ပေါ်လစီပိုင်ရှင်သည် သက်ဆိုင်ရာ အခွင့်အာဏာ အပြည့်အဝရှိသည့် အာဏာပိုင်မှ အတည်ပြု လက်မှတ်ရေးထိုးထားသည့် အထောက်အထား စာရွက်စာတမ်း ကိုပါ မပျက်မကွက် တင်သွင်းရမည်ဖြစ်သည်။

၂၃.၅ ပေါ်လစီပိုင်ရှင်သည် ဤစည်းမျဉ်းစည်းကမ်းများ၏ အပိုဒ်ခွဲ ၂၃.၁ မှ အပိုဒ်ခွဲ ၂၃.၄ တွင် ဖော်ပြထားသည့်အတိုင်း အာမခံပေါ်လစီ၏ အခြေအနေများကို ပြောင်းလဲရန် တောင်းဆိုမှုတိုင်းအတွက် Chubb Life သို့ စာဖြင့် ရေးသားထားသည့် အကြောင်းကြားစာကို ပေးပို့၍ ဆောင်ရွက်ရပါမည်။ Chubb Life သည် အပြောင်းအလဲများအတွက် တောင်းဆိုချက်ကို စာဖြင့်ရေးသားထားသော အကြောင်းကြားစာတစ်ရပ်ကို ထုတ်ပြန်၍ အတည်ပြုမှသာလျှင် အာမခံပေါ်လစီဆိုင်ရာ စည်းကမ်းအသစ်များကို ကျင့်သုံးနိုင်သည်။ အဆိုပါ စာဖြင့် ရေးသားထားသော အကြောင်းကြားစာသည် အာမခံပေါ်လစီ၏ အဓိကအစိတ်အပိုင်းတစ်ခု ဖြစ်လာစေရမည်ဖြစ်သည်။

၂၃.၆ အကယ်၍ ပေါ်လစီပိုင်ရှင်သည် အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး ၎င်း၏လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများကို ရပ်ဆိုင်းခြင်း/အဆုံးသတ်ခြင်း (ဖျက်သိမ်းခြင်း၊ ဒေဝါလီခံခြင်း သို့မဟုတ် အခြားအလားတူ အကျိုးသက်ရောက်မှုများ အပါအဝင်) များ ပြုလုပ်ပါက အဆိုပါ ကိစ္စရပ်များနှင့် ဆက်စပ်သည့် ဥပဒေရေးရာ လုပ်ရိုးလုပ်စဉ်များ မပြီးစီးမီ ၎င်း၏လုပ်ငန်းဆောင်ရွက်မှုများကို ရပ်ဆိုင်းကြောင်း Chubb Life သို့ အသိပေးအကြောင်းကြားခဲ့ခြင်း မရှိပါက အသက်အာမခံထားသူသည် အာမခံအကျိုးခံစားခွင့်ကို ခံစားခွင့်၊ ပေါ်လစီအကောင့်တန်ဖိုး ရပိုင်ခွင့်နှင့် ပရီမီယံကြေး၊ အခွန်အခများ၊ အခကြေးငွေများနှင့် အဖိုးအခများ ပေးဆောင်ရန် တာဝန်များအပါအဝင် အာမခံပေါ်လစီ၏ အခွင့်အရေးများနှင့် တာဝန်များအားလုံးကို လက်ခံရယူသည်ဟု မှတ်ယူရမည်။

## အပိုဒ် - ၂၄ ပေါ်လစီပိုင်ရှင်၏ လိုအပ်ချက်အရ အာမခံပေါ်လစီကို စွန့်လွှတ်ခြင်း သို့မဟုတ် နောက်ဆက်တွဲအကျိုးခံစားခွင့်များ စွန့်လွှတ်ခြင်း

၂၄.၁ အာမခံပေါ်လစီ၏ အကျုံးဝင်သည့်ကာလအတွင်းတွင် ပေါ်လစီပိုင်ရှင်သည် Chubb Life သို့ အာမခံပေါ်လစီကို ရပ်ဆိုင်းရန်အတွက် အာမခံပေါ်လစီကို ရပ်စဲကြောင်း စာဖြင့်ရေးသားထားသည့် အကြောင်းကြားစာပေးပို့ပြီး တောင်းဆိုနိုင်သည်။ အာမခံကို ရပ်ဆိုင်းပြီးနောက် ပြန်အမ်းငွေကို လက်ခံရရှိရန် မူရင်းအာမခံပေါ်လစီကို ပြန်လည်ပေးပို့ခြင်းဖြင့် ဆောင်ရွက်ရမည်။ Chubb Life သည် ပေါ်လစီ ရပ်ဆိုင်းမှုကုန်ကျစရိတ်များနှင့် ပေါ်လစီချေးငွေများအပြင် ချေးငွေဆိုင်ရာ အခကြေးငွေ(များ)၊ အကြွေးများနှင့် အခြားဆက်စပ်ကုန်ကျစရိတ်များ (ရှိပါက) အားလုံးကို ပြန်အမ်းငွေမှ နုတ်ယူနိုင်သည်။ ပေါ်လစီရပ်စဲခြင်းဆိုင်ရာ အခကြေးငွေများနှင့် အဖိုးအခများသည် ဤစည်းမျဉ်းစည်းကမ်းသတ်များ၏ အပိုဒ်ခွဲ ၁၈.၄ မှ အပိုဒ်ခွဲ ၁၈.၇ တို့တွင် ဖော်ပြထားသည့် အတိုင်းဖြစ်သည်။

၂၄.၂ အာမခံပေါ်လစီ၏ တရားဝင်သည့်ကာလအတွင်း ပေါ်လစီပိုင်ရှင်သည် Chubb Life သို့ ရပ်စဲရန် တောင်းဆိုချက်ကို စာဖြင့်ရေးသားထားသည့် အကြောင်းကြားစာ တစ်စောင်ပေးပို့ခြင်းဖြင့် နောက်ဆက်တွဲ အာမခံအကျိုးခံစားခွင့်များကို ရပ်စဲရန် တောင်းဆိုခွင့်ရှိသည်။ Chubb Life သည် ဤစည်းမျဉ်းစည်းကမ်းများ၏ မအပိုဒ်ခွဲ ၁၈.၄ နှင့်အညီ နောက်ဆက်တွဲ အမခံအကျိုးခံစားခွင့်များ ရပ်စဲခြင်း/ ရပ်ဆိုင်းခြင်းအတွက် အခကြေးငွေများနှင့် အဖိုးအခများကို နုတ်ယူပါမည်။

## အပိုဒ် - ၂၅ အသက်နှင့်/သို့မဟုတ် လိင်အမျိုးအစား လွဲမှားစွာဖော်ပြခြင်း

၂၅.၁ ပေါ်လစီပိုင်ရှင်သည် အာမခံ အဆိုပြုလွှာကို တင်သွင်းသည့်အချိန်တွင် ပေးသွင်းမည့်ပရီမီယံပမာဏ တွက်ချက်ရာတွင် အသုံးပြုသော အခြေခံမှုများအတိုင်း တွက်ချက်ထားသည့် တိကျမှန်ကန်သော အသက်နှင့် လိင်အမျိုးအစားကို တင်ပြရန် တာဝန်ရှိသည်။

၂၅.၂ အကယ်၍ ပေါ်လစီပိုင်ရှင်သည် အသက်အာမခံထားသူ၏ လိင်အမျိုးအစားကို လွဲမှားဖော်ပြထားပြီး အဆိုပါ ဖော်ပြချက်သည် သတ်မှတ်ပရီမီယံကြေး နှင့်/သို့မဟုတ် အာမခံကုန်ကျစရိတ်ကို တိုးစေပါက သို့မဟုတ် လျော့စေပါက Chubb Life သည် အသက်အာမခံထားသူ၏ လိင်အမျိုးအစား အစစ်အမှန်ပေါ် အခြေခံ၍ အာမခံကုန်ကျစရိတ်၊ သတ်မှတ်ပရီမီယံကြေးနှင့် အခြားသက်ဆိုင်ရာ အခကြေးငွေများနှင့် အဖိုးအခများကို သင့်တော်သလိုချိန်ညှိ သတ်မှတ်နိုင်သည်။ ဤချိန်ညှိမှုသည် ပေါ်လစီအကောင့်တန်ဖိုး တွင် အပြောင်းအလဲများဖြစ်ပေါ်လာစေနိုင်သည်။

၂၅.၃ အကယ်၍ ပေါ်လစီပိုင်ရှင်သည် အဆိုပြုလွှာတွင် အာမခံထားသောအသက်ကို မှားယွင်းစွာဖော်ပြ ထားပြီး အသက်အာမခံထားသူ၏ မှန်ကန်သော အာမခံအသက်သည် အာမခံထားနိုင်သော အသက်အုပ်စု အတွင်းတွင် မကျရောက်ပါက Chubb Life သည် အာမခံပေါ်လစီကို ရပ်စဲနိုင်ပြီး ပေါ်လစီချေးငွေ(များ) အပြင် ပေါ်လစီချေးငွေဆိုင်ရာ အခကြေးငွ(များ)၊ ကြွေးမြီများနှင့် အခြားဆက်စပ်ကုန်ကျစရိတ်များနှင့် အဖိုးအခများ(ရှိပါက) ကို နုတ်ယူပြီးနောက် ပေါ်လစီပိုင်ရှင်ထံ

ပေးသွင်းရမည့် ပရီမီယံပမာဏ သို့မဟုတ် သတ်မှတ်ပရီမီယံကြေး (မည်သည့်နှင့် သက်ဆိုင်သည်ဖြစ်စေကိုမဆို) ပြန်အမ်းရမည်။

၂၅.၄ အကယ်၍ ပေါ်လစီပိုင်ရှင်သည် အာမခံထားသောအသက်ကို မှားယွင်းစွာဖော်ပြထားပြီး ၎င်းသည် သတ်မှတ်ပရီမီယံကြေးများနှင့်/သို့မဟုတ် အာမခံကုန်ကျစရိတ်များကို တိုးစေခြင်း သို့မဟုတ် လျော့စေခြင်း ဖြစ်စေကာ အာမခံထားသူ၏ အသက်အစစ်အမှန်သည် အာမခံ ထားနိုင်သော အသက် အုပ်စုအတွင်းတွင် အကျုံးဝင်နေသေးပါက Chubb Life သည် အသက်အာမခံထားသူ၏ မှန်ကန်သော အာမခံထားသည့် အသက်ပေါ် အခြေခံ၍ အာမခံကုန်ကျစရိတ်၊ သတ်မှတ်ပရီမီယံကြေးများနှင့် အခြားသက်ဆိုင်ရာ ကုန်ကျစရိတ်များအားလုံးကို သင့်တော်သလိုချိန်ညှိ သတ်မှတ်နိုင်သည်။ ဤချိန်ညှိမှုသည် ပေါ်လစီအကောင့်တန်ဖိုးတွင် အပြောင်းအလဲများဖြစ်ပေါ်လာစေနိုင်သည်။

၂၅.၅ ဤစည်းမျဉ်းစည်းကမ်းများ၏ အပိုဒ်ခွဲ ၂၅.၁ မှ အပိုဒ်ခွဲ ၂၅.၄ တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာအလိုက် အပိုဒ်ခွဲ ၂.၃ သို့မဟုတ် အပိုဒ်ခွဲ ၂.၄ မှ ၂.၇ နှင့်အညီ အသက်အာမခံထားသူသေဆုံးသည့်ဖြစ်ရပ်တွင် သို့မဟုတ် အာမခံထားနိုင်သည့် သက်တမ်းပြည့်သည့် နေ့တွင် အကျိုးခံစားခွင့်များကို ပေးချေသည့် ကိစ္စရပ်များတွင် လိုအပ်ပါက အသုံးပြုသွားမည်ဖြစ်သည်။

## အခန်း ၆ - အကျိုးခံစားခွင့်များ ဖြေရှင်းရေး လုပ်ထုံးလုပ်နည်းများ

### အပိုဒ် - ၂၆ အာမခံအကျိုးခံစားခွင့် လက်ခံသူများ

၂၆.၁ အာမခံအကျိုးခံစားခွင့်လက်ခံသူသည် အာမခံပေါ်လစီတွင် ပေါ်လစီပိုင်ရှင်မှ သတ်မှတ်ပေးထားသော အာမခံအကျိုးခံစားခွင့်ရှိသူ (ရှိပါက) ဖြစ်သည်။

၂၆.၂ ပေါ်လစီပိုင်ရှင်သည် အာမခံပေါ်လစီတွင် အာမခံအကျိုးခံစားခွင့်ရှိသူကို သတ်မှတ်ဖော်ပြထားခြင်း မရှိပါက Chubb Life သည် သက်ဆိုင်ရာဒေသ(နိုင်ငံ)၏ အာမခံလုပ်ငန်းဆိုင်ရာ ဥပဒေများတွင် ဖော်ပြထားသော ပြဋ္ဌာန်းချက်များနှင့်အညီ အာမခံအကျိုးခံစားခွင့်များကို ပေးအပ်ရမည်ဖြစ်သည်။

၂၆.၃ သက်ဆိုင်ရာဒေသ(နိုင်ငံ)၏ အာမခံလုပ်ငန်းဆိုင်ရာ ဥပဒေများတွင် အာခမံအကျိုးခံစားခွင့်လက်ခံသူကို ဖော်ပြထားခြင်းမရှိပါက Chubb Life သည် သက်ဆိုင်ရာဒေသ(နိုင်ငံ)၏ တရားမကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များအရ အာမခံအကျိုးခံစားခွင့်များကို ပေးအပ်ရမည်ဖြစ်သည်။

၂၆.၄ အာမခံပေါ်လစီတွင် အာမခံအကျိုးခံစားခွင့်ရှိသူ တစ်ဦးထက်ပို၍ သတ်မှတ်ဖော်ပြထားပြီး အသက်အာမခံထားသူမသေဆုံးမီ ၎င်းတို့ထဲမှ တစ်ဦးသေဆုံးပါက အာမခံအကျိုးခံစားခွင့်များကို ဤစည်းမျဉ်းစည်းကမ်းများ၏ အပိုဒ်ခွဲ ၂၆.၂ နှင့် အပိုဒ်ခွဲ ၂၆.၃ တို့နှင့်အညီ ခွဲဝေပေးသွားမည်ဖြစ်သည်။

## အပိုဒ် - ၂၇ အာမခံအကျိုးခံစားခွင့်များ ပေးအပ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

၂၇.၁ အာမခံအကျိုးခံစားခွင့်လက်ခံသူသည် အာမခံအကျိုးခံစားခွင့်တစ်စုံတစ်ရာ မပေးအပ်မီ အောက်ပါ စာရွက် စာတမ်းများကို Chubb Life သို့ တတ်နိုင်သမျှ အမြန်ဆုံး လွှဲပြောင်းပေးအပ်ရမည်-

(က) ပြည့်စုံမှန်ကန်သည့် အာမခံအကျိုးခံစားခွင့် ပေးချေရန်အတွက် တောင်းဆိုချက်၊

(ခ) Chubb Life မှ အသက်အာမခံထားသူနှင့် ပတ်သက်၍ ဒေသဆိုင်ရာအာဏာပိုင်များမှ အသိအမှတ်ပြုထားသော အချက်အလက်များကို တောင်းခံခြင်းနှင့် စုဆောင်းခြင်းကို ဆောင်ရွက်ရန်အတွက် ခွင့်ပြုသည့် ကိုယ်စားလှယ်လွှဲစာ/ခွင့်ပြုချက်၊

(ဂ) သေဆုံးကြောင်းလက်မှတ်၊ မတော်တဆမှုမှတ်တမ်းများ၊ ဆေးမှတ်တမ်းများ၊ ထိခိုက်ဒဏ်ရာအကဲဖြတ်ချက် အစီရင်ခံစာနှင့်/သို့မဟုတ် သက်ဆိုင်ရာဒေသ(နိုင်ငံ)၏ ဥပဒေများအရ ခွင့်ပြုထားသော Chubb Life မှ လိုအပ်သည့် အခြားစာရွက်စာတမ်းများအပါအဝင် အာမခံထားသောဖြစ်ရပ်နှင့်ပတ်သက်သည့် ဥပဒေရေးရာ စာရွက်စာတမ်းများနှင့် သက်သေခံအထောက်အထား၊

(ဃ) ကိုယ်စားလှယ်လွှဲစာ၊ သက်သေခံကတ်ပြားမိတ္တူနှင့် အိမ်ထောင်ရေး ဆက်နွှယ်မှု အထောက်အထား၊ မိဘအုပ်ထိန်းမှု အထောက်အထား၊ ပံ့ပိုးမှု အထောက်အထားနှင့် ပင်စင် အထောက်အထားများအပါအဝင် အာမခံငွေပမာဏကို လက်ခံရရှိခွင့်ဆိုင်ရာ တရားဝင်စာရွက်စာတမ်းများနှင့် သက်သေခံအထောက်အထားများ၊ နှင့်

(င) အာမခံပေါ်လစီ၏မူရင်းမိတ္တူ နှင့်တကွ ယင်း၌ဖော်ပြထားသော နောက်ဆက်တွဲများ၊ ပူးတွဲချက်များ၊ အထောက်အထားများနှင့် စာရွက်စာတမ်းများ (ရှိပါက) အားလုံး။

၂၇.၂ Chubb Life အနေဖြင့် Chubb Life ၏ အမခံအကျိုးခံစားခွင့်များအား တိကျစွာ ပေးအပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နောက်ထပ်စာရွက်စာတမ်းများ သို့မဟုတ် အထောက် အထားများကို တောင်းဆိုပိုင်ခွင့်ရှိသည်။ Chubb Life သည် တရားဝင် ပြေစာများ၊ ငွေတောင်းခံလွှာများ နှင့် ဘောက်ချာများ စသည်တို့နှင့် သက်ဆိုင်သမျှသော စာရွက်စာတမ်းများအတွက် ကုန်ကျစရိတ်များကို မိမိကိုယ်တိုင် ကျခံရမည်ဖြစ်သည်။

## အပိုဒ် - ၂၈ အာမခံအကျိုးခံစားခွင့်များပေးအပ်ရန်အတွက် တောင်းခံမှုတင်သွင်းရမည့် နောက်ဆုံးရက်

၂၈.၁ အသက်အာမခံထားသူသေဆုံးသည့်အခါ - အကျိုးခံစားခွင့်များ ဖြေရှင်းပေးရန်အတွက်တောင်းခံမှု တင်သွင်းရမည့် နောက်ဆုံးရက်မှာ တရားဝင်သေဆုံးကြောင်းလက်မှတ်ပေါ်ရှိ အသက်အာမခံထားသူ သေဆုံးသည့်နေ့မှ နှစ်ဆယ့်လေးလ (၂၄)လ အတွင်း ဖြစ်သည်။ မလွန်ဆန်နိုင်သော ဖြစ်ရပ်ဖြစ်ပွားမှုတွင်

သက်ဆိုင်ရာဒေသ(နိုင်ငံ)၏ အာမခံလုပ်ငန်းဆိုင်ရာ ဥပဒေများနှင့်အညီ အကျိုးခံစားခွင့်များကို ပေးအပ်သွားမည်ဖြစ်သည်။

၂၈.၂ အသက်အာမခံထားသူသည် မတော်တဆမှုတစ်ခုခုကြောင့် လုံးဝ ရာသက်ပန် မသန်စွမ်းဖြစ်ခဲ့လျှင်- အာမခံအကျိုးခံစားခွင့်များ ပေးအပ်ရန်အတွက် တောင်းခံလွှာ တင်သွင်းရမည့် နောက်ဆုံးရက်မှာ အပိုဒ် ၂၉ အရ အသက်အာမခံထားသူသည် လုံးဝ ရာသက်ပန် မသန်စွမ်းဖြစ်သွားခဲ့ကြောင်း အရည်အချင်းပြည့်မီသော အခွင့်အာဏာရှိသူထံမှ အတည်ပြုလက်မှတ်ထိုးပြီးနောက် ဆယ့်နှစ်(၁၂) လ အတွင်း ဖြစ်သည်။

၂၈.၃ အသက်အာမခံထားသူသည် အတွင်းလူနာအဖြစ် ဆေးရုံတက်ရောက်ရခြင်း၊ ICU သို့ တက်ရောက်ရခြင်း သို့မဟုတ် ခွဲစိတ်မှု သို့မဟုတ် အသေးစားခွဲစိတ်မှုကို ပြုလုပ်ခြင်းများ ဖြစ်ပါက - အာမခံ အကျိုးခံစားခွင့်များ ပေးအပ်ရန်အတွက် တောင်းခံမှု တင်သွင်းရမည့် နောက်ဆုံးရက်မှာ အသက်အာမခံထားသူ ဆေးရုံမှဆင်းကြောင်း အတည်ပြုလက်မှတ်တွင် ဖော်ပြထားသည့်နေ့မှ ရက်ပေါင်း ခြောက်ဆယ် (၆၀) သတ်မှတ်ထားသည်။ သို့သော် ရက်ပေါင်း (၆၀) ကျော်လွန်သော်လည်း လိုအပ်သောအထောက်အထားများ တင်ပြနိုင်ပါက အကျိုးခံစားခွင့် ပေးလျော်မည်ဖြစ်သည်။ ထို့အတူ အကျိုးခံစားခွင့်တောင်းခံမှုနောက်ကျရခြင်းအား ကျိုးကြောင်းဆီလျော်သော ရှင်းလင်းချက်နှင့်အတူ တင်ပြရန် လိုအပ်ပါသည်။

၂၈.၄ အသက်အာမခံထားသူသည် ပြင်းထန်ရောဂါတစ်ခု ခံစားရပါက - အာမခံအကျိုးခံစားခွင့်များ ပေးအပ်ရန်အတွက် တောင်းခံလွှာ တင်သွင်းရမည့် နောက်ဆုံးရက်မှာ ဆရာဝန်တစ်ဦးမှ အသက်အာမခံထားသူတွင် ပြင်းထန်ရောဂါတစ်ခုကို ရောဂါရှာဖွေတွေ့ရှိကြောင်း အတည်ပြုလက်မှတ် ရေးထားပြီးနောက် ရက်ပေါင်း ကိုးဆယ် (၉၀) သတ်မှတ်ထားသည်။ သို့သော် ရက်ပေါင်း (၉၀) ကျော်လွန်သော်လည်း လိုအပ်သောအထောက်အထားများ တင်ပြနိုင်ပါက အကျိုးခံစားခွင့် ပေးလျော် မည်ဖြစ်သည်။ ထို့အတူ အကျိုးခံစားခွင့်တောင်းခံမှု နောက်ကျရခြင်းအား ကျိုးကြောင်းဆီလျော်သော ရှင်းလင်းချက်နှင့်အတူ တင်ပြရန် လိုအပ်ပါသည်။

## အပိုဒ် -၂၉ ဆေးစစ်ခြင်း၊ အရည်အချင်းပြည့်မီသော အခွင့်အာဏာရှိသူထံမှ စာရွက်စာတမ်း တောင်းခံခြင်း

၂၉.၁ Chubb Life သည် စစ်ဆေးရေးအေဂျင်စီများ/စစ်ဆေးသူများထံမှ အသက်အာမခံထားသူ နှင့်ပတ်သက်၍ ဆေးစစ်ချက်တောင်းခံရန် သို့မဟုတ် Chubb Life မှ ခန့်အပ်ထားသည့် သို့မဟုတ် အသိအမှတ်ပြုထားသည့် အရည်အချင်းပြည့်မီသော အခွင့်အာဏာရှိသူထံမှ စာဖြင့်ရေးထားသည့် သုံးသပ်ချက်တစ်ခုကို တောင်းဆိုရန် အခွင့်အရေးရှိပါသည်။

၂၉.၂ အခြားကိစ္စရပ်များတွင် Chubb Life သည် အာမခံအကျိုးခံစားခွင့်များ ပေးအပ်ရေးအတွက် လိုအပ်သည်များကို ဆောင်ရွက်ရန် အာမခံအကျိုးခံစားခွင့်လက်ခံသူ သို့မဟုတ်

အသက်အာမခံထားသူနှင့် စပ်လျဉ်း၍ အရည်အချင်းပြည့်မီသော ပြည်နယ်အာဏာပိုင်များ၏ တရားဝင် စာရွက်စာတမ်းမူရင်းများ/ ဆုံးဖြတ်ချက်များကို တောင်းဆိုနိုင်သည်။ Chubb Life သည် ဤအပိုဒ် ၂၉ အရ စာရွက်စာတမ်းများ/ ဆုံးဖြတ်ချက်များ ရယူခြင်း လုပ်ငန်းစဉ်နှင့်ပတ်သက်၍ လမ်းညွှန်ချက်ပေးရန် သဘောတူပါသည်။

၂၉.၃ Chubb Life သည် တရားဝင် ပြေစာများနှင့် ဘောက်ချာများကို ပေးပို့သည့်အခါ သက်ဆိုင်ရာစာရွက်များတောင်းခံမှုအတွက် ကုန်ကျစရိတ်များကို ပေးဆောင်ရန် သဘောတူသည်။

## အပိုဒ် - ၃၀ အာမခံအကျိုးခံစားခွင့်များ ပေးအပ်ရေးအတွက် နောက်ဆုံးသတ်မှတ်ရက်

၃၀.၁ အာမခံပေါ်လစီသည် အပိုဒ်ခွဲ ၂.၃ နှင့်အညီ အာမခံသက်တမ်းစေ့သည့်နေ့စွဲတွင် အာမခံအကျိုးခံစားခွင့်များကို ပေးအပ်သည့် ကိစ္စရပ်မှလွဲ၍ Chubb Life မှ အပိုဒ် ၂၉ အရ တောင်းဆိုထားသည့်အတိုင်း ပြည့်စုံသော တရားဝင် အထောက်အထား စာရွက်စာတမ်းများအားလုံး လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း သုံးဆယ် (၃၀) အတွင်း အကျိုးခံစားခွင့်လက်ခံသူများအား အကျိုးခံစားခွင့်များပေးအပ်ရန် အကောင်းဆုံးအားထုတ်ပါမည်။ Chubb Life သည် ဤအပိုဒ်ခွဲ ၃၀.၁ အရ နောက်ဆုံးသတ်မှတ်ရက် ကုန်ဆုံးပြီးနောက် ခုနစ် (၇) ရက်အတွင်း အာမခံအကျိုးခံစားခွင့် တစ်စုံတစ်ရာကို ပေးအပ်ခြင်းမရှိဘဲ မည်သည့်ကိစ္စရပ်ကိုမဆို ဖြေရှင်းရန် အကောင်းဆုံး အားထုတ်ပါမည်။ သက်ဆိုင်ပါက Chubb Life သည် မပေးချေရသေးသော အာမခံအကျိုးခံစားခွင့်ပမာဏအပေါ် နေ့စဉ်ကြန့်ကြာမှု၏ အမှန်တကယ် ကြာချိန်အတွက် အပိုဆောင်း အတိုးနှုန်းကို တစ်နှစ်လျှင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကောက်ခံသည့် အခြေခံအတိုးနှုန်းနှင့်အညီ တွက်ချက်၍ ပေးချေရန် ရွေးချယ်နိုင်သည်။

၃၀.၂ အာမခံအကျိုးခံစားခွင့်များကို အာမခံအကျိုးခံစားခွင့်လက်ခံသူမှ သက်ဆိုင်ရာ ဖြစ်ရပ်အပေါ်မူတည်၍ Chubb Life ရုံးချုပ်ရုံး သို့မဟုတ် ၎င်း၏ဌာနခွဲရုံးများတွင် သို့မဟုတ် အခြားသင့်လျော်သော နည်းလမ်းဖြင့် ရယူနိုင်မည်ဖြစ်သည်။

## အပိုဒ် - ၃၁ အာမခံအကျိုးခံစားခွင့်များ တောင်းခံပြီးနောက် အာမခံပေါ်လစီ အခြေအနေ

၃၁.၁ ပေါ်လစီပိုင်ရှင်၏ အာမခံပေါ်လစီသည် အောက်ပါအခြေအနေများအနက်မှ တစ်ခုဖြစ်ပွားသည့်အခါ ချက်ချင်းရပ်စဲရမည်-

(က) အသက်အာမခံထားသူ သေဆုံးခြင်း၊ သို့မဟုတ်

(ခ) ပေါ်လစီသည် ၎င်း၏ သက်တမ်းစေ့သည့်ရက်သို့ ရောက်ရှိခြင်း။

# အခန်း ၇ - အငြင်းပွားမှုဖြေရှင်းခြင်း

**အပိုဒ် - ၃၂ အငြင်းပွားမှုဖြေရှင်းခြင်း**

၃၂.၁ ဤအာမခံပေါ်လစီနှင့် စပ်လျဉ်းသည့် အငြင်းပွားမှု တစ်စုံတစ်ရာကို နှစ်ဖက်အကြား ချစ်ကြည်ရင်းနှီးစွာ ညှိနှိုင်းဆွေးနွေးမှုများဖြင့် မဖြေရှင်းနိုင်ပါက တစ်ဖက်ဖက်မှ အငြင်းပွားမှုကို ဖြေရှင်းရန်အတွက် တရားပြိုင် နေထိုင်သည့် သို့မဟုတ် မြန်မာနိုင်ငံတွင် တရားဝင် ရုံးခန်းတည်ထောင် ထားသည့်နေရာရှိ စီရင်ပိုင်ခွင့် အာဏာရှိသောတရားရုံးတွင် စတင်တရားစွဲဆိုဆောင်ရွက်နိုင်သည်။

၃၂.၂ အငြင်းပွားမှုဖြေရှင်းခြင်းအတွက် သတ်မှတ်ကာလသည် အငြင်းပွားမှု စတင်ဖြစ်ပွားပြီးနောက် သုံး(၃) နှစ် ဖြစ်သည်။

## နောက်ဆက်တွဲ ၁

| စဉ် | ပြင်းထန်သောရောဂါ | အဓိပ္ပါယ်ဖွင့်ဆိုချက် |
|---|---|---|
| ၁ | အကြီးစားကင်ဆာရောဂါများ | ကင်ဆာဆဲလ်များ ထိန်းချုပ်မရနိုင်အောင် ပျံ့နှံ့ပြီး ပုံမှန် တစ်ရှူးများကို ဖေါက်ထွင်းခြင်း ဖျက်ဆီးခြင်းတို့ ဖြစ်စေသော ကင်ဆာ အလုံးအကျိတ် ကိုဆိုလိုပါသည်။ ရောဂါဖြစ်ကြောင်းအတည်ပြုရန် histology တွင် ကင်ဆာဖြစ်ကြောင်းရလဒ်နှင့် ကင်ဆာအထူးကုဆရာဝန် သို့မဟုတ် ရောဂါဗေဒ ပညာရှင်မှအတည်ပြုထားခြင်းတို့ ရှိရပါမည်။<br><br>အောက်ပါအချက်များ အကျုံးမဝင်ပါ<br><br>(က) တစ်ရှူးစစစ်ဆေးခြင်း အဖြေအရ အောက်ပါအချက်များနှင့် ကိုက်ညီသော ကင်ဆာရောဂါများ<br><br>- Pre-malignant<br>- Non-invasive<br>- Carcinoma in situ<br>- Having borderline malignancy<br>- Having malignant potential<br><br>(ခ) TNM အမျိုးအစား အဆင့်သတ်မှတ်ချက်အရ တစ ရှူးစအဖြေတွင် T1N0M0 ရလဒ်ထွက်ပေါ်သော ဆီးကျိတ် အလုံး(အကျိတ်)<br><br>(ဂ) TNM အမျိုးအစား အဆင့်သတ်မှတ်ချက်အရ တစ် ရှူးစအဖြေတွင် T1N0M0 ရလဒ်ထွက်ပေါ်သော သိုင်းရွိုက် အလုံး(အကျိတ်)အားလုံး<br><br>(ဃ) TNM အမျိုးအစား အဆင့်သတ်မှတ်ချက်အရ တစ် ရှူးစအဖြေတွင် T1N0M0 ရလဒ်ထွက်ပေါ်သော ဆီးအိမ် အလုံး(အကျိတ်)အားလုံး |

| | | |
|---|---|---|
| | | (င) RAI အဆင့်(၃)ထက်နည်းသော Chronic Lymphocytic Leukaemia<br><br>(စ) HIV ရောဂါရှိနေချိန်တွင်ဖြစ်ပေါ်လာသော ကင်ဆာအားလုံး<br><br>(ဆ) malignant melanoma မှလွဲ၍ မည်သည့်အရေပြား ကင်ဆာရောဂါကိုမဆို |
| ၂ | နှလုံးရုတ်တရက်ဖောက်ပြန်မှု | နှလုံးကြွက်သားများ လုံလောက်စွာသွေးလည်ပတ်မှု မရရှိသောကြောင့် နှလုံးကြွက် သား အစိတ်အပိုင်းအချို့ သေဆုံး (ပုပ်)ခြင်း ကို ဆိုလိုပါသည်။ ရောဂါကိုအတည်ပြုရန် အောက်ပါအချက် ၅ ချက်မှ အနည်းဆုံး ၃ ချက်နှင့်ကိုက်ညီရန် လိုအပ်သည်<br><br>(က) ရောဂါနှင့် ဆက်စပ်သည့် လက္ခဏာအတိုင်းရင်ဘတ်အောင့်သည့် ရာဇဝင်ရှိခြင်း<br><br>(ခ) ECG စစ်ဆေးချက်တွင် အောက်ပါတို့ကိုအသစ်တွေ့ရှိခြင်း<br><br>- ST elevation or depression<br>- T wave inversion<br>- Pathological Q waves<br>- Left bundle branch block;<br><br>(ဂ) ရောဂါရှာဖွေစစ်ဆေးချက်တွင် နှလုံးအင်ဇိုင်း CK-MB ပမာဏ မြင့်တက်နေခြင်း<br><br>(ဃ) နှလုံးအတွင်းရှိ (Troponin (T or I)) ပရိုတင်းပမာဏကို မြင့်တက်နေခြင်း (Troponin T > 1 mcg/L (1 ng/ml)or AccuTnl > 0.5ng/ml or equivalent threshold with other Troponin I methods)<br><br>(င) နှလုံးရောဂါဖြစ်ပြီးနောက် ၃ လ(သို့) ၃ လအထက် အချိန်တွင် နှလုံး၏လက်ဝဲဘက် သွေးထုတ်လွှတ်သည့်သွေးပမာဏ (left |

| | | |
|---|---|---|
| | | ventricular ejection fraction) ကို တိုင်းတာသည့် စစ်ဆေးချက်သည် ၅၀%ထက်နည်းနေခြင်း<br><br>မတည်ငြိမ်သော ရင်ဘတ်စူးအောင့်ခြင်း၊ သွေးမဝ၍ အသေးစား တစ်ရှူးသေခြင်း၊ နှလုံးသွေးလွှတ်ကြောရောဂါအတွက် ထိုးဖောက်ခွဲစိတ်မှုကြောင့်ဖြစ်လာသည့် အသေးစား နှလုံး ကြွက်သား ပျက်စီးမှုနှင့် နှလုံးဇီဝ အမှတ်အသားများ မြင့်တက်ခြင်းအပါအဝင် အခြားပြင်းထန် နှလုံးရောဂါအားလုံး သည်အကျုံးဝင်ခြင်းမရှိပါ။ |
| ၃ | လေဖြတ်ခြင်း | ဦးနှောက်တစ်သျှူးများ သွေးမဝ၍ သေဆုံးခြင်း၊ ဦးနှောက်နှင့် ဦးနှောက်အမြှေးပါးကြား သွေးယိုစီးခြင်း၊ ဦးနှောက်သွေးကြော ပိတ်ခြင်းနှင့် ဦးနှောက်သွေးခဲခြင်းအပါအဝင် ဦးနှောက် သွေးကြောဆိုင်ရာ အဖြစ်အပျက်တစ်ခု။ ဤရောဂါတွေ့ရှိချက် အား အောက်ပါအခြေအနေအားလုံးရှိကြောင်း ထောက်ခံရပါ မည်-<br>(က)အောက်ဖော်ပြပါ ချို့ယွင်းချက်တစ်ခုခုကို ဖြစ်စေသည့် အာရုံကြောထာဝစဉ် ထိခိုက်မှုဆိုင်ရာ အထောက်အထား၊<br>– တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ခြေလက်များတွင် လှုပ်ရှားမှုလုပ်ဆောင်နိုင်စွမ်း လုံးဝနှင့် ထာဝစဉ် ဆုံးရှုံးမှု<br>– ဦးနှောက်အတွင်းရှိ စကားပြောစွမ်းရည်ထိန်းချုပ်သည့်နေရာကို ပျက်စီး စေခြင်းကြောင့် စကားပြောစွမ်းရည် ထာဝစဉ် ဆုံးရှုံးခြင်း<br>– အခြားသူတစ်ဦးဦး၏ အကူအညီမပါဘဲ "နေ့စဉ် ရှင်သန်နေထိုင်မှုဆိုင်ရာလှုပ်ရှားမှု" ၆ ခုတွင် ၃ ခုကိုအမြဲတမ်းမလုပ်ဆောင်နိုင်ခြင်း<br>– ဖြစ်ရပ်ပြီးနောက်အနည်းဆုံး ၆ ပတ်ကြာ ဦးနှောက်နှင့်အာရုံကြောဆရာဝန်တစ်ဦးမှ သက်သေ အထောက် အထားဖြင့်အတည်ပြုရပါမည်၊ နှင့်<br>(ခ) Megnatic Resonance Imaging, Coputerised Tomography သို့မဟုတ် အခြားတိကျသော ပုံရိပ်ဖော်စစ်ဆေးခြင်း နည်းလမ်းများတွင် အသစ်ဖြစ်သော လေဖြတ်ခြင်းရှိသည်ဟုတွေ့ရှိခြင်း<br>အောက်ပါတို့အကျုံးဝင်ခြင်းမရှိပါ |

| | | |
|---|---|---|
| | | (က) ယာယီလေဖြန်းခြင်းနှင့် ဦးနှောက်သို့သွေးပို့မှုနည်းခြင်းကြောင့်ဖြစ်သည့် ယာယီအာရုံကြော ချို့ယွင်းမှု၊<br>(ခ) မတော်တဆမှု သို့မဟုတ် ပြင်ပဒဏ်ရာကြောင့် ဦးနှောက်ပျက်စီးခြင်း၊ ရောဂါပိုးဝင်ခြင်း၊ သွေးကြောရောင်ခြင်း (Vasculitis) ၊ ရောင်ရမ်းခြင်းရောဂါ (Inflammatory Disease) နှင့် ခေါင်းတစ်ခြမ်းကိုက်ရောဂါ၊<br>(ဂ)မျက်စိ သို့မဟုတ် အမြင်အာရုံကြော (Optic Nerve) ကို ထိခိုက်သော သွေးကြောရောဂါနှင့်<br>(ဃ) ဟန်ချက်ထိန်းအာရုံကြောစနစ်၏ သွေးပို့မှု မူမမှန်မှုများ (Ischaemic disorders of the vestibular system) |
| ၄ | ကျောက်ကပ်ပျက်စီးခြင်း | နာတာရှည်ထာဝစဉ် ကျောက်ကပ်နှစ်ဖက်လုံးပျက်စီး၍ ကျောက်ကပ်အမြဲတမ်း ဆေးရခြင်း (သို့မဟုတ်) ကျောက်ကပ်အစားထိုးကုသမှုခံယူရခြင်းစသည့်ရောဂါကို ဆိုလိုပါသည် ။ |
| ၅ | အဆုတ်ရောဂါနောက်ဆုံးအဆင့် | နာတာရှည် အသက်ရှူလမ်းကြောင်း ချို့ယွင်းမှုကို ဖြစ်စေသော နောက်ဆုံးအဆင့် အဆုတ်ရောဂါ။ ဤရောဂါတွေ့ရှိချက်အား အောက်ပါအချက်များအားလုံး၏ အထောက်အထားများဖြင့် ထောက်ခံရပါမည်။<br>(က)၁ စက္ကန့်တွင် အသက်ပြင်းပြင်း ရှူထုတ်နှုန်း(FEV1 test) စမ်းသပ်မှုရလဒ်များတွင် ၁ လီတာအောက် တသမတ်တည်း လျော့နည်းနေခြင်း၊<br>(ခ)ပုံမှန်မဟုတ်ဘဲ သွေးတွင်းအောက်ဆီဂျင်ဓာတ် လျော့နည်းခြင်းအတွက် အမြဲတမ်း ဖြည့်စွက် အောက်ဆီဂျင် ကုထုံး၊<br>(ဂ) သွေးလွှတ်ကြောတွင် တစ်စိတ်တစ်ပိုင်းအောက်စီဂျင်ဖိအား 55mmHg (သို့မဟုတ်) အောက်ဖြစ်ခြင်း (PaO2 ≤ 55mmHg)<br>(ဃ)အနားယူနေစဉ် အသက်ရှူရန်ခက်ခဲခြင်း |

| | | |
|---|---|---|
| | | ဤရောဂါအား အဆုတ်နှင့်ရင်ခေါင်းဆိုင်ရာ ဆရာဝန်မှ အတည်ပြု ပေးရန်လိုအပ်ပါသည်။ |
| ၆ | အသည်းပျက်စီးမှုနောက်ဆုံး အဆင့် | နောက်ဆုံးအဆင့်အသည်းပျက်စီးခြင်ရောဂါဆိုသည်မှာအောက်ပါအချက်များအားလုံးနှင့်ကိုက်ညီရန် လိုအပ်သည်။<br>(က)ထာဝစဉ်အသားဝါခြင်း<br>(ခ)ရေဖျဉ်းစွဲခြင်း<br>(ဂ)အသည်းရောဂါမှတဆင့် ဦးနှောက်၏ လုပ်ငန်းဆောင်တာပါ ပျက်စီးယိုယွင်းခြင်း<br><br>အောက်ပါတို့အကျုံးဝင်ခြင်းမရှိပါ-<br>(က)အရက် (သို့) မူးယစ်ဆေးဝါးနှင့် ဆက်စပ်အရာများ အသုံးပြုခြင်းကြောင့်ဖြစ်ပေါ်လာသော အသည်းရောဂါများမှာ အကျုံးမဝင်ပါ။ |
| ၇ | နှလုံးသွေးကြော အစားထိုးခွဲစိတ်ကုသခြင်း | သွေးကြောတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော သွေးကြောများ ကျဉ်းသွားခြင်း သို့မဟုတ် ပိတ်ဆို့ခြင်းကို လမ်းလွှဲ ဆက်ထားသော သွေးကြောများဖြင့် ပြုပြင်ရန် ရင်ဘတ်ဖွင့် ခွဲစိတ်မှု။ ဤရောဂါရှာဖွေတွေ့ရှိချက်အား နှလုံးသွေးလွှတ် ကြောပိတ်ဆို့ခြင်း ၅၀ ရာခိုင်နှုန်းနှင့် အထက်ရှိကြောင်း angiographic အထောက်အထား များဖြင့် ထောက်ခံထားရမည်ဖြစ်ပြီး ခွဲစိတ်မှုကို ဆေးဘက်ဆိုင် ရာအရ လိုအပ်သည်ဟု အတိုင်ပင်ခံနှလုံးအထူးကုဆရာဝန်က ယူဆရမည် ဖြစ်သည်။<br><br>အောက်ပါတို့အကျုံးဝင်ခြင်းမရှိပါ- |

| | | |
|---|---|---|
| | | (က) Angioplasty နှင့်အခြား catheter အသုံးပြုပြီး သွေးလွှတ်ကြောအတွင်းမှာ ကုသသော ကုထုံးများ 'keyhole' ။<br>(ခ) လေဆာကုထုံးများ။ |
| ၈ | ၉၆ နာရီကြာမေ့မြောခြင်း | အနည်းဆုံး 96 နာရီကြာရှည်သောမေ့မြောခြင်း (coma)။<br>ရောဂါကိုအောက်ပါအချက်အားလုံးဖြင့် အတည်ပြုရပါမည်။<br>(က) ပြင်ပလှုံ့ဆော်မှုများကို အနည်းဆုံး ၉၆ နာရီကြာ တုံ့ပြန်မှု မရှိခြင်း။<br>(ခ)အသက်ရှင်သန်ရပ်တည်နိုင်ရေးအတွက်<br>အသက်အထောက်အကူပြုမှုများ လိုအပ်ခြင်း။<br>(ဂ) ဦးနှောက်ပျက်စီးပြီး အာရုံကြောထိခိုက်မှုသည် မည်သို့မျှပြန်လည် ကောင်းမွန်လာခြင်းမရှိတော့ဘဲ မေ့မြောခြင်း စဖြစ်ပြီးနောက် အနည်းဆုံး ရက် ၃၀ ကြာ "နေ့စဉ်ရှင်သန်နေထိုင်မှုဆိုင်ရာ လှုပ်ရှားမှု" (*) ၆ ခုအနက် အနည်းဆုံး ၃ ခုကိုအခြားသူတစ်ဦး ၏အကူအညီမရယူဘဲ မလုပ်နိုင်တော့ခြင်း။<br>အောက်ပါဖြစ်ရပ်များ မပါဝင်ပါ -<br>(က) အရက်သို့မဟုတ်မူးယစ်ဆေးဝါးအလွဲသုံးမှုကြောင့် တိုက်ရိုက်ဖြစ် ပေါ်လာသောမေ့ မြောခြင်း (Coma)။ |
| ၉ | နှလုံးအဆို့ရှင်ခွဲစိတ်မှု | အမှန်တကယ် နှလုံးကို ဖွင့်ဟခွဲစိတ်ပြီး နှလုံးတွင်း အဆို့ရှင်များပုံမမှန်ဖြစ်ခြင်းကိုကုသရန် အဆို့ရှင် လဲလှယ်ခြင်း သို့ ပြုပြင်ကုသခြင်းကို ဆိုလိုပါသည်။ နှလုံးအဆို့ရှင် ပုံမမှန်ဖြစ်ခြင်းကို နှလုံးတွင်း catheter ထည့်၍စစ်ဆေးခြင်း သို့ Echocardiogram ဖြင့်စစ်ဆေးခြင်းဖြင့် ရောဂါအတည်ပြုထားရမည်ဖြစ်ပြီး အတိုင်ပင်ခံ နှလုံးအထူးကုဆရာဝန် မှ အဆိုပါကုထုံးပြုလုပ်ရန် ဆေးပညာအရလိုအပ်ကြောင်း ဆုံးဖြတ်ချက်ချထားပြီးဖြစ်ရပါမည်။ |
| ၁၀ | အကြီးစားလောင်ကျွမ်းမှုများ | Lund and Browder Diagram ပုံပေါ် မူတည်၍ ကိုယ်ခန္ဓာ၏မျက်နှာပြင်၏ အနည်းဆုံး ၂၀% ထိ တတိယဒီဂရီအဆင့် (အရေပြားအောက်ခြေထိ) လောင်ကျွမ်းခြင်းကိုဆိုလိုသည်။ |

| | | |
|---|---|---|
| ၁၁ | အရေးကြီးသောအတွင်းအင်္ဂါ/ ရိုးတွင်းခြင်ဆီ အစားထိုးကုသခြင်း | အသက်အာမခံထားသူ၏အစားထိုးကုသမှု-<br>(က) ရိုးတွင်းခြင်ဆီအားလုံး ဖယ်ရှားဖျက်ဆီးပြီး Haematopoitic Stem Cell အသုံးပြုပြီး ရိုးတွင်းခြင်ဆီ အစားထိုးခြင်း (သို့ မဟုတ်)<br>(ခ) အောက်ဖော်ပြပါ လူ့အင်္ဂါများထဲမှ တစ်ခုအစားထိုး ကုသခြင်း - သက်ဆိုင်ရာ ကိုယ်တွင်းအင်္ဂါများ၏ ကုသ၍မရနိုင်သော နောက်ဆုံးအဆင့် ချို့ယွင်းမှုများဖြစ်စေ ခြင်းကြောင့် နှလုံး၊ အဆုတ်၊ အသည်း၊ ကျောက်ကပ်၊ မုန့်ချိုအိတ်အားအစားထိုးကုသခြင်း။<br><br>အောက်ပါတို့အကျုံးဝင်ခြင်းမရှိပါ-<br>(က) သွေးပင်မဆဲလ်မဟုတ်သော ပင်မဆဲလ် အစားထိုး ကုသမှု။ |
| ၁၂ | ကြွက်သားသိမ်သောရောဂါ (Muscular Dystrophy) | ကြွက်သားအားနည်းခြင်းနှင့် ကြွက်သားများ ချည့်နဲ့လာခြင်းဖြင့် မျိုးရိုးဗီဇဆိုင်ရာ ကြွက်သားဆုတ်ယုတ်လာသည့်ရောဂါများ ကို ဆိုလိုပါသည်။ ရောဂါဖြစ်ကြောင်းကို ဦးနှောက်နှင့်အာရုံကြောအထူးကု ဆရာဝန် မှ ခိုင်းချက်ကင်းတိကျစွာ အတည်ပြုပေးထားရမည် ဖြစ်ပါသည်။ ရောဂါအခြေအနေကြောင့် အနည်းဆုံး ၆ လ ဆက်တိုက် "နေ့စဉ်အသက်ရှင်နေထိုင်မှုဆိုင်ရာ လှုပ်ရှားမှု" (*) ၆ ခုအနက်အနည်းဆုံး ၃ ခုကို အခြားသူတစ်ဦး၏ အကူအညီမရယူဘဲ မလုပ်နိုင်တော့ခြင်း ဖြစ်စေရပါမည်။ |
| ၁၃ | Multiple Sclerosis | Multiple Sclerosis အမှန်တကယ်ဖြစ်ခြင်းကိုဆိုလိုပါသည်။ အောက်ပါအချက်အားလုံးအပြည့်အစုံဖြင့် ရောဂါကိုအတည်ပြုပြီး ဖြစ်ရပါမည်။<br>(က) ရောဂါရှာဖွေစစ်ဆေးမှုရလဒ်များသည် multiple sclerosis ဖြစ်ကြောင်းကို ခိုင်းချက်ကင်းတိကျစွာ အတည်ပြုပေးရပါမည်။<br>(ခ) အနည်းဆုံး ၆ လတာကာလအတွင်း တစ်နေရာထက်ပိုသော အာရုံကြောဆိုင်ရာထိခိုက်မှုများ အားဆက်တိုက်ခံစားရခြင်း နှင့် |

| | | |
|---|---|---|
| | | (ဂ) သေချာမှတ်တမ်းတင်ထားသော အဆိုပါ အာရုံကြောဆိုင်ရာ ချို့ယွင်းချက်များ ပိုမိုဆိုးရွားလာခြင်းနှင့် သက်သာပျောက်ကင်းခြင်းဆိုင်ရာ ရောဂါရာဇဝင်။<br>အောက်ပါတို့မပါဝင်ပါ -<br>SLE နှင့် HIV ကဲ့သို့သော အာရုံကြောပျက်စီးစေနိုင်သော အခြားအကြောင်းတရားများ |
| ၁၄ | ပင်မသွေးလွှတ်ကြော(Aorta )ခွဲစိတ်မှု | Aorta သွေးလွှတ်ကြော၏ သွေးကြောဖေါင်းခြင်း၊ သွေးကြောကျဉ်းခြင်း၊ သွေးကြောပိတ်ခြင်း သို့မဟုတ် သွေးကြောအတွင်းနံရံပြဲခြင်းကို ပြုပြင်ကုသရန်အတွက် ရင်ဘတ် သို့မဟုတ် ဝမ်းဗိုက်ကို အမှန်တကယ် ခွဲစိတ်၍ ကုသရသော အကြီးစားခွဲစိတ်မှုကိုဆိုလိုပါသည်။ ဤအဓိပ္ပါယ်ဖွင့်ဆိုချက်တွင် Aorta သည် ရင်ဘတ် (Thoracic) Aorta နှင့် ဝမ်းဗိုက် (Abdominal) Aorta တို့ကိုရည်ညွှန်းပြီး ၎င်းမှဖြာထွက်သော သွေးကြောတို့ကိုမဆိုလိုပါ။<br>အောက်ပါဖြစ်ရပ်များမပါဝင်ပါ -<br>(က) Minimally Invasive Surgery သို့ သွေးကြောအတွင်းမှကုသသည့်နည်းလမ်းများ (Intra-arterial techniques)။ |
| ၁၅ | အဆုတ်တွင်း သွေးဖိအားများခြင်း (Primary Pulmonary Hypertension) | အဆုတ်တွင်းသွေးဖိအားများခြင်းနှင့် နှလုံးညာဖက်သွေးလွှတ်ခန်း သိသာထင်ရှားစွာ ကြီးခြင်းကို နှလုံး ပြွန်ထည့်ခြင်း (Cardiac Catheterisation) အစရှိသည့် ရောဂါရှာဖွေစစ်ဆေးခြင်းများဖြင့် အတည်ပြုပြီး၊ အဆိုပါဖြစ်ရပ်ကြောင့် အနည်းဆုံး New York Heart Association (NYHA) Classification of Cardiac Impairment ၏ Class IV အဆင့် ထာဝစဉ် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ပျက်စီးမှုကို ဆိုလိုပါသည်။<br>NYHA Classification of Cardiac Impairment မှာ အမျိုးအစား ၁ - ရုပ်ပိုင်းဆိုင်ရာ လှုပ်ရှားသွားလာမှု ထိခိုက်မှုမရှိ။ |

| | | |
|---|---|---|
| | | ပုံမှန်လှုပ်ရှားသွားလာခြင်းသည် မောပန်းခြင်း၊ အသက်ရှူကြပ်ခြင်း၊ နှလုံးအောင့်ခြင်းတို့ မဖြစ်ပေါ်စေပါ။<br><br>အမျိုးအစား ၂ - ရုပ်ပိုင်းဆိုင်ရာ လှုပ်ရှားသွားလာမှု သိသိသာသာ ထိခိုက်ခြင်းခြင်း။ နားနေပါက သက်သောင့်သက်သာရှိသော်လည်း ပုံမှန်သွားလာခြင်းထက် လျော့နည်းသော လှုပ်ရှားမှုပြုလုပ်ပါက ရောဂါလက္ခဏာများ ဖြစ်ပေါ်စေသည်။<br><br>အမျိုးအစား ၃ - ရုပ်ပိုင်းဆိုင်ရာ လှုပ်ရှားသွားလာမှု သိသိသာသာ ထိခိုက်ခြင်းခြင်း။ နားနေပါက သက်သောင့်သက်သာရှိသော်လည်း ပုံမှန်သွားလာခြင်းထက် လျော့နည်းသော လှုပ်ရှားမှုပြုလုပ်ပါက ရောဂါလက္ခဏာများ ဖြစ်ပေါ်စေသည်။<br><br>အမျိုးအစား ၄ - သက်သောင့်သက်သာစွာဖြင့် ပြုလုပ်နိုင်သော ရုပ်ပိုင်းဆိုင်ရာ လှုပ်ရှားမှုမရှိတော့ခြင်း။ အနားယူနေသည့် အချိန်တွင်ပင် ရောဂါလက္ခဏာရှိနေနိုင်ပါသည်။ |
| ၁၆ | ကင်ဆာမဟုတ်သော ဦးနှောက်တွင်း အလုံးအကျိတ်ဖြစ်ခြင်း (Benign Brain Tumors) | ဦးနှောက်ကို ထိခိုက်ပျက်စီးစေပြီး အသက်အန္တရာယ်ရှိသော ဦးနှောက်အတွင်း ဖြစ်ပွါး သည့် ကင်ဆာ မဟုတ်သော အလုံးအကျိတ်ကို ဆိုလိုပါသည်။ ၎င်းအကျိတ်သည် ခွဲစိတ်ကုသပြီး သို့ ခွဲစိတ်ကုသခြင်း ပြုလုပ်မရပါက ထာဝစဉ် အာရုံကြောထိခိုက်မှုကိုဖြစ်စေရပါမည်။<br>ဤရောဂါကိုအတည်ပြုရန်<br>အောက်ပါအချက်အလက်အားလုံးကိုက်ညီရပါမည်။<br>(က) အဆိုပါရောဂါရှိကြောင်းကို ဦးနှောက်အာရုံကြောဆရာဝန် သို့ ဦးနှောက်အာရုံကြောခွဲစိတ်ဆရာဝန်မှ အတည်ပြုပေးရပါမည်။<br>(ခ) Meganetic Resonance Imaging, Computerised Tomography သို အခြား တိကျသော ပုံရိပ်ဖေါ်စစ်ဆေးသည့် နည်းလမ်းများဖြင့် အတည်ပြုပြီးဖြစ်ရပါမည်။ |

| | | |
|---|---|---|
| | | အောက်ပါဖြစ်ရပ်များ မပါဝင်ပါ -<br>(က) အရည်အိတ်များ (Cysts)<br>(ခ) Granulomas<br>(ဂ) Vascular malformations<br>(ဃ) သွေးခဲဖြစ်ပေါ်ခြင်း (Haematomas)<br>(င) Pituitary Gland သို့ Spinal Cord တွင်ဖြစ်ပေါ်သော အလုံးအကျိတ်များ<br>(စ) Acoustic Neuroma |
| ၁၇ | ဗိုင်းရပ်စ်ကြောင့်ဖြစ်သော ဦးနှောက်အမြှေးရောင်ရောဂါ (Viral Encephalitis) | ဗိုင်းရပ်စ်ပိုးကူးစက်မှုကြောင့် ဦးနှောက်၏ (cerebral hemisphere, brainstem သို့မဟုတ် cerebellum) တို့တွင် အပြင်းအထန်ရောင်ရမ်း၍ CT သို့မဟုတ် MRI တို့တွင် ဦးနှောက်နှင့်အာရုံကြောထာဝစဉ်ထိခိုက်ခြင်းကို ရှင်းလင်းပြတ်သားစွာ တွေ့မြင်ရခြင်းကိုဆိုလိုပါသည်။ ဤရောဂါကိုအတည်ပြုနိုင်ရန် "နေ့စဉ်အသက်ရှင်နေထိုင်မှုဆိုင်ရာ လှုပ်ရှားမှု" ၆ခု (*) အနက်မှ အနည်းဆုံး ၃ခုကို အနည်းဆုံး ၆ပတ် ဆက်တိုက်ကြာသည်အထိ လုံးဝပြုလုပ်နိုင်ခြင်းမရှိရပါ။ ဦးနှောက်နှင့်အာရုံကြော အထူးကုဆရာဝန်တစ်ယောက်၏ အတည်ပြုထောက်ခံချက်ကို ရယူရန်လည်းလိုအပ်ပါသည်။ |
| ၁၈ | ကျောက်ကပ်တွင်းရေအိတ်ရောဂါ (Medullary Cystic Disease) | ကျောက်ကပ်၏ medulla ဟုခေါ်သောအစိတ်အပိုင်းတွင် မျိုးရိုးလိုက်သောကျောက်ကပ်အိတ်တည်ခြင်း၊ interstitial အလွှာရှိ တစ် ရှူးများထူပြီးပျက်စီးခြင်းတို့ကို ဆိုလိုပါသည်။ သွေးအားနည်းခြင်း၊ ဆီးမကြာခဏသွားခြင်းနှင့် ကျောက်ကပ်မှ sodium စွန့်ထုတ်မှုတို့ကြောင့် နာတာရှည်ကျောက်ကပ်ပျက်စီးခြင်းလက္ခဏာတို့ကို ပြသရန်လိုအပ်ပါသည်။<br>ကျောက်ကပ်ဆိုင်ရာ အသားစယူစစ်ဆေးခြင်းဖြင့် ရောဂါရှာဖွေတွေ့ရှိချက်အား အတည်ပြုရမည်။ |

| | | |
|---|---|---|
| ၁၉ | အရေပြားလေးဘက်နာ ရောဂါနှင့် ကျောက်ကပ်ရောင်ခြင်း (Systemic Lupus Erythematosus with Lupus nephritis) | ခန္ဓာကိုယ်အနှံ့အကြောင်းအမျိုးမျိုးကြောင့် ကိုယ်ခံအားစနစ်က ခန္ဓာကိုယ်ကို ပြန်လည်တိုက်ခိုက်သောရောဂါကို ဆိုလိုပါသည်။ ဤရောဂါနှင့်စပ်လျဉ်း၍ အရေပြားလေးဘက်နာရောဂါဟု အမိပ္ပါယ်ဖွင့်ဆိုရာတွင် (WHO classification နှင့်အညီ အရေပြားလေးဘက်နာရောဂါကြောင့် ကျောက်ကပ်ရောင်ရမ်းခြင်းအဆင့် ၃ မှ အဆင့် ၅ အထိ) ကိုတစ်ုုုး ရှုုးစယူ၍ အရေပြားလေးဘက်နာအထူးကုဆရာဝန်၏ နောက်ဆုံးအတည်ပြုချက်ကို ရယူရန်လိုအပ်ပါသည်။<br>အောက်ပါအချက်တို့ အကျုံးမဝင်ပါ။<br>(a) ကိုယ်ခံအားစနစ်ကြောင့် အရေပြားနှင့်အရိုးအဆစ်တို့တွင်ဖြစ်ပေါ်သော လေးဘက်နာရောဂါများ။<br>WHO classification နှင့်အညီ ကိုယ်ခံအားစနစ်ကြောင့်ဖြစ်ပေါ်သော ကျောက်ကပ်ရောင်ရောဂါဖွင့်ဆိုချက်မှာ<br>အဆင့် (၁) Minimal Change lupus Glomerulonephritis<br>အဆင့် (၂) Mesangial Lupus Glomerulonephritis<br>အဆင့် (၃) Focal Segmental Proliferative Lupus Glomerulonephritis<br>အဆင့် (၄) Diffuse Proliferative Lupus Glomerulonephritis<br>အဆင့် (၅) Membranous Lupus Glomerulonephritis |
| ၂၀ | အခြားပြင်းထန်နှလုံး သွေးလွှတ်ကြောရောဂါ | နှလုံးသွေးကြောဆိုင်ရာခွဲစိတ်ကုသမှု ပြုလုပ်ပြီးဖြစ်စေ၊ မပြုလုပ်ရမီဖြစ်စေနှလုံး၏သွေးကြော ၁ခုတွင် အနည်းဆုံး ၇၅% ကျဉ်းမြောင်း၍ အခြားသွေးကြော ၂ခုတို့တွင် အနည်းဆုံး ၆၀% ကျဉ်းမြောင်းရန် လိုအပ်ပါသည်။ ဤကဲ့သို့ နှလုံးသွေးကြောကျဉ်းရောဂါအတည်ပြုနိုင်ရန်အတွက် နှလုံးသွေးကြောဆိုင်ရာဓါတ်မှန် (Coronary Arteriography) ၏ စစ်ဆေးမှုအတည်ပြုချက်ရယူရန် လိုအပ်ပါသည်။ |

| | | |
|---|---|---|
| | | ဤနေရာတွင်နှလုံးသွေးကြောများသည်ဘယ်ဘက်အဓိကပင်မသွေးကြော၊ ဘယ်ဘက်အရှေ့ဘက်ရှိ အောက်ဖက်သို့ဆင်းသည့်သွေးကြော၊ circumflex နှင့် ညာဘက်နှလုံးသွေးကြောတို့ကို ရည်ညွှန်းပါသည်။ |
| ၂၁ | ဘက်တီးရီးယားကြောင့်ဖြစ်သည့် ဦးနှောက်အမြှေးရောင်ရောဂါ | ဗက်တီးရီးယားကြောင့်ဖြစ်သော ဦးနှောက်နှင့်ဦးနှောက်ကြောရိုးမရှိအပေါ်ယံအလွှာ ပြင်းထန်စွာယောင်ယမ်း၍ ဦးနှောက်နှင့်အာရုံကြော ထာဝစဉ်ချို့ယွင်းမှုဖြစ်မှုကိုဆိုလိုပါသည်။ ဤရောဂါကိုအတည်ပြုနိုင်ရန် "နေ့စဉ်အသက်ရှင်နေထိုင်မှုဆိုင်ရာလှုပ်ရှားမှု" ၆ခု (*) ခုအနက်မှ အနည်းဆုံး ၃ခုကို ၆ပတ်ဆက်တိုက်ကြာသည်အထိ လုံးဝပြုလုပ်နိုင်ခြင်းမရှိရပါ။ ဦးနှောက်ကြောရိုးမှ ထုတ်ယူသောအရည်ကို ပိုးမွေးစစ်ဆေးပြီး ဦးနှောက်နှင့်အာရုံကြောအထူးကုဆရာဝန်၏အတည်ပြုချက်ရယူရန် လိုအပ်ပါ သည်။<br>အောက်ပါအချက်များသည် အကျုံးမဝင်ပါ။<br>HIV ပိုးရှိရင်းစွဲဖြစ်သူထံမှတွေ့ရသော ဗက်တီးရီးယားကြောင့်ဖြစ်သည့် ဦးနှောက်အမြှေးရောင်ရောဂါ |
| ၂၂ | ရုတ်တရက် အသည်းပြင်းထန်ပျက်စီးခြင်း | အသည်းရောင်အသားဝါပိုင်းရပ်စ်ပိုးကြောင့် အသည်း၏တစ်ရှူးဆဲလ်များ လျင်မြန်စွာပျက်စီးကာအသည်း၏လုပ်ငန်းဆောင်တာများ လုံးဝပျက်စီးခြင်းကိုဆိုလိုပါသည်။<br>ဤရောဂါကိုအတည်ပြုနိုင်ရန်အတွက်အောက်ဖော်ပြပါအချက်အလက်များအားလုံးနှင့်ကိုက်ညီရန် လိုအပ်ပါသည်။<br>(က)အသည်းအရွယ်အစား လျင်မြန်စွာ လျော့ကျခြင်း။<br>(ခ) အသည်း၏ ဆဲလ်အစုများအားလုံးပျက်စီး၍ ရက်တီကူလာဖိုင်ဘာဆက်ကြောင်း (Reticular Framework) အပျက်အစီးများသာကျန်ရှိခြင်း<br>(ဂ) အသည်း၏လုပ်ဆောင်မှုစစ်ဆေးမှုများ လျင်မြန်စွာ ယိုယွင်းလာခြင်း၊ |

| | | |
|---|---|---|
| | | (ဃ) သိသာထင်ရှားစွာ အသားဝါခြင်း<br>(င) အသည်းရောဂါမှတဆင့် ဦးနှောက်၏ လုပ်ငန်းဆောင်တာပါ ပျက်စီးယိုယွင်းခြင်း<br>အောက်ပါတို့အကျုံးဝင်ခြင်းမရှိပါ-<br>(က) မိမိကိုယ်ကိုသေကြောင်းကြံစည်မှု၊ အဆိပ်အတောက်၊ ဆေးဝါးများလွန်ကဲစွာသောက်သုံးမှု၊ အရက်စသည်တို့ကြောင့် ဖြစ်သော အသည်းရောင်ရောဂါ။ |
| ၂၃ | ပိုလီယိုရောဂါ | ပိုလီယိုပိုင်းရပ်စ်ပိုးသည် ခြေလက်ကြွက်သားများ သို့မဟုတ် အသက်ရှုလမ်းကြောင်းဆိုင်ရာ ကြွက်သားများ သွက်ချာပါဒ ဖြစ်ရသည့်အကြောင်းရင်းအဖြစ် ခွဲခြားသတ်မှတ်ထားပြီး အနည်းဆုံး ၃ လအထိ ဆက်ရှိနေရမည် ဖြစ်သည်။ |
| ၂၄ | ပြင်းထန်သော နှလုံးကြွက်သားထူသည့်ရောဂါ | ဤရောဂါကိုအတည်ပြုရန်အတွက် နှလုံးအထူးကုဆရာဝန်၏ နှလုံးသွေးလွှတ်ခန်းလုပ်ဆောင်ချက် ထာဝစဉ်ထိခိုက်ပျက်စီးကြောင်းအတည်ပြုရန်နှင့် New York နှလုံးဆိုင်ရာအဖွဲ့အစည်း၏ နှလုံးလုပ်ငန်းဆောင်တာချို့ယွင်းမှု အဆင့် သက်မှတ်ချက်တွင် အနည်းဆုံး အဆင့်၄နှင့် ကိုက်ညီရန်လိုအပ်ပါသည်။<br>နှလုံးအထူးကုဆရာဝန်ထံမှ Echo ရလဒ်အပါအဝင် အခြားလိုအပ်သောစစ်ဆေးမှုတို့ဖြင့် အတည်ပြုရန် လိုအပ်ပါသည်။<br>New York နှလုံးဆိုင်ရာအဖွဲ့အစည်း ၏ နှလုံးလုပ်ငန်းဆောင်တာချို့ယွင်းမှု အဆင့်၄ကို သတ်မှတ်ရာ တွင် လူနာ သည်ဆေးဝါးနှင့် စားသောက်နေထိုင်မှုပုံစံ ပြုပြင်သော်လည်း နေ့စဉ်လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာတွင်နှလုံးရောဂါ၏လက္ခဏာကိုခံစားရခြင်းနှင့် ဆေးစစ်ချက်ဓါတ်ခွဲခန်းအဖြေလွှာတွင် နှလုံးသွေးလွှတ်ခန်း၏ လုပ်ဆောင်ချက်ပုံမှန်မဟုတ်ခြင်းတို့ကို အတည်ပြုနိုင်ရန်လိုအပ်ပါသည်။<br>အရက် (သို့မဟုတ်) မူးယစ်ဆေးသုံးစွဲမှုကြောင့်ဖြစ်သော နှလုံးကြွက်သားထူရောဂါသည် အကျုံးမဝင်ပါ။ |

| | | |
|---|---|---|
| ၂၅ | နာတာရှည်သွေးဆဲလ်ထုတ်မှု အားနည်းခြင်းရောဂါ | အောက်ဖော်ပြပါ ကုသမှုများအနက် အနည်းဆုံး (၂) ခု လိုအပ်သော သွေးအားနည်းခြင်း၊ သွေးဖြူဥဆဲလ်နည်းခြင်း နှင့် ပန်းကန်ပြားပုံသွေးကလာပ်စည်းနည်းခြင်းတို့ကို ဖြစ်ပေါ်စေသည့် ပြန်ပြောင်း၍မရနိုင်သော ရာသက်ပန် ရိုးတွင်းခြင်ဆီချို့ယွင်းချက်။<br>(က)ပုံမှန်သွေးသွင်းခြင်း၊<br>(ခ)ခြင်ဆီလှုံ့ဆော်ပေးသော ပစ္စည်းများ၊<br>(ဂ)ခုခံအားနှိမ် ဆေးဝါးများ၊ သို့မဟုတ်<br>(ဃ)ရိုးတွင်းခြင်ဆီအစားထိုးကုသခြင်း။<br>ရောဂါရှာဖွေတွေ့ရှိမှုအား ရိုးတွင်းခြင်ဆီစစ်ဆေးခြင်းနှင့် သွေးရောဂါ အထူးကုဆရာဝန်က အတည်ပြုရပါမည်။ |
| ၂၆ | ကူးစက်တတ်သော နှလုံးခန်းအမြှေးပါးပိုးဝင်ခြင်း (Infective Endocarditis) | အောက်ဖော်ပြပါအချက်များအားလုံးနှင့်ကိုက်ညီသည့် ကူးစက်ရောဂါပိုးများကြောင့်ဖြစ်ပေါ်လာသော နှလုံးကြွက်သား၏အတွင်းလွှာများရောင်ယမ်းခြင်း-<br>(က)ကူးစက်နိုင်သော ပိုး(များ) ရှိနေကြောင်း သက်သေပြသည့် သွေးတွင်းပိုးမွေးမြူရာတွင် ပိုးရှိကြောင်း တွေ့ရှိခြင်း၊<br>(ခ)ကူးစက်တတ်သော နှလုံးခန်းအမြှေးပါးပိုးဝင်ခြင်း ဖြစ်စေ တတ်သော အနည်းဆုံးအားဖြင့် အလယ်အလတ် နှလုံးအဆို့ရှင် အားနည်းခြင်း (20% သို့မဟုတ် အထက် ပြန်ထွက်သည်ဟု အဓိပ္ပာယ်ရသည်) သို့မဟုတ် နှလုံးအဆို့ရှင် အလယ်အလတ် ကျဉ်းမြောင်းခြင်း (နှလုံးအဆို့ရှင်ဧရိယာသည် ပုံမှန်ဧရိယာ၏ 30% သို့မဟုတ် ယင်းအောက်ရှိခြင်း)၊ နှင့်<br>(ဂ) ကူးစက်တတ်သော နှလုံးခန်းအမြှေးပါးပိုးဝင်ခြင်း၏ ရောဂါရှာဖွေတွေ့ရှိမှုနှင့် အဆို့ရှင်ချို့ယွင်းမှု၏ ပြင်းထန်မှုကို နှလုံးအထူးကုဆရာဝန်က အတည်ပြုသည်။ |

(*) "**နေ့စဉ်ရှင်သန်နေထိုင်မှုဆိုင်ရာ**" လှုပ်ရှားမှုခြောက်ခုတွင် ပါဝင်သည်မှာ-

၁။ အထိန်းအချုပ်တစ်ခု သို့မဟုတ် ခြေတုလက်တု သို့မဟုတ် အခြားသော ခွဲစိတ်ခန်းသုံးပစ္စည်းများ အားလုံးကို သင့်လျော်သလို ဝတ်ဆင်ခြင်း၊ ချွတ်ခြင်း၊ ချည်နှောင်ခြင်းနှင့် ဖြည်ခြင်းအား ပြုလုပ်နိုင်စွမ်း။

၂။ အိမ်အတွင်း ပြန့်ပြူးသောမျက်နှာပြင်များပေါ် ရှိ အခန်းတစ်ခုမှ တစ်ခုသို့ ရွှေ့ပြောင်းနိုင်စွမ်ရှိခြင်း။

၃။ ကုတင်မှ မတ်တတ်ကုလားထိုင် သို့မဟုတ် ဘီးတပ်ကုလားထိုင်သို့ အပြန်အလှန် ရွှေ့ပြောင်းနိုင်စွမ်းရှိခြင်း။

၄။ ကျေနပ်ဖွယ်တစ်ကိုယ်ရေသန့်ရှင်းရေးအဆင့်အား ထိန်းသိမ်းထားနိုင်ရန် သန့်စင်ခန်းကို အသုံးပြုခြင်း သို့မဟုတ် အခြားနည်းအားဖြင့် ဝမ်းနှင့် ဆီးအိမ်လုပ်ငန်းဆောင်တာများကို စီမံခန့်ခွဲနိုင်ခြင်း။

၅။ အစားအသောက်ပြင်ဆင်ပြီးသည်နှင့် ရရှိလာသောအခါတွင် မိမိကိုယ်တိုင် စားသောက်နိုင်စွမ်းရှိခြင်း။်။

၆။ ရေချိုးနိုင်စွမ်း (ရေချိုးခန်း သို့မဟုတ် ရေချိုးခန်းတွင်းသို့ ဝင်ခြင်းနှင့် ထွက်ခြင်းအပါအဝင်) သို့မဟုတ် အခြားနည်းလမ်းဖြင့် စိတ်ကျေနပ်စွာဆေးကြောနိုင်ခြင်း။

# နောက်ဆက်တွဲ ၂

၁။ မတော်တဆ သေဆုံးမှုနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများ ပျက်စီးခြင်းဆိုင်ရာ အကျိုးခံစားခွင့်များ

၁.၁ အသက်အာမခံထားသူသည် မတော်တဆမှုတစ်ခုတွင် မသန်စွမ်းသူဖြစ်ခဲ့ပါက မတော်တဆ သေဆုံးမှုများ သို့မဟုတ် ခန္ဓာကိုယ်အစိတ်အပိုင်းများ ပျက်စီးခြင်းဆိုင်ရာ အဆင့်မြင့်အကျိုးခံစားခွင့်၏ အကျုံးဝင်မှုကာလအတွင်း အသက်အာမခံထားသူသည် မတော်တဆမှုတစ်ခုကြောင့် ခြေလက်ပြတ်တောက်ပြီး ထိခိုက်ဒဏ်ရာရပါက Chubb Life သည် အာမခံအကျိုးခံစားခွင့်ရှိသူကို အောက်ပါ မတော်တဆမှုကြောင့် ခန္ဓာကိုယ်အစိတ်အပိုင်းများ ပျက်စီးခြင်းဆိုင်ရာဇယားတွင်ဖော်ပြထားသည့်အတိုင်း ဖြည့်စွက်အကျိုးခံစားခွင့်များ၏ အာမခံငွေပမာဏ၏ ရာခိုင်နှုန်းတစ်ခုအဖြစ် အာမခံလျော်ကြေးငွေကို ပေးချေမည်ဖြစ်သည်-

| ခန္ဓာကိုယ်အစိတ်အပိုင်းပျက်စီးမှု အမျိုးအစား | AD&D SA ရာခိုင်နှုန်း |
|---|---|
| လက် ၂ ဖက် | ၁၀၀% |
| ခြေထောက် ၂ ဖက် | ၁၀၀% |
| လက် ၁ ဖက်နှင့် ခြေထောက် ၁ဖက် | ၁၀၀% |
| လက်မောင်း ၁ ဖက်နှင့် မျက်လုံး ၁ လုံး ထုတ်ရခြင်း | ၁၀၀% |
| ခြေထောက် ၁ ဖက်နှင့် မျက်လုံး ၁ ဖက် ဖယ်ထုတ်ရခြင်း | ၁၀၀% |
| မျက်လုံး ၂ လုံးဖယ်ထုတ်ရခြင်း | ၁၀၀% |
| ခြေထောက် ၁ ဖက် | ၅၀% |
| လက် ၁ ဖက် | ၅၀% |
| မျက်လုံး ၁ လုံးဖယ်ထုတ်ရခြင်း | ၅၀% |

အထက်ပါ ဖော်ပြထားသည့် မတော်တဆမှုကြောင့် ခန္ဓာကိုယ်အစိတ်အပိုင်းများ ပျက်စီးခြင်းနှင့် ထာဝစဉ်မသန်မစွမ်းဖြစ်ခြင်းသည် အမြင်အာရုံတစ်ဖက်/လုံးဝဆုံးရှုံးခြင်းနှင့် ခြေလက်အင်္ဂါများကို

အသုံးပြု၍မရခြင်းတို့မှာ လုံးဝပြန်လည် မကောင်းမွန်နိုင်တော့ပါဟု သတ်မှတ်ရမည်။ အဆိုပါ ချွတ်ယွင်းချက်သည် ရက်ပေါင်းကိုးဆယ် (၉၀) ထက်မနည်း ဆက်တိုက်ဖြစ်နေရမည်။

"**ထာဝစဉ်**" ဟူသည့် စကားရပ်သည် လက်ရှိဆေးဘက်ဆိုင်ရာ အသိပညာနှင့် နည်းပညာများဖြင့် ပြန်လည်ကောင်းမွန်လာနိုင်သည့် မျှော်လင့်ချက်ထက် ကျော်လွန်ပြီး အာမခံထားသူ၏ ဘဝတစ်သက်တာလုံး ကြာမြင့်သွားမည်ဟု မျှော်လင့်ထားသည်ကို ဆိုလိုခြင်းဖြစ်သည်။ မသန်းမစွမ်းဖြစ်ပေါ်ခြင်းအတွက် အာမခံထားသူကို စောင့်ရှောက်မှုပေးနေသော ဆရာဝန် တစ်(၁) ဦးနှင့် ကုမ္ပဏီ၏ ဆေးဘက်ဆိုင်ရာ အရာရှိမှ ခန့်အပ်ထားသော တရားဝင် ဆရာဝန် တစ်(၁) ဦး၊ အနည်းဆုံး ဆရာဝန် (၂) ဦးတို့က စစ်ဆေး၍ အသိအမှတ် ပြုရမည်ဖြစ်သည်။

အကယ်၍ တူညီသော မတော်တဆမှုကြောင့် နှစ်ခု သို့မဟုတ် ထို့ထက်ပိုသော ထိခိုက်ဒဏ်ရာ ရရှိပါက Chubb Life Insurance Myanmar မှ အဆိုပါ ထိခိုက်ဒဏ်ရာ စုစုပေါင်းအတွက် ပေးလျော်မည်ဖြစ်သည်၊ သို့သော် အများဆုံးပမာဏမှာ အာမခံငွေပမာဏ၏ ၁၀၀% ထက် မပိုစေရပါ။ မတော်တဆမှုကြောင့် ခန္ဓာအစိတ်အပိုင်းများ ပျက်စီးခြင်းဆိုင်ရာ အာမခံလျော်ကြေးငွေ တောင်းဆိုမှု(များ)သည် မူလအာမခံအစီအစဉ်၏ အကျုံးဝင်မှုနှင့် အခြားသော နောက်ဆက်တွဲ အာမခံအကျိုးခံစားခွင့်များကို ရပ်ဆိုင်းမည်မဟုတ်ပါ။

၁.၂ အသက်အာမခံထားသူသည် မတော်တဆမှုတစ်ခုကြောင့် သေဆုံးခဲ့ပါက

၁.၂.၁ အများပြည်သူသယ်ယူပို့ဆောင်ရေးယာဉ်ပေါ်တွင် ခရီးသည်တစ်ဦးအနေဖြင့် မတော်တဆမှု ဖြစ်ပွားပြီးနောက် ရက်ပေါင်း (၁၈၀) အတွင်း အသက်အာမခံထားသူသေဆုံးပါက မတော်တဆ သေဆုံးမှုနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းပျက်စီးမှု အာမခံအကျိုးခံစားခွင့် အာမခံတန်ဖိုး၏ နှစ် (၂) ဆ၊ ဤအာမခံအကျိုးခံစားခွင့်သည် မြန်မာနိုင်ငံအတွင်း ဖြစ်ပွားသော မတော်တဆဖြစ်ပွားမှုများနှင့်သာ သက်ဆိုင်ပါသည်။

၁.၂.၂ မြန်မာနိုင်ငံတွင် တရားဝင် လည်ပတ်နေသော ခရီးသွားလုပ်ငန်းတစ်ခုမှ စီစဉ်သည့် နိုင်ငံရပ်ခြားခရီးစဉ်တွင် နိုင်ငံရပ်ခြားခရီးသွားလာစဉ် အသက်အာမခံထားသူသည် မတော်တဆဖြစ်သည့်နေ့မှ ရက်ပေါင်း (၁၈၀) အတွင်း သေဆုံးပါက မတော်တဆသေဆုံးမှုနှင့် ခန္ဓာကိုယ်အစိတ်အပိုင်း ပျက်စီးမှု အာမခံအကျိုးခံစားခွင့် အာမခံတန်ဖိုး၏ သုံး (၃) ဆ။ နိုင်ငံရပ်ခြားဆိုသည်မှာ မြန်မာနိုင်ငံပြင်ပရှိ အခြားနိုင်ငံတစ်ခုခုကို ဆိုလိုသည်။ သို့သော် အသက်အာမခံထားသူသည် မြန်မာနိုင်ငံပြင်ပတွင် ရက်ပေါင်းကိုးဆယ် (၉၀ ) ဆက်တိုက် နေထိုင်ပါက သို့မဟုတ် ခရီးသွားလာပါက ဤအာမခံအကျိုးခံစားခွင့်ကို ပေးလျော်မည် မဟုတ်ပါ။

၁.၂.၃ အာမခံထားသူသည် အပိုဒ်ခွဲ ၁.၂.၁ သို့မဟုတ် ၁.၂.၂ တွင် မဖော်ပြထားသော မတော်တဆမှုတစ်ခုကြောင့် သေဆုံးခဲ့ပါက မတော်တဆသေဆုံးမှုနှင့် ခန္ဓာကိုယ်အစိတ်အပိုင်း ပျက်စီးမှုအကျိုးခံစားခွင့် အာမခံထားငွေ ပမာဏ။

၁.၂.၄ မတော်တဆမှုတစ်ခုကြောင့် အာမခံထားသူ သေဆုံး၍ အာမခံလျော်ကြေးငွေ ပေးချေသည့်အခါ Chubb Life သည် စည်းကမ်းသတ်မှတ်ချက် အပိုဒ် ၁.၁ နောက်ဆက်တွဲ ၂ တွင် ဖော်ပြထားသည့်အတိုင်း မတော်တဆမှုကြောင့် ခန္ဓာကိုယ်အစိတ်အပိုင်းများ ပျက်စီးမှုအတွက် Chubb Life မှ ယခင်ပေးချေထားသော ပမာဏကို နုတ်ယူမည်ဖြစ်သည်။

၁.၂.၅ Chubb Life သည် မတော်တဆသေဆုံးမှု သို့မဟုတ် ခန္ဓာကိုယ်အစိတ်အပိုင်းပျက်စီးမှု အဆင့်မြင့်အကျိုးခံစားခွင့်များ၏ အာမခံထားငွေ ပမာဏ၏ ၁၀၀% သို့မဟုတ် ထို့ထက်ပို၍ ပေးချေခဲ့ပါက အပိုဒ် ၁ နောက်ဆက်တွဲ ၂ ပါ မတော်တဆသေဆုံးမှု သို့မဟုတ် ခန္ဓာကိုယ်အစိတ်အပိုင်းပျက်စီးမှု အကျိုးခံစားခွင့်များ အလိုအလျောက် ရပ်စဲသွားပါသည်။

၁.၂.၆ မတော်တဆသေဆုံးမှု သို့မဟုတ် ခန္ဓာကိုယ်အစိတ်အပိုင်းပျက်စီးမှု အကျိုးခံစားခွင့်များ အောက်တွင် ပေးလျော်ရမည့် အများဆုံးအကျိုးခံစားခွင့်ပမာဏမှာ မြန်မာကျပ်ငွေ ၂၀၀,၀၀၀,၀၀၀ (သိန်းနှစ်ထောင်) အထိသာ ကန့်သတ်ထားပါသည်။

၂။ ဆေးရုံတက်ခြင်းဆိုင်ရာ အကျိုးခံစားခွင့်များ

၂.၁။ ဆေးရုံတက်ခြင်းဆိုင်ရာ အကျိုးခံစားခွင့်များ၏ အကျုံးဝင်သည့်ကာလအတွင်း အာမခံထားသူသည် ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးရုံတက်ရောက်ပြီး အာမခံထားသူသည် မြန်မာနိုင်ငံအတွင်းတွင်ဖြစ်ပွားပြီး အောက်ပါအခြေအနေများအားလုံးနှင့် ကိုက်ညီပါက Chubb Life သည် အကျိုးခံစားခွင့်ရှိသူအား ဆေးရုံတက်ခြင်းဆိုင်ရာ အကျိုးခံစားခွင့် အာမခံငွေပမာဏနှင့် ညီမျှသော တစ်ရက်အပြည့် ဆေးရုံတက်ရက်တိုင်းအတွက် အာမခံလျော်ကြေးငွေကို ပေးချေမည်ဖြစ်သည်။

၂.၁.၁။ အာမခံထားသူသည် ဆေးဘက်ဆိုင်ရာ အကြောင်းပြချက်များ ဆိုလိုသည်မှာ ဖျားနာခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာကြောင့် မြန်မာနိုင်ငံတွင်းရှိ ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးရုံတင်ထားရခြင်း၊

၂.၁.၂။ ဖျားနာခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာကြောင့် ပုံမှန်လူနာဆောင်တွင် ဆေးရုံတက်ခြင်းအတွက်၊ အနည်းဆုံး (၃) ရက် ဆေးရုံတက်ရောက်ရန်လိုအပ်ပါသည်။ ၎င်း (၃) ရက်ကို ဆေးရုံတက်ခြင်းဆိုင်ရာ အကျိုးခံစားခွင့် စုစုပေါင်းရက်အရေအတွက်မှ နုတ်ယူမည်ဖြစ်သည်။ မတော်တဆဖြစ်မှုများကြောင့် ဆေးရုံတက်ကုသခြင်းအတွက် အနည်းဆုံး ဆေးရုံတက်ရက် မရှိပါ၊

၂.၁.၃။ အထက်ပါ နောက်ဆက်တွဲ (၂) ရှိ အပိုဒ်ခွဲ (၂.၁.၁) နှင့် (၂.၁.၂) ပါ အခြေအနေများအရ အာမခံထားသူ ICU သို့တက်ရောက်သည့် နေ့တိုင်းအတွက် ဆေးရုံတက်ခြင်းဆိုင်ရာ အကျိုးခံစားခွင့်၏ အာမခံထားငွေ ပမာဏ၏ (၃) ဆ၊ နှင့်

၂.၁.၄။ ဒဏ်ရာ/နာမကျန်းမှုတစ်ခုစီအတွက် Chubb Life Myanmar သည် နောက်ဆက်တွဲ (၂) ၏ အပိုဒ်ခွဲ ၂.၁.၃ အရ ICU ရက်ပေါင်း (၃၀) အပါအဝင် ဆေးရုံတက်ခြင်းဆိုင်ရာ အကျိုးခံစားခွင့် အများဆုံး ရက်ပေါင်း (၉၀) အထိ ပေးချေမည်ဖြစ်သည်။

၂.၂။ ဖြစ်ရပ်တိုင်းတွင် Chubb Life သည် ဆေးရုံတက်ခြင်းဆိုင်ရာ အဆင့်မြင့်အကျိုးခံစားခွင့်များ၏ အကျုံးဝင်သောသက်တမ်းအတွင်း အများဆုံး တစ်ရက်အပြည့်ဆေးရုံတက်ရက်ပေါင်း သုံးရာ့ခြောက်ဆယ် (၃၆၀) အပြည့်ထိ ပေးချေမည်ဖြစ်သည်။

၃။ အထူး ဆေးရုံတက်ခြင်းဆိုင်ရာ အကျိုးခံစားခွင့်

ဆေးရုံတက်ခြင်းဆိုင်ရာ အကျိုးခံစားခွင့်များ အကျုံးဝင်သည့်ကာလအတွင်း အာမခံထားသူသည် ICU သို့တက်ရောက်ရပါက ၊ သို့မဟုတ် မြန်မာနိုင်ငံအတွင်း ကျောရိုးထဲသို့ ထုံဆေးထိုးသွင်းခြင်း သို့မဟုတ် မေ့ဆေးပေးခြင်းဖြင့် လိုအပ်သော ခွဲစိတ်မှု ခံယူရပါက Chubb Life သည် အကျိုးခံစားခွင့်ရှိသူအား ဆေးရုံတက်ခြင်းဆိုင်ရာ အကျိုးခံစားခွင့်၏ အာမခံထားငွေပမာဏ၏ ဆယ်(၁၀) ဆနှင့် ညီမျှသော အာမခံလျော်ကြေးငွေကို ပေးချေမည်ဖြစ်သည်။

၃.၁။ ဒဏ်ရာ သို့မဟုတ် ဖျားနာမှုတစ်ခုအတွက် အထူးဆေးရုံတက်ခြင်းဆိုင်ရာ အကျိုးခံစားခွင့်တစ်ခုသာ ပေးချေမည်ဖြစ်သည်။

၃.၂။ အထူးဆေးရုံတက်ခြင်းဆိုင်ရာ အကျိုးခံစားခွင့်သည် အာမခံထားသူ၏ တစ်သက်တာတွင် သုံး(၃)ကြိမ် အတွက်သာ ပေးချေမည်ဖြစ်သည်။

၃.၃။ အထူးဆေးရုံတက်ခြင်းဆိုင်ရာ အကျိုးခံစားခွင့် တစ်ခုစီ၏ အာမခံငွေတောင်းဆိုမှုတစ်ခုပြီးနောက် တစ်နှစ်စောင့်ဆိုင်းကာလရှိပြီး ယင်းကာလအတွင်း Chubb သည် တောင်းဆိုမှုကို ပေးချေမည်မဟုတ်ပါ။

၄။ ပြင်းထန်ရောဂါဆိုင်ရာ အကျိုးခံစားခွင့်

၄.၁။ ပြင်းထန်ရောဂါဆိုင်ရာ အကျိုးခံစားခွင့် အကျုံးဝင်သည့်ကာလအတွင်း အာမခံထားသူတွင် ဤစည်းကမ်းသတ်မှတ်ချက်များ၏ နောက်ဆက်တွဲ ၁ ၌ ဖော်ပြထားသည့် ပြင်းထန်ရောဂါ နှစ်ဆယ့်ခြောက် (၂၆) ခုစာရင်းအောက်ရှိ ပြင်းထန်ရောဂါများနှင့် အပိုဒ်ခွဲ ၁.၁၁ တွင် ဖော်ပြထားသည့်အတိုင်း ပြင်းထန်ရောဂါ ရှိသည်ဟု ဆရာဝန်မှစစ်ဆေးတွေ့ရှိပြီး ပြင်းထန်ရောဂါကိုရှာဖွေတွေ့ရှိသည့်နေ့မှ အနည်းဆုံး ရက်ပေါင်း (၃၀ ) အထိ သက်ရှိထင်ရှားရှိနေပါက

Chubb Life သည် ဤနောက်ဆက်တွဲအကျိုးခံစားခွင့်၏ အာမခံထားငွေပမာဏနှင့် ညီမျှသောအာမခံလျော်ကြေးငွေကို ပေးလျော်မည်ဖြစ်သည်။

၄.၂။ ပြင်းထန်ရောဂါ အကျိုးခံစားခွင့်၏အာမခံငွေတောင်းဆိုမှုသည် အာမခံထားသူအား ပေးချေပြီးနောက်တွင် ရပ်ဆိုင်းပါမည်။

၅။ ပရီမီယံအကျိုးခံစားခွင့်ကို စွန့်လွှတ်ခြင်း

ပရီမီယံအကျိုးခံစားခွင့်ကို စွန့်လွှတ်ခြင်း အားအကျုံးဝင်သည့်ကာလအတွင်း၊ အပိုဒ်ခွဲ ၁.၁၁ တွင် ဖော်ပြထားသည့်အတိုင်း အာမခံထားသူတွင် ပြင်းထန်ရောဂါတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ရောဂါရှိနေသည်ဟု ဆရာဝန်များက စစ်ဆေးတွေ့ရှိပါက Chubb Life သည် အာမခံထားသူ အသက်ခြောက်ဆယ့်ငါး (၆၅ ) နှစ် ပြည့်သည်အထိ ပရီမီယံကြေးကို စွန့်လွှတ်မည်ဖြစ်သည်။ ပြီးလျှင် တူညီသော ပရီမီယံငွေပေးချေမှုအကြိမ်ရေတွင် ရပ်စဲခြင်းမပြုသည့် အခြေခံအကျိုးခံစားခွင့်အတွက် ပုံသေအချိန်ကာလအလိုက် ပရီမီယံကြေး နှင့် ညီမျှသောပမာဏကို ပေါ်လစီပိုင်ရှင်၏အကောင့်သို့ ပေးသွင်းမည်ဖြစ်သည်။

၆။ ပေးဆောင်သူက ပရီမီယံကြေးကင်းလွတ်ခွင့် အကျိုးခံစားခွင့်များ

ပေးဆောင်သူက ပရီမီယံကြေး ကင်းလွတ်ခွင့် အကျိုးခံစားခွင့်များအား ပရီမီယံကြေးကင်းလွတ်ခွင့် အကျိုးခံစားခွင့်များ အကျုံးဝင်သည့်ကာလအတွင်း

- သေဆုံးခဲ့လျှင်၊ သို့မဟုတ်
- ရာသက်ပန် မသန်စွမ်းဖြစ်ခဲ့လျှင်၊ သို့မဟုတ်
- အပိုဒ်ခွဲ ၁.၁၁တွင် ဖော်ပြထားသည့်အတိုင်း ပြင်းထန်ရောဂါ တစ်ခု သို့မဟုတ် တစ်ခုထက် ပိုရှိကြောင်း ဆရာဝန်များက စစ်ဆေးတွေ့ရှိခဲ့လျှင်

Chubb Life သည် အခြေခံအကျိုးခံစားခွင့်၏ အာမခံထားသူ အသက် နှစ်ဆယ့်နှစ်နှစ် (၂၂ ) နှစ် ပြည့်သည်အထိ သို့မဟုတ် ဤပေါ်လစီထုတ်ပြန်ပြီးနောက် ငါးနှစ်အကြာတွင် (မည်သည်က နောက်မှဖြစ်သည့်အချိန်တွင်မဆို) ပရီမီယံကြေးကို ကင်းလွတ်ခွင့်ပေးမည်ဖြစ်သည်၊ ပြီးလျှင် တူညီသော ပရီမီယံငွေပေးချေမှုအကြိမ်ရေတွင် ရပ်စဲခြင်းမပြုသည့် အခြေခံအကျိုးခံစားခွင့်အတွက် ပုံသေအချိန် ကာလအလိုက် ပရီမီယံကြေး နှင့် ညီမျှသောပမာဏကို ပေါ်လစီပိုင်ရှင်၏အကောင့်သို့ ပေးသွင်းမည် ဖြစ်သည်။

ပရီမီယံကြေးကင်းလွတ်ခွင့် အကျိုးခံစားခွင့်များ၏ အာမခံထားသူသည် ရာသက်ပန်အသက်အာမခံပေါ်လစီ၏ အကျိုးခံစားခွင့်ရှိသူဖြစ်ရမည်၊ ပြီးလျှင် ရာသက်ပန်အသက်အာမခံပေါ်လစီ အာမခံထားသူ၏ တရားဝင်မိဘအရင်းများ၊ တရားဝင်မွေးစားမိဘများ သို့မဟုတ် တရားဝင်အုပ်ထိန်းသူများဖြစ်ရပါမည်။